www.burmeseclassic.com

သိန်းမင်းစာပေ ဆုအဋ္ဌလီကာလောင်ခဲ့ လုံးချင်းဝတ္ထုသစ်

# ရွှေဒဂုံ

# ကျောက်ရုပ်ငိုသောည



ပန်းရှိသိန်း ရွှေကြည်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၁၃၄၈/၂၀၀၃ (၁၀)
မျက်နှာဖုံးခွင့်ပြုချက် ၃/၂၀၀၄ (၁)

ပထမအကြိမ်၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ
အုပ်ရေ ၅၀၀

❒

**အဖုံးပန်းချီ**
သိန်းရွှေကြည်၊ Sun

❒

**ထုတ်ဝေသူ**
ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ် ၆၃၊ ဩဘာလမ်း၊
ကျောက်မြောင်းတာမွေ။

❒

**အတွင်းပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❒

**အဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❒

**တန်ဖိုး** ၁၀၀ ကျပ်

❒

**ကွန်ပျူတာ**



# ကျောက်ရုပ်ငိုသောည

## ရွှေအဥ္စလီ

**သိန်းမင်းစာပေ**

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



BURMESE CLASSIC



ထိုညက ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်ကာ မိုးတွေသဲသဲမဲမဲရွာလေ၏။ ထိုနေ့က ရာသီဥတုမကောင်းတာကြောင့် သူကုမ္ပဏီမှ စောစောပြန်လာခဲ့လိုက်၏။ ရာသီဥတုက အေးစိမ့်တာမို့ အိမ်ရောက်တာနှင့် သူ့တပည့်မောင်ထူးက သူ့အတွက်ကော်ဖီပူတစ်ခွက် ဖျော်ကာ အခန်းထဲပို့ပေးသည်။

တကယ်တော့ သူသည်(ဟန်)ကုမ္ပဏီကြီး၏ ဒါရိုက်တာတစ်ယောက်ဖြစ်၏။ ကုမ္ပဏီပိုင်ရှင်သူဌေးဖြစ်သော သူ၏ဒက်ဒီသည် ယခုအခါတွင် နိုင်ငံခြားသွားနေသည်။ သူ့မှာအမေမရှိတော့။ သူ့ကို မွေးပြီးချိန်မှာပင် ဆုံးပါးခဲ့၏။

ထို့ကြောင့် ဒီလောကကြီးမှာ အရင်းနှီးဆုံးလူသားဟူ၍ သူနှင့် ဒက်ဒီသာရှိလေ၏။

သို့သော် သူနှင့်ဒက်ဒီက ဝါသနာချင်းမတူပါ။ သူသည် ကုမ္ပဏီအလုပ်ကို ဖခင်၏အမွေအဖြစ် ဆက်ခံနေရသော်လည်း သူ့တကယ်တမ်းဝါသနာပါတာက ရှေးဟောင်းပစ္စည်းများ စုဆောင်းခြင်းဖြစ်၏။ သူ့ဒက်ဒီကတော့ အားလျှင်ဂေါ့ဖ်ရိုက်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ညစာထမင်းစားပြီးတာနှင့် သူသည် သုဝါသနာပါ ရာ ရှေးဟောင်းပစ္စည်းများ စုဆောင်းထားသောအခန်းကျယ်ကြီးထဲသို့ ရောက်ခဲ့သည်။ အနှစ်နှစ်အလလက စုဆောင်းထားသောရှေးဟောင်း ပစ္စည်းများမှာ အခန်းကျယ်ကြီးတွင် သူ့နေရာနှင့်သူ စနစ်တကျရှိ နေ၏။

သူက မကြာသေးခင်ကမှရထားသော ရှေးဟောင်းပစ္စည်းတ ချို့ကို မှန်ဘီလူးဖြင့် တစ်ခုချင်းအသေးစိတ်ကြည့်နေမိ၏။ သူသည် ရှေးဟောင်းပစ္စည်းများထဲတွင် ဘယ်လောက်များနစ်မျောနေသည်မသိ အပြင်ဘက်မှအခန်းတံခါးခေါက်သံကို တော်တော်နှင့် သတိမထား မိလိုက်။

"ခေါက် ခေါက်"

မိုးချုန်းသံတို့နှင့်အတူ ကျယ်လောင်သောအခန်းတံခါးခေါက်သံ ကြောင့် သူသတိပြန်ဝင်လာချိန်မှာ–

"ဘယ်သူလဲဟေ့"

"ကျွန်တော်ပါ ဆရာ"

"သြော် မောင်တူးလား၊ ဝင်ခဲ့လေ"

ထိုအခါမှ မောင်တူးက တံခါးကိုညင်သာစွာဖွင့်လျက် ဝင်လာ ၏။ သူ့အနားရောက်တော့ မောင်တူးကခပ်ယို့ယို့ရပ်သည်။

"ဘာကိစ္စလဲ မောင်တူး"

"ဟို အပြင်ဘက်မှာ ဧည့်သည်တစ်ယောက်ရောက်နေပါတယ် ဆရာ"





"ဘယ်သူလဲ"

သူမေးရင်း မျက်ခုံးထူများကို မသိမသာတွန့်လိုက်မိ၏။ ဒီ လောက် မိုးသည်းကြီးထဲမှာ ဘယ်လိုပုဂ္ဂိုလ်များ အိမ်လာပါလိမ့်။

သူမေးတော့ မောင်တူးကလည်း ခေါင်းခါ၏။

"ကျွန်တော်မသိဘူး ဆရာ၊ ဧည့်သည်က အဘိုးကြီးတစ် ယောက်ပါ၊ ဆရာ့ကို ရှေးဟောင်းပစ္စည်းတစ်ခုပြချင်လို့တဲ့"

"ဘာ ရှေးဟောင်းပစ္စည်းပြမလို့ ဟုတ်လား၊ ဒါများ မြန်မြန် ပြောတာမဟုတ်ဘူးကွာ၊ ကဲ ကဲ ဧည့်သည်ဖို့ ကော်ဖီပူပူတစ်ခွက် ဖျော်ခဲ့၊ ငါ သွားတွေ့လိုက်ဦးမယ်"

"ဟုတ်ကဲ့ ဆရာ"

သွက်လက်စွာထသွားသော သူ့ဆရာကိုကြည့်ပြီး မောင်တူးက ခေါင်းအသာခါယမ်း၏။ သုဝါသနာပါသော ရှေးဟောင်းပစ္စည်းဆိုတာ နှင့် ဆူပူဖို့ပင်သတိမရတော့။ သာမန်အတိုင်းသာဆိုလျှင် သူ့ဒီအခန်းထဲ ဝင်နေချိန်မှာ လာနှောင့်ယှက်ပါက ဆရာသည်အလွန်စိတ်ဆိုးတတ် သည်မဟုတ်လား။

အေးလေ ဒါက သူ့ဝါသနာဆိုတော့ ဘယ်ဆူနိုင်ပါ့မလဲ။ မောင်တူးပခုံးတစ်ချက်တွန့်ကာ ကော်ဖီဖျော်ရန်အတွက် ထမင်းစားခန်း ထဲ ဝင်လာခဲ့လိုက်၏။

ရှေးဟောင်းပစ္စည်းတစ်ခုပြရန်ဆိုသော ဧည့်သည်အား တွေ့ရို့ အာဖြင့် သူဧည့်ခန်းထဲသို့ ခပ်သွက်သွက်ဝင်ခဲ့လိုက်၏။

သူရောက်တော့ ဧည့်ခန်းထဲရှိ ဆိုဖာဆက်တီခုံများပေါ်တွင်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



မထိုင်ဘဲ နီညိုရောင်ကော်ဇောပေါ်မှာထိုင်နေသော အဘိုးကြီးတစ်ယောက်ကို တွေ့ရ၏။ အဘိုးအိုဘေးမှာတော့ အနက်ရောင်ကတ္တီပါစဖြင့် အုပ်ထားသောအထုပ်တစ်ထုပ်။

သူဝင်လာတာမြင်တော့ အဘိုးအိုက အထုပ်ကိုဆတ်ခနဲဆွဲ ပိုက်လျက် နေရာမှထသည်။

"အဘိုး ထိုင်ပါခင်ဗျာ"

"ကျွန်တော့်ကို တွေ့ချင်တယ်ဆိုတာ အဘိုးလားခင်ဗျာ"

ယဉ်ကျေးဖော်ရွေသောသူ့ဟန်ကြောင့် အဘိုးကြီးမျက်လုံးများ ဝင်းသွားကာ–

"မောင်ရင်က"

"ကျွန်တော် ရှေးဟောင်းပစ္စည်းတွေကိုစုဆောင်းတဲ့ ဆက်မင်းဟန်ပါခင်ဗျ"

"ဪ ဪ ဒါဆို ကျုပ်တွေ့ချင်တာ မောင်ရင့်ကိုပါပဲကွယ်"

"ထိုင်ပါ အဘိုးခင်ဗျာ"

သူထပ်ပြောမှ အဘိုးကြီးက ဆိုဖာခုံတွင် ခပ်ယို့ယို့ ဝင်ထိုင်သည်။

"ကျုပ်လာတာကတော့ ဒီပစ္စည်းလေး မောင်ရင့်ဆီပြချင်လို့ပါ"

အဘိုးကြီးက သူ့လက်ထဲမှအထုပ်ကို စားပွဲပေါ်တွင်ချကာ ပြောသည်။

"ဟုတ်ကဲ့ အထဲကပစ္စည်းဟာ ဘာများလဲခင်ဗျာ"

သူမေးတော့ အဘိုးကြီးက လက်တုန်တုန်ဖြင့် ကတ္တီပါနက်စကို ဖြေ၏။





ထိုအခါ အင်မတန်လက်ရာမြောက်ကာ လှပသေသပ်သော ရှေးခေတ်နန်းဝတ်နန်းစားအသွင်ဖြင့် ဦးခေါင်းလေးအသာငုံ့ကာ မခို့တရို့ရပ်နေဟန် မင်းသမီးတစ်ယောက်ပုံ ကျောက်စိမ်းရုပ်တုလေးကို တွေ့လိုက်ရလေ၏။

လက်ရာမြောက်လွန်းသော ထိုကျောက်စိမ်းရုပ်တုလေးကို သူ တအံ့တသြငေးစိုက်ကြည့်ပြီးမှ–

"သိပ်ကို လက်ရာမြောက်တဲ့ပစ္စည်းပဲ"

ဟု ခပ်တိုးတိုးမှတ်ချက်ချလေ၏။

"ဟုတ်ပါတယ် မောင်ရင်၊ ဒီပစ္စည်းဟာ အဘိုးတို့ဘိုးဘွားစဉ်ဆက်ထိန်းသိမ်းခဲ့တဲ့ ရှေးဟောင်းပစ္စည်းတစ်ခုပါ"

အဘိုးကြီးပြောတာကို သူခေါင်းညိတ်လျက် ရုပ်တုလေးကို အသာကိုင်တွယ်ယူကြည့်လိုက်၏။

အလို...

အနီးကပ်ကြည့်မှ ထိုကျောက်စိမ်းရုပ်တုလေးဟာ တကယ့်အသက်ဝင်တော့မည့်အလား ဟန်ကြွနေလိုက်တာ။ တစ်တောင်ကျော်ခန့်ရှိသောထိုအရုပ်ကလေးသည် ခါကယ့်ကိုလှပချောမောလွန်းသော မိန်းကလေးတစ်ယောက်က အချိုးအစားပြေပြစ်စွာ ကြော့ကြော့လေး ရပ်နေဟန်။ ကြည့်ရင်းနှင့်ပင် ရုပ်တုလေးကသူ့ကိုပြုံးပြနေသယောင်။

အရုပ်ထဲ သူမည်မျှစိတ်ဝင်စားသွားတယ်မသိ။ အဘိုးကြီး၏ ချောင်းဟန့်သံကြားမှ သတိရကာအရုပ်ကို စားပွဲပေါ်သို့ ခပ်ဖြည်းဖြည်း ချလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဘိုး ဒီရုပ်တုကို ဘယ်လောက်နဲ့ရောင်းမှာပါလဲခင်ဗျာ"

သူမေးတော့ အဘိုးကြီးက ညင်သာစွာခေါင်းယမ်းပြ၏။

"ဒီအရုပ်ကို ကျုပ်ပြတာ ရောင်းဖို့မဟုတ်ပါဘူးကွယ်"

"ဒါဖြင့်"

"ကျုပ်က ကိစ္စလေးရှိလို့ ခရီးဝေးသွားရမှာမို့ မောင်ရင့်ဆီမှာ ဒီဝတ္ထုလေးကို အပ်ထားခဲ့ချင်တာပါ"

"ဗျာ"

မထင်မှတ်သောစကားကြောင့် သူအံ့သြသွားရ၏။ အဘိုးကြီး သူ့ကို ဘယ်လိုယုံကြည်ချက်နဲ့ အပ်တာပါလိမ့်။

"ကျုပ် ခရီးကပြန်လာတော့ မောင်ရင့်ဆီက ဒီပစ္စည်းကို လာယူပါ့မယ်"

"ကျုပ်တောင်းဆိုတာကို မောင်ရင်လက်ခံမယ် မဟုတ်လား ဟင်"

သူက သက်ပြင်းတစ်ချက်ကို ညင်သာစွာချလိုက်၏။

"ဒီလိုလုပ်ပါလား အဘိုး၊ ဒီပစ္စည်းကို အဘိုးအနေနဲ့ ကျွန်တော့်ကိုရောင်းခဲ့ဖို့ တောင်းပန်ပါရစေ"

"မဖြစ်ပါဘူးကွယ် ရှင်းရှင်းပြောရရင် ဒီအရုပ်ကို အဖိုးအနေနဲ့ တန်ဖိုးမဖြတ်နိုင်ပါဘူး၊ ဒါကြောင့် မောင်ရင့်ဆီမှာအပ်ခဲ့ဖို့ ခွင့်တောင်းတာပါ"

"အဘိုးက ကျွန်တော့်ကိုပဲ ဘာလို့လဲ"

သူ့အမေးကြောင့် အဘိုးကြီးနှစ်ခြိုက်စွာပြုံး၏။





"မောင်ရင်က လိမ်မယ့်ညာမယ့်လူမဟုတ်ဘူးဆိုတာ ကျုပ်တွေ့စကတည်းက အကဲခတ်မိပါတယ်ကွယ်..."

"ပြီးတော့ မောင်ရင်ဟာ ရှေးဟောင်းပစ္စည်းတွေကို စုဆောင်းတာ ဝါသနာပါတယ်မဟုတ်လား၊ ဒါကြောင့် မောင်ရင့်ဆီ ကျုပ်ဒီပစ္စည်းလာအပ်တာပါ..."

"အဘိုးလဲ အချိန်သိပ်မရှိလို့ မောင်ရင်လက်ခံဖို့ ပြောပါရစေ"

အပြင်ဘက်မှာတော့ မိုးသံတွေကြားနေရဆဲဖြစ်၏။ ထိုစဉ် မောင်တုး ကော်ဖီပန်းကန်နှင့်ရောက်လာသည်။

"အဘိုး ကော်ဖီပူပူလေး သောက်ပါဦးခင်ဗျာ၊ အပြင်ဘက်မှာလဲ မိုးတွေကသည်းတုန်းမို့ အဘိုးအနေနဲ့ ခရီးဆက်ဖို့ မကောင်းသေးပါဘူး ခင်ဗျ"

အဘိုးကြီးက ခေါင်းသွက်သွက်ခါရမ်းသည်။

"မဖြစ်ဘူးကွယ့် အဘိုးက ဒီညတွင်းချင်း ခရီးသွားရမှာမို့ပါ။ ဒါကြောင့် မောင်ရင့်အနေနဲ့ ဝန်မလေးဘူးဆိုရင်..."

"ဟုတ်ကဲ့ ကျွန်တော့်အနေနဲ့ ဒီပစ္စည်းကို လက်ခံဖို့ဝန်မလေးပါဘူးခင်ဗျာ၊ အဘိုးယုံကြည်တယ်ဆိုရင် အပ်ခဲ့ပါ..."

"အဘိုးကြိုက်တဲ့အချိန် ကျွန်တော့်ဆီလာယူနိုင်ပါတယ်"

အဘိုးကြီးမျက်နှာပြုံးသွားလျက် သူ့ကိုကျေးဇူးတင်စွာကြည့်၏။

"မောင်ရင်လက်ခံတာ ကျုပ်သိပ်ဝမ်းသာပါတယ်ကွယ်"

"ကဲ ကဲ ဒါဆို ကျုပ်ကိုခွင့်ပြုပါဦး"

"ကော်ဖီသောက်သွားပါဦးခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ့်"

အဘိုးကြီးက ကော်ဖီခွက်ကိုတရှိန်ထိုးမော့သောက်လိုက်၏။ ထို့နောက် သူ့ကိုနှုတ်ဆက်ကာ မိုးသည်းသည်းထဲမှာ ထွက်သွားလေသည်။

မောင်တူးက တံခါးလိုက်ပိတ်ပြီး ပြန်ရောက်လာ၏။

"ဆရာ"

"လာဟေ့ မောင်တူး ဒီမှာကြည့်စမ်းကွယ်"

"ဟာင်"

သူက ကတ္တီပါထုပ်ကိုဖြေကာ လက်ရာမြောက်လှသောကျောက်စိမ်းရုပ်တုလေးအားပြလိုက်သည်။

"သိပ်ကို လက်ရာမြောက်တဲ့ရုပ်တုလေးပါလား ဆရာ"

"အေးကွယ့် အမှန်ဆို ဒီပစ္စည်းကို ဆရာတစ်ခါတည်း အပိုင်ဝယ်ချင်တာပါပဲ၊ ဒါပေမဲ့ အဘိုးကြီးက မရောင်းဘူးဆိုတော့"

"ဒါနဲ့ ဆရာ့ဆီမှာ ထားခဲ့တာလား"

"ဟုတ်တယ် သူခဏအပ်ထားခဲ့တာ၊ ခရီးထွက်ရာကပြန်လာရင် လာယူပါ့မယ်တဲ့"

"ဆရာရယ် ခိုးရာပါပစ္စည်းတွေ ဘာတွေဖြစ်နေရင်"

"ဟေ့ တော်စမ်း မောင်တူး၊ ဒီမှာကွယ့် ခုနကအဘိုးကြီးဟာ ဘယ်လောက်ရိုးသားလဲဆိုရင် ဆံပင်တောင်မှ ဒီခေတ်မှာမြင်ရခဲတဲ့ ဆံထုံးနဲ့ကွယ့်၊ ပြီးတော့ အဘိုးကြီးမျက်လုံးတွေဟာ ကြည်လင်နေတာပဲ၊ ဒီလိုလူမျိုးဟာ သူတစ်ပါးပစ္စည်းကိုခိုးမတဲ့လား"





သူ့ဆရာပြောတာလည်း အမှန်ပဲမို့ မောင်တူး ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ကျွန်တော်က ဆရာ့အတွက် စိုးရိမ်လို့ပြောတာပါ"

"အေး အေး ငါ့ကိုယုံကြည်လို့ ဒီလောက်အဖိုးတန်ပြီး လက်ရာမြောက်တဲ့ရုပ်တုကို အပ်သွားတာကွယ့်"

"အမှန်တော့ ငါဟာအပိုင်ဝယ်ချင်တာ တပည့်ရဲ့၊ ဒါပေမဲ့ အဘိုးကြီးက လုံးဝမရောင်းဘူး"

"အံ့သြစရာပဲနော် ဆရာ၊ ရောင်းတော့မရောင်းဘဲနဲ့ ဆရာ့ကို ယုံယုံကြည်ကြည်အပ်ခဲ့တယ်ဆိုတော့"

"ဒါကြောင့် ကိုယ်ကလဲသစ္စာရှိရှိ စောင့်ရှောက်ရမှာပေါ့ကွယ်၊ ကဲ ကဲ ငါ့အခန်းထဲ သွားနှိုလာပို့လှည့် ဟုတ်လား"

"ဟုတ်ကဲ့ဆရာ"

သူက ရုပ်တုထုပ်လေးကို တယုတယယူကာ အခန်းထဲဝင်ခဲ့သည်။ ဘည်ရုပ်တုကအပ်ခဲ့တာမို့ ရှေးဟောင်းပစ္စည်းများထားတဲ့ အခန်းမှာမထားပါ။ သူ့အိပ်ခန်းထဲယူခဲ့လိုက်၏။

ကြည့်စမ်း...

ကြည့်လေ ကြည့်လေ ဒီအရုပ်ထဲကမင်းသမီးပုံက တကယ် အသက်ဝင်လာသလို ခံစားရမိသည်။ မျက်တောင်ကော့များ တဖျတ် ဖျတ်ခတ်လာကာ သူ့ကိုရယ်ပြပြုံးပြတော့မလို။

"ဆရာ နှိုးနို့"

မောင်တူးက နှုတ်နိုးပို့ပြီးပြန်ထွက်သွား၏။ ဒီညတော့ သူ့ဆရာ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ဝါမလား။

ဒီလောက်လက်ရာမြောက်တဲ့ ရုပ်တုလေးကိုကြည့်ကာ အချိန်ကုန်မည်ထင်၏။ ဒါ သူ့ဆရာရဲ့ဝါသနာမဟုတ်လား။

သူက ကျောက်စိမ်းရုပ်တုလေးကို ညင်သာစွာတယုတယကိုင်တွယ်ပွတ်သပ်မိ၏။

အလို...။

ထိုစဉ် အခန်းတစ်ခုလုံး သင်းပျံ့သော ရနံ့တစ်ခုနှင့်အတူ ခေါင်းထဲရီဝေလာ၏။

ဘာဖြစ်တာပါလိမ့်။

ဒီမွှေးရနံ့ကရော ဘယ်ကလာတာပါလိမ့်။ သူစဉ်းစားချိန်မရမီ မျက်တောင်များစင်းလာတာမို့ ဝါးခနဲတစ်ချက်သမ်းကာ အိပ်ရာထဲ ဝင်လိုက်ရတော့၏။

မကြာခင် သူနှစ်ခြိုက်စွာ အိပ်ပျော်သွားလေသည်။

* * *





"မောင်တော် မောင်တော်"

နူးညံ့ကြည်လင်သောအသံနှင့်အတူ ညင်သာသောတို့ထိမှုကြောင့် သူနှစ်ခြိုက်စွာအိပ်ပျော်နေရာမှ နိုးလာ၏။ သူ့မျက်လုံးများကို တဖြည်းဖြည်းဖွင့်ကြည့်စဉ်–

"ဟင်"

ရုတ်တရက် သူ့မျက်လုံးကို သူမယုံနိုင်အောင်ဖြစ်သွားသည်။ သူ့အနားမှာ ခုတင်ကိုတင်လွှဲထိုင်ကာ ကျောက်စိမ်းရောင်နန်းဝတ်နန်းစားဖြင့် လှပချောမောလွန်းသောမိန်းကလေးတစ်ယောက် သူမ၏နက်မှောင်ရှည်လျားသောဆံပင်များကို ဖြန့်ချထားသည်။ လှပသောသူမရုပ်က ညှိုးနွမ်းနွမ်းမို့ တစ်စုံတစ်ခုအတွက် သောကဖြစ်နေပုံ။

သူနိုးလာတာမြင်တော့ သူမ၏နီထွေးလှပသောနှုတ်ခမ်းလေး ပြုံးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်တော် နှမတော်ကြောင့် အိပ်ရေးပျက်သွားပြီလားဟင်"

"မင်း မင်း ဘယ်သူလဲ၊ ဘယ်လိုလုပ်ပြီး ကျုပ်အခန်းထဲ ရောက်နေတာလဲ"

သူ အိပ်ရာမှ ဆတ်ခနဲထထိုင်ကာ အံ့ဩစွာမေးလိုက်၏။

"နှမတော်ရောက်လာလို့ မောင်တော်အံ့ဩနေလားဟင်၊ တကယ်တော့ နှမတော်က မောင်တော့်အပါးမှာ အမြဲနေချင်ခဲ့သူပါ၊ ခုတော့ နှမတော်လေး မောင်တော့်ဆီမရောက်ရောက်အောင် စုံစမ်းလာခဲ့ရတာပါ"

သူမတာတွတ်တွတ်ရှင်းပြနေသမျှ သူဘာတစ်လုံးမှ နားမလည်ပါ။ သည်မျှချောမောလှပသော မိန်းကလေးကိုလည်း သူ့တစ်သက်မှာ တစ်ခါမှမတွေ့ဖူးပေ။

"မင်း ဘာတွေပြောနေတာလဲ မင်းပြောတာတွေ ကျုပ် နားမလည်ဘူး"

သူ့အပြောကြောင့် မိန်းကလေး၏ ချောမောသောမျက်နှာ ညိုးသွားလျက် မျက်တောင်ကော့များဝန်းရံထားသော လှပဝိုင်းစက်သည့် သူမမျက်လုံးအိမ်မှ မျက်ရည်ကြည်တို့ဝိုင်းလာ၏။

အလို...။

သည်လို သူမရဲ့အပြုအမူကိုမြင်လိုက်ရတော့ သူ့ရင်ထဲမကောင်း ဖြစ်လျက် ငါပြောတာလွန်သွားပြီလားဟု အောက်မေ့မိသည်။





မိန်းကလေးက သူ့ကိုခပ်စိုက်စိုက်ကြည့်ကာ–

"ခုတော့ မောင်တော်က နှမတော်ကို မမှတ်မိတော့ဘူးပေါ့နော်"

သူ သက်ပြင်းတစ်ချက်ကိုတ်ချလိုက်၏။

"ဟင်း ခက်တယ်၊ မင်းကို မှတ်မိရအောင်ကလဲ မင်းနဲ့ ကျုပ်က တစ်ခါမှမသိ"

"အို ဒီလိုမပြောပါနဲ့ မောင်တော်ရယ်၊ တကယ့်ဆို မောင်တော် နဲ့နှမတော်က ရင်းရင်းနှီးနှီးသိခဲ့ကြတာပါ"

"ဟင်"

ဒီမိန်းကလေး စိတ်မှကောင်းသေးရဲ့လားဟု သူကြည့်မိ၏။ ဘယ့်နှယ့် သူနဲ့သူမဟာ ရင်းရင်းနှီးနှီးသိတာပါတဲ့။

တကယ်ဆို သူဟာ အင်မတန်မှတ်ဉာဏ်ကောင်းတဲ့ လူတစ်ယောက်ပါ။ ကလေးဘဝကအကြောင်းတွေကိုပင် သူမှတ်မိသေး၏။ သည်လိုလူတစ်ယောက်က ဒီလောက်ချောမောလှပတဲ့မိန်းကလေး တစ်ယောက်ကို တကယ်သာရင်းနှီးစွာသိခဲ့ဖူးလျှင် တစ်သက်တာလုံး အမှတ်ရ မေ့လိမ့်မည်မဟုတ်။

"မဟုတ်သေးဘူး မင်းပြောတာ မှားနေပြီ၊ ကျုပ် မင်းကို ဒါ ပထမဆုံးအကြိမ်တွေ့ဖူးတာပဲ"

ထိုအခါ သူမ၏မျက်တောင်ကော့များ ညွတ်ကျသွားစဉ် ထဲမျက်ရည်များက သူမ၏ဖြူနုသောပါးပြင်မို့မို့ပေါ်သို့ တစ်ပေါက် ချင်းကြွေကျလာ၏။

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူဘာလုပ်ရမှန်းမသိဖြစ်ကာ စိတ်ထိခိုက်သွားလျက် သူမကို တောင်းပန်ရမလိုဖြစ်သွားသည်။ မိန်းမချောမိန်းမလှလေး တစ်ယောက်ရဲ့မျက်ရည်ကို ဒါပထမဆုံးအကြိမ် သူ့အနေဖြင့် နီးနီးကပ်ကပ်တွေ့ဖူးတာမို့ စိတ်ထဲအတော်တုန်လှုပ်သွားရ၏။

"ဒီ... ဒီမှာ မိန်းကလေး မ... မငိုပါနဲ့ကွယ်၊ ကျုပ်တကယ်ပဲ မင်းကိုမသိလို့ မသိဘူးပြောတာပါ"

ဒီတော့မှ ပိုဆိုး၏။ သူမက တစ်ချက်ရှိုက်လိုက်လျက်။

"တော်... တော်ပါတော့ မောင်တော်ရယ်၊ နှမတော် ဆက်မကြားပါရစေနဲ့၊ တကယ်တော့ နှမတော်ကသာ မောင်တော့်ကို အမြဲတမ်းသတိရ မှတ်မိနေတာပါလားရှင်"

ခက်ချေပြီ။

ငိုရှိုက်နေသောမိန်းကလေးကို သူ ဘယ်လိုပြောရမလဲ။ သူမ မျက်ရည်တွေမြင်ရတာ သူ့ရင်ထဲမီးလိုပူလောင်လှပေ၏။

သူ စိတ်ရှုပ်ရှုပ်ဖြင့် ခေါင်းကုတ်မိသည်။ ထိုစဉ် အကြံတစ်ခု ဖျတ်ခနဲရကာ–

"ဟို... ဒီမှာ မိန်းကလေး မင်းနဲ့ကျုပ် ဘယ်မှာတွေ့ခဲ့ကြတယ် ဆိုတာ ပြောနိုင်မလားဟင်"

မိန်းကလေးက အငိုရပ်ကာ သူ့ကိုမော့ကြည့်၏။ ထို့နောက် ညင်သာစွာခေါင်းညိတ်လျက်...။

"နှမတော်ပြောနိုင်တာပေါ့ မောင်တော်ရယ် နှမတော်က မောင်တော့်ကို ဘယ်တော့မှမမေ့တဲ့သူပဲ"





သူ အားတက်သွားလျက်...

"ဒါ ဒါဆို မင်းနဲ့ကျုပ် ဘယ်တုန်းကသိခဲ့တာလဲ"

သူမက သူ့ကိုရီဝေစွာဖြင့်ကြည့်၏။ ထို့နောက် လေသံတိုးတိုးဖြင့်...

"လွန်ခဲ့တဲ့နှစ်တစ်ရာက..."

"ဘာ"

သူ့အသံကိုပင် သူပြန်လန့်ချင်သွားရ၏။ ဘယ်နှယ့် ခုနက သူကြားလိုက်တဲ့စကား နားကြားလွဲသလား။

"ခု ခုနက ဘာပြောလိုက်တယ် မိန်းကလေး"

မိန်းကလေးက သူ့ကိုရီဝေဝေကြည့်ကာ ဆွေးမြည့်သောလေသံဖြင့်

"လွန်ခဲ့တဲ့နှစ်တစ်ရာက မောင်တော်နဲ့နှမတော် သိခဲ့ကြတာပါ"

သူခေါင်းသွက်သွက် ခါယမ်းလိုက်၏။

"မဖြစ်နိုင်ဘူး ဒါ လုံးဝမဖြစ်နိုင်ဘူး၊ နေ နေပါဦး မင်း စိတ်တော့ ကောင်းပါတယ်နော်"

"ဘယ်လိုပြောလိုက်တာလဲ မောင်တော်၊ နှမတော်ဟာ သိပ်စိတ်ဆောင်းလို့ မောင်တော့်နောက်ကို အမြဲလိုက်နေခဲ့တာ၊ ခုဆို မောင်တော်နဲ့ အနီးဆုံးနေရာမှာ နှမတော်ရောက်နေပြီ"

"ဟင်"

"ဟုတ်တယ် မောင်တော် မောင်တော်နဲ့ပြန်ဆုံရလို့ နှမတော်



www.burmeseclassic.com

www.burmeseclassic.com



သိပ်ဝမ်းသာတာပဲ၊ ဒါပေမဲ့ မောင်တော်က နမတော်ကို မမှတ်မိတာ သိပ်ဝမ်းနည်းတာပဲ"

"မင်းကို တကယ်တမ်းသာသိရင် ကျုပ်မှတ်မိမှာပေါ့ကွယ်"

သူမ၏လှပသောနှုတ်ခမ်းလေးများက ခပ်မဲ့မဲ့လေးဖြစ်သွားသည်။

"ဟုတ်ပါတယ်လေ ခုတော့မောင်တော်က ဘဝခြားသွားတော့ နမတော်ကို ဘယ်မှတ်မိပါ့မလဲ တကယ်တော့ နမတော်ဟာလေ"

ထိုစဉ် သူမမျက်လုံးလေး ဝိုင်းခနဲဖြစ်သွားကာ

"ဟော မြင်းခွာသံကြားတယ် သူ လိုက်လာပြီထင်တယ် နမတော်သွားတော့မယ် မောင်တော်"

"ဟေ့ ဟေ့ နေပါဦး မိန်းကလေး"

သူလှမ်းခေါ်ပေမဲ့ ကျောက်စိမ်းရောင်မင်းသမီးလေးက လှစ်ခနဲ ပြေးကာ ပျောက်ကွယ်သွားတော့၏။

"မိန်းကလေး မိန်းကလေး"

"ဆရာ ဆရာ"

တဒုန်းဒုန်းတံခါးထုသံနှင့်အတူ အပြင်ဘက်မှ မောင်တူး၏ ခေါ်သံကြောင့် သူ အိပ်ရာမှဆတ်ခနဲနိုးလာသည်။

အလို...။

သူစောစောက ဘာတွေယောင်ပြီး အော်မိပါလိမ့်။ ပြီးတော့ သူ သူ အိပ်မက်မက်နေတာပါလား။

"ဆရာ ဆရာ"





"လာပြီဟေ့ မောင်တူး"

သူအိပ်ရာမှ ဆတ်ခနဲထကာ တံခါးဖွင့်ပေးလိုက်၏။ မောင်တူးက အခန်းပေါက်မှာရပ်လျက်။

"ဆရာ အော်သံကြားလို့ ကျွန်တော်လာနှိုးတာပါ"

"ဪ အေး ငါအိပ်မက်မက်ပြီး ယောင်တာထင်ပါရဲ့ကွယ်၊ အလို နေတောင်မြင့်ပြီပဲ"

"ဟုတ်တယ် ဆရာ ရှစ်နာရီရှိပါပြီ၊ ဆရာ့အတွက် ဘရိတ်ဖတ်စ် အဆင်သင့်ပါပဲ ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲ မောင်တူး"

"မမလေး ခင်လွန်းသီရောက်နေပါတယ်"

"ဪ"

သူ တစ်ချက်ငိုင်သွားပြီးမှ ခေါင်းဆတ်ခနဲညိတ်ကာ–

"ငါ အခုပဲ လာခဲ့မယ်လို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့ဆရာ"

မောင်တူးထွက်သွားမှ သူရေချိုးခန်းထဲဝင်ခဲ့၏။ ခင်လွန်းသီ ရောက်နေတယ်ဆိုပဲ။ ခင်လွန်းသီဆိုတာ တက္ကသိုလ်မှ နည်းပြဆရာမ လေးတစ်ဦး၊ မိဘချင်းရင်းနှီးတာကြောင့် လူငယ်ချင်းပါ ခင်မင်နေကြ လေ၏။ ခင်လွန်းသီက မြန်မာဆန်ဆန် လှချေရှိသောမိန်းကလေး တစ်ဦး ဖြစ်ပါသည်။

သူတစ်ခါတည်း ရေချိုးလိုက်တာကြောင့်ဆိတ်လန်းသွားသည်။ ထူးဆန်းသောအိပ်မက်ကိုပင် မေ့သလိုဖြစ်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အဝတ်အစားလဲကာ ဧည့်ခန်းသို့ထွက်ခဲ့သည်။

"ဟော့ လွှန်းသီ စောစောစီးစီးပါလားကွ"

သူ့ကိုမြင်တော့ ခင်လွှန်းသီက ပါးချိုင့်လေး ပေါ်အောင်ပြုံး၏။

"ကိုဆက်က တယ်အိပ်ပုတ်ကြီးတာကိုးရှင့်၊ အချိန်ပဲ ကြည့်ပါဦး ဘယ်နှစ်နာရီရှိပြီလဲ"

"အဟက် အေးဗျာ ဒီနေ့အိပ်ရာထနောက်ကျသွားတယ်"

"ဘာလဲ ညကဟိုအခန်းထဲဝင်လို့ အိပ်ရာဝင်တာ နောက်ကျတာ မဟုတ်လား"

ခင်လွှန်းသီပြောမှ ညကထူးဆန်းစွာရောက်ရှိလာသော ကျော က်စိမ်းရုပ်တုလေးနှင့် ဆန်းကြယ်သောအိပ်မက်ကို သတိရမိ၏။

"ကိုဆက်"

"ဗြော် လွှန်းသီ"

"ဘာငိုင်သွားတာလဲ ကိုဆက်လဲ တစ်နေ့တစ်နေ့ ကုမ္ပဏီက ပြန်လာရင် ဒီရှေးဟောင်းပစ္စည်းတွေကြားထဲမှာပဲ အချိန်ကုန်နေတာ ထင်တယ်"

"ဗြော်ဗျာ ဒါက ကိုယ့်ဝါသနာကိုး ဒါနဲ့ လွှန်းသီက ဒီနေ့ ကျောင်းမသွားဘူးလား"

"ဟော ကိုဆက်ကတော့လုပ်ပြီ ဒီနေ့ဆန်းဒေးလေ၊ ပြီးတော့ ဒီနေ့အန်ကယ်လာမှာ မဟုတ်လား၊ အဲဒါ ကိုဆက်နဲ့အတူ အန်ကယ့်ကို လွှန်းလိုက်ကြိုမယ်လို့ ပြောထားတယ် မဟုတ်လား"





"ဟာ ဟုတ်သားပဲ အချိန်တော်င်မရှိတော့ဘူး၊ ကဲ ကဲ သွားကြစို့ လွှန်းသီ"

သူဆတ်ခနဲ ကားသော့ယူကာထွက်သွား၏။

"ဆရာ ဘရိတ်ဖတ်စ်"

"တော်ပြီဟော့ သိမ်းလိုက်တော့"

သူ ကသောကမျောထွက်သွားရာသို့ ခင်လွှန်းသီပင်လိုက်သွားရ၏။

"ဟင်း ကိုဆက်တို့က အိပ်ရာစောစောမထဘဲနဲ့"

"တစ်ခါတလေပါဗျာ ဘိုးတော်ကြီးတော့ နောက်ကျလို့ စိတ်ဆိုးမလားပဲ"

"အန်ကယ်က သိပ်တိကျတာ"

သူ ပခုံးတစ်ချက်တွန့်ကာ ကားကိုခပ်မြန်မြန်မောင်းလိုက်၏။ သူတို့ရောက်တော့ လေယာဉ်ဆိုက်နေပြီ။ သူတို့လေဆိပ်ထဲ အသွက်သွက်ဝင်၏။

"ဒက်ဒီ"

"ဟော့ သား ဗြော်... သမီးလဲပါလာတာကိုး"

ခင်လွှန်းသီကိုတွေ့တော့ ဒက်ဒီပြုံး၍ နှုတ်ဆက်လိုက်သည်။

"ဟုတ်ကဲ့ အန်ကယ် ဖေဖေက အလုပ်မအားတာနဲ့ သမီး လာကြိုတာပါ"

"ကျွန်တော် နောက်ကျသွားတာ ခွင့်လွှတ်ပါ ဒက်ဒီ"

"ကိစ္စမရှိပါဘူးကွာ လေယာဉ်က အခုပဲဆိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ပစ္စည်းတွေရွေးလိုက်ဦးမယ် ဒက်ဒီ၊ ဒက်ဒီနဲ့ လွှန်းသီ ကားထဲကစောင့်နေကြပါ"

"အေး အေး လာ သမီး"

ဒက်ဒီတို့နှစ်ယောက် ထွက်သွား၏။ သူ ပစ္စည်းများသွားရွေးလိုက်သည်။

"သမီးဖေဖေရော နေကောင်းတယ် မဟုတ်လားကွယ့်"

"ဟုတ်ကဲ့ နေကောင်းပါတယ် အန်ကယ်"

"အေး အေး သမီးဖေဖေအတွက် အန်ကယ်ဆေးတံဝယ်လာတယ်၊ သမီးအတွက်တော့ နာရီပါလာတယ် ရော့ကွယ် သမီး"

အန်ကယ်က နာရီဘူးလေးကို အသင့်ထုတ်ပေး၏။

"ကျေးဇူးတင်ပါတယ် အန်ကယ်"

"မလိုပါဘူးကွယ် ကျေးဇူးတင်စကားပြောရမယ့်လူတွေမှ မဟုတ်ဘဲ"

ထိုစဉ် သူပြန်ရောက်လာသည်။ ပစ္စည်းများကို အလုပ်သမားများဖြင့် ကားပေါ်သို့စနစ်တကျတင်ပေး၏။

"ဒက်ဒီ အိမ်သွားမှာမဟုတ်လား"

"ဘရိတ်ဖတ်စ်အတွက် ဟိုတယ်တစ်ခုခုမောင်းကွယ်"

"ဟုတ်ကဲ့ ဒက်ဒီ"

သူ ကားကို ဟိုတယ်သို့မောင်းလိုက်၏။ ထို့နောက် သုံးယောက်သား ဘရိတ်ဖတ်စ်စားသည်။

"အတော်ပဲ ကျွန်တော်တို့လဲ ဘရိတ်ဖတ်စ်မစားရသေးဘူး"





"ဘာဖြစ်လို့လဲ"

"အန်ကယ့်သား အိပ်ရာထနောက်ကျလို့လေ"

"ဟော့ အရင်က သားဒီလိုမဟုတ်ပါဘူး"

"အဟွန်း ဟုတ်တယ် ဒက်ဒီ၊ သား ညက အိပ်ရာဝင်နောက်ကျသွားတယ်"

ဒက်ဒီကပြုံးရင်း ခေါင်းညိတ်လိုက်သည်။ ဒက်ဒီက သူ့သားအကြောင်း သူအသိဆုံးမဟုတ်လား။

"ညက သား ဟိုအခန်းထဲဝင်တယ် မဟုတ်လား"

သူပြုံး၍ နေလိုက်၏။ ညကရောက်လာသော ကျောက်စိမ်းရုပ်တုလေးအကြောင်းကို မပြောတော့။ ပြီးတော့ ဆန်းကြယ်သော အိပ်မက်ကိုလည်း မေ့ထားလိုက်သည်၊

တော်ကြာ ဒက်ဒီတို့က သူ့ကိုတစ်မျိုးယူဆလျှင် မခက်ပေဘူးလား။

"အန်ကယ်လဲ သမီးဖေဖေနဲ့ စကား အေးအေးဆေးဆေး သာပြောရဦးမယ်"

"ဟုတ်ကဲ့ ဖေဖေကိုပြောလိုက်ပါ့မယ်"

ထိုစကားပြောစဉ် ခင်လွှန်းသီမျက်နှာလေး မသိမသာပန်းနုရောင်သန်းနေ၏။

"သားလဲ အလုပ်တွေချည်း မလုပ်ပါနဲ့ကွယ်၊ အားရင် သမီးတို့ဆောင်းဘက် သွားလည်ပါ"

"ဟုတ်ကဲ့ ဒက်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



သူပြောရင်း ခင်လွန်းသီမျက်နှာကို တစ်ချက်ကြည့်မိ၏။ ခင်လွန်းသီသည် ယဉ်စနှင့်မိန်းမချောလေးတစ်ယောက်ပါ။ သို့သော် ငယ်ငယ်လေးကတည်းက ခင်လာသောသူ့အတွက် ခင်လွန်းသီကို ညီမလေးတစ်ယောက်လိုသာ သဘောထား၏။

ခင်လွန်းသီနှင့်ပတ်သက်၍ ဆန်းကြယ်သောခံစားချက်မှုတို့ သူ့မှာမရှိ။ ဒက်ဒီတို့လူကြီးတွေက သူတို့လူငယ်နှစ်ဦးကို ဘယ်လိုများ ထင်နေကြလဲ မသိ။ ရိုးရိုးသားသားခင်မင်ကြတာကို ဆန်းပြားတယ် များထင်နေသလား။

စားသောက်ပြီးတော့ သူတို့အိမ်ပြန်လာသည်။

"သား သမီးကိုလိုက်ပို့ပေးလိုက်ပါ"

သူသက်ပြင်းတစ်ချက် ကျိတ်ချလျက်...

"ဟုတ်ကဲ့ ဒက်ဒီ"

မနက်က ခင်လွန်းသီလာတော့ သူမတို့အိမ်မှ ကားဒရိုင်ဘာနှင့် လိုက်ပို့ခိုင်းခြင်းဖြစ်၏။ သည်တော့ ယခု သူပြန်ပို့ပေးရတာ မဆန်း။

သူ တိတ်ဆိတ်စွာ ကားမောင်းလာ၏။

* * *





"ကိုဆက်"

"ဟင်"

တိတ်ဆိတ်ငြိမ်သက်မှုကို စတင်ဖြိုခွင်းလိုက်သူက ခင်လွန်းသီ။

"ကိုဆက် သီ့ကိုလိုက်ပို့ရလို့ စိတ်အနှောင့်အယှက်ဖြစ်နေလား ဟင်"

"ဟာ မဟုတ်တာ"

ဒီလိုပွင့်လင်းစွာ သူမမေးတော့လည်း သူ အားနာသွားရ၏။ သူမက ပြုံးသည်။

"တော်သေးတာပေါ့ ကိုဆက်ရယ်၊ သီက သီ့ကြောင့် ကိုဆက် အနှောင့်အယှက်ဖြစ်မှာ စိုးနေတာ"

"သီ့ကြောင့် အနှောင့်အယှက်ဖြစ်စရာ မရှိပါဘူးကွယ်"

တကယ်လည်း သူမဟာယဉ်ကျေးလိမ္မာသော မိန်းကလေးတစ် ယောက်မို့ သူခင်မင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ရှေ့လထဲမှာ ကိုဆက်တို့ကုမ္ပဏီရဲ့ နှစ်ပတ်လည်ညစာစားပွဲရှိတယ်နော်"

"အင်း ဟုတ်တယ် အချိန်လိုသေးတာနဲ့ သို့ကို မပြောဖြစ်တာ သီ ဘယ်လိုသိလဲ"

"အန်ကယ် နိုင်ငံခြားမသွားခင်တုန်းက ဖေဖေနဲ့စကားပြောရင်း သိရတာပါ၊ အဲဒီကိစ္စ ကိုဆက်စီစဉ်မှာဆို"

သူ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ညစာစားပွဲကို ဒီနှစ်တော့ ကိုယ်တို့ခြံထဲမှာပဲ လုပ်မယ်၊ ဖျော်ဖြေညှော်ခံဖို့အတွက်လဲ တီးဝိုင်းအစား မြန်မာဆန်ဆန် တစ်ခုခုထည့်မလားလို့ စဉ်းစားတယ်"

"ကောင်းတယ် ကိုဆက် လာမှာက လူကြီးလူကောင်းတွေ ချည်းပဲဆိုတော့ သူတို့အချင်းချင်းပြောဆိုမှာနဲ့ စတိတ်ရှိုးတွေ ဘာတွေလဲ စိတ်ဝင်စားမှာမဟုတ်ဘူး"

"လိုအပ်တဲ့အကူအညီရှိရင် သို့ကိုပြောလေ၊ သီလဲ တတ်နိုင်တဲ့ ဘက်ကဝိုင်းပြီး ကူညီပါရစေ"

"ကျေးဇူးတင်ပါတယ်ဗျာ လိုအပ်ရင်ပြောပါ့မယ်"

သီသည် ဒီလိုအလိုက်သိတတ်သောမိန်းကလေးဖြစ်၏။

"ကိုဆက် ဒီနေ့ဆန်းဒေးဆိုတော့ အားတယ်မဟုတ်လားဟင်"

"သီ ဘာခိုင်းစရာရှိလို့လဲ"

"အဟင်း အပန်းမကြီးဘူးဆိုရင်လေ သို့သူငယ်ချင်းတစ်ယောက်က အိမ်တက်ဆွမ်းကျွေးဖိတ်ထားတာရှိတယ်၊ အဲဒါ ကိုဆက်





လိုက်ပို့ပေးနိုင်မလားဟင်"

"ဟာ ရပါတယ် သီရယ်၊ လိပ်စာသာပြောလေ"

သူက လိုက်လှဲစွာပြောတာမို့ သီဝမ်းသာသွားရ၏။ ထို့ကြောင့် လိပ်စာတစ်ခုကို ခပ်သွက်သွက်လေးပြောပြလိုက်သည်။

သို့သူငယ်ချင်းအိမ်ရောက်တော့ လူရှင်းစပြုနေပြီ။

"ဟယ် သီနောက်ကျလိုက်တာကွယ်၊ လှက မနက်စောစောကတည်းက မျှော်နေတာ"

"အဟင်း စောစောသာမလို့ပဲ ဟောဒီက ကိုဆက်ဒက်ဒီကို လေယာဉ်ကွင်းသွားကြိုနေတာနဲ့ နည်းနည်းနောက်ကျသွားတာပါ"

"ဪ ကိုဆက်မင်းဟန်ပါလာတာကိုး ကြွပါရှင် ကြွပါ"

တစ်ခါတစ်ရံ သီ၏ဌာနသို့ လာလည်တတ်သောသူ့ကို သို့သူငယ်ချင်းတချို့က သတိထားကြသည်။

"ခေါ်လှလှတို့က ကျွန်တော့်ကိုတော့ မဖိတ်ဘူးဗျာ"

"ဪ ဖိတ်ချင်ပါတယ်ရှင်၊ ဒါပေမဲ့ ကိုဆက်မင်းဟန်တို့လို ကုမ္ပဏီသူဌေးတစ်ယောက်က လာချင်ပါ့မလားလို့"

"လုပ်ပြီဗျာ ကျွန်တော် ဒီလိုလူစားမဟုတ်ပါဘူးဗျာ"

"ဒါဆိုလဲ တောင်းပန်ပါတယ်ရှင် အမှန်တော့ ကျွန်မက သီကတစ်ဆင့်–

"ကဲ လှရယ် ခုပါလာပြီ မဟုတ်လား ဘာကျွေးမလဲ"

"အုန်းနို့ခေါက်ဆွဲပါရှင်"

လှစကားရှည်မှာစိုးတာကြောင့် သီကြားဝင်လိုက်ရ၏။ သူ့ရှေ့မှ



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားစဉ် လှက သိဒ်အနားကပ်ကာ–

"ဘယ်လိုလဲ လာမယ့်လာတော့လဲ အဆက်ကြီးနဲ့ပါလား"

"လှကလဲ"

"သိနော် ကိုဆက်ကြားသွားလိမ့်မယ်"

သိ မျက်နှာလေးရဲရဲဖြင့်ပြောကာ မျက်စောင်းထိုး၏။ တကယ်တော့ ရိုးသားစွာဝန်ခံရလျှင် သိဒ်စိတ်ထဲမှာ သူနဲ့ဒီလိုတွဲသွားရတာကို ကျိတ်ကာ ကြည်နူးမိပါသည်။ ဆက်မင်းဟန်ဆိုသော လူချောလူခန့်ကြီးကို သိဒ်ဘက်က တိတ်တိတ်စိတ်ဝင်စားနေတာ မဟုတ်လား။

"ကြားသွားတော့လဲ ဘာဖြစ်လဲသိရယ် အစကတည်းက နားဖောက်ပြီးသားတွေ မဟုတ်လား"

"လှနော် ပြောရင်းပိုဆိုးမလာနဲ့ ကဲ လာ အုန်းနို့ခေါက်ဆွဲလိုက်ကျွေး"

"ကောင်းပါပြီရှင်"

လှက ဧည့်ဝတ်ကျေပွန်စွာဖြင့် ကြက်သားနိုင်းချင်းနှင့် ချက်ထားသောအုန်းနို့ခေါက်ဆွဲကို လှိုင်လှိုင်ကျွေးလေ၏။

"ကိုဆက်မင်းဟန် အုန်းနို့ခေါက်ဆွဲကြိုက်ပါတယ်နော်"

"အကြိုက်ဆုံးပါပဲဗျာ"

"ဒါဆို အဝသာစား လက်ရာကောင်းမကောင်းတော့ မသိဘူး"

"ကောင်းပါတယ်ဗျာ ကျွန်တော်စားတာ နှစ်ပန်းကန်တောင်ရှိပါပြီ"

"ဝမ်းသာပါတယ်ရှင်"





ထို့နောက် အုန်းနို့ကျောက်ကျော၊ ရွှေကြည်ဆနွင်းမကင်း၊ လိမ္မော်သီး၊ ပန်းသီးနှင့်အအေးတို့ကို အချိုပွဲအဖြစ်ချပေး၏။

"သြော် လှရေ ရှေ့လထဲမှာ ကိုဆက်တို့ကုမ္ပဏီက နှစ်ပတ်လည်ညစာစားပွဲရှိတယ်၊ အဲဒါ ကိုဆက်ကဖျော်ဖြေဧည့်ခံမှုအတွက် မြန်မာဆန်ဆန်လုပ်ချင်တယ်တဲ့၊ လှက မြန်မာစာဌာနကဆိုတော့ ဘယ်လိုဟာမျိုးနဲ့သင့်တော်မလဲ အကြံပေးစမ်းပါဦး"

ခင်လွန်းသိက သူငယ်ချင်းဖြစ်သူလှထံ အကြံတောင်းလိုက်လေ၏။

"ဟုတ်လား ကိုဆက်မင်းဟန်တို့ကုမ္ပဏီနှစ်ပတ်လည်ညစာစားပွဲအတွက် မြန်မာဆန်ဆန်ထည့်ချင်တယ်ဆိုရင် အင်း အငြိမ့်ထည့်ပါလား"

"အငြိမ့်ဟုတ်လား ကောင်းသားပဲဆရာမ"

သူတကာတွေ ခေတ်ပေါ်တီးဝိုင်းများသုံးနေချိန်မှာ သူတို့ကုမ္ပဏီအတွက် မြန်မာဆန်ဆန်အငြိမ့်ထည့်ရတာ ပိုကောင်းမည်ဟုထင်မိ၏။

"ဒါပေမဲ့ အငြိမ့်လောကကို ကျွန်တော်က မကျွမ်းကျင်တော့"

"ဒီအတွက်မပူပါနဲ့ ကိုဆက်မင်းဟန်၊ အငြိမ့်အတွက် ကျွန်မတာဝန်ထားပါ၊ ကျွန်မတို့မြန်မာစာဌာနက မိတ်ဆုံစားပွဲမှာ အဲဒီအငြိမ့် ကခဲ့သေးတယ်၊ ခဏနေဦးနော် ကျွန်မဆီမှာ အဲဒီအငြိမ့် ဗီဒီယိုတိတ်ခွေရှိတယ်၊ ကိုဆက်မင်းဟန်အားရင် ကြည့်လိုက်ပါ၊ တကယ်လို့ သဘောကျတယ်ဆိုရင် ကျွန်မ အဲဒီအငြိမ့်အဖွဲ့ကို ဆက်မင်းဟန်ကို ဆက်သွယ်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



လှက ပြောပြောဆိုဆို အိမ်ထဲဝင်သွားသည်။ ခဏနေတော့ တိတ်ခွေတစ်ခုလက်ထဲကိုင်ကာ ပြန်ထွက်လာ၏။

"ဒီအခွေပဲ ကိုဆက်မင်းဟာန်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲဆရာမ၊ ကျွန်တော် ကြည့်လိုက်ပါ့မယ်"

သူ ဘိတ်ခွေလေးကိုလှမ်းယူလိုက်၏။

"လှရေ ခုလိုကူညီတာ ကျေးဇူးပဲကွယ်"

"မလိုပါဘူး သီရယ်၊ သီ့အတွက်ဆို ကူညီရမှာ တို့တာဝန် မဟုတ်လား"

"အို လှကလဲ"

သူမကြားအောင် တိုးတိုးလေးပြောလိုက်သော သီ့မျက်နှာလေး ပန်းနုရောင်သန်းကာ ရှက်ရွံ့ကြည်နူးသွားရပါ၏။

"ကဲ သီပြန်မယ် လှ"

"ကျွန်တော်တို့ ပြန်ပါဦးမယ် ဆရာမ"

"ကောင်းပါပြီရှင် ကိုဆက်မင်းဟာန်လဲအားရင် ကျောင်းဘက် လာခဲ့ပါဦး၊ သီတစ်ယောက်လုံး ရှိတယ်ပဲ"

"အဟွန်း ကောင်းပါပြီဗျာ"

ထို့နောက် သူတို့နှုတ်ဆက်ပြန်ခဲ့ကြသည်။ ကားပေါ်ရောက်တော့ သီက–

"ကိုဆက် အငြိမ့်ရောထည့်ချင်ရဲ့လားဟင်"

"ခြော် ထည့်ချင်ပါတယ် ဒါပေမဲ့ ကိုယ်ကြည့်လိုက်ဦးမယ် လေ"





"အင်း၊ သီက ကိုဆက်မထည့်ချင်ဘဲ လှကိုအားနာမှာစိုးလို့ပါ"

"မဟုတ်ပါဘူးဗျာ၊ အစကတည်းက ကိုယ်လဲ ဒီလိုစိတ်ကူး တော့ ရှိပါတယ်၊ ဒါပေမဲ့ ကိုယ်က အဆက်အသွယ်မရှိဘူးလေ"

"ဟုတ်ပါတယ် သီ အဲဒီလိုရှားပါးတာကြောင့်လဲ ကိုယ်စဉ်းစား တာပါ"

သူတို့ပြောရင်း သီ၏အိမ်သို့ရောက်လာသည်။

"ကိုဆက် ဆင်းဦးမလားဟင်"

"အန်ကယ့်ကိုဝင်ပြီး နှုတ်ဆက်လိုက်ဦးမယ်"

ဒီလိုသိတတ်မှုများကြောင့် သီ့စိတ်ထဲ သူ့ကိုသဘောကျနေတာ ထင်ပါရဲ့။

"ဟော မောင်ဆက်မင်းဟာန်"

ဘုရားခန်းထဲမှ ထွက်လာသောသီ့ဖခင်က သူ့ကိုမြင်တော့ နှစ်လိုစွာ ပြုံးပြနှုတ်ဆက်၏။

သူ မတ်တတ်ရပ်ကာ အရိုအသေပြုရင်း–

"အန်ကယ် နေကောင်းတယ်နော်"

"အေးကွယ် ဒါနဲ့ ကိုသာဟန် ဒီနေ့ပြန်ရောက်တယ် မဟုတ် လား၊ အန်ကယ်လိုက်မကြိုနိုင်လို့ သမီးကိုလွှတ်လိုက်ရတယ်"

"ဖေဖေ အန်ကယ်က ဖေဖေ့အတွက် ဆေးတံလက်ဆောင် ဆောင်လိုက်တယ်"

"ဟုတ်လား သားဒက်ဒီကို ပြောလိုက်ပါကွယ်၊ ကျေးဇူးတင် ပါတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အန်ကယ်၊ ဒက်ဒီကလဲ အန်ကယ်နဲ့စကားလာပြော ပါဦးမယ်တဲ့"

"အေးကွယ် တို့လဲအလုပ်တွေ ကိုယ်စီရှုပ်နေတာနဲ့ စကားအေး အေးဆေးဆေး မပြောဖြစ်ကြဘူး၊ အန်ကယ်စောင့်နေပါ့မယ်လို့ ပြောပေးပါကွယ်"

"ဟုတ်ကဲ့ အန်ကယ် ပြောလိုက်ပါ့မယ်၊ ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါဦး အန်ကယ်"

"အေးကွယ်"

သူ့ကို ကားနားအထိ သီလိုက်ပို့၏။

"ကိုဆက်အားရင် ကျောင်းဘက်လာခဲ့ဦးနော်"

"ကောင်းပြီ သီ"

သူ သီ့ကိုလက်ပြနှုတ်ဆက်ကာ ထွက်ခဲ့သည်။ ဒီနေ့အားတာနဲ့ အိမ်ရောက်တာနှင့် ဆရာမဒေါ်လှလှပေးလိုက်သော အငြိမ့်တိတ်ခွေကို ကြည့်ဖို့စိတ်ကူးလိုက်၏။

သူအိမ်ရောက်တော့ ဒက်ဒီက သူ့ကို စာကြည့်ခန်းမှာ စောင့်နေသည်။

"သား ပြန်လာပြီလားဟေ့"

"ဟုတ်ကဲ့ ဒက်ဒီ"

"အေး ဒက်ဒီ သားကိုစကားပြောစရာရှိလို့ စောင့်နေတာ"

"ဟုတ်ကဲ့ ဘာများပြောစရာရှိလို့လဲ ဒက်ဒီ"

သူက ဒက်ဒီနှင့်မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက်၏။





ဒက်ဒီက သူ့ကိုဖျတ်ခနဲကြည့်သည်။

"ဒက်ဒီ ရှင်းရှင်းပဲပြောချင်တယ်၊ သားအနေနဲ့ သမီးလေး ခင်လွန်းသီအပေါ် ဘယ်လိုမြင်လဲ"

"ဗျာ"

ရုတ်တရက် ဒက်ဒီ့စကားကြောင့် သူဘာပြောရမှန်းမသိဘဲ အားသင့်သွား၏။

သူ့အမြင်ကို ဒက်ဒီက တစ်ချက်ပြုံးသည်။

"သားလဲ ရိပ်မိမှာပါကွယ်၊ ဒက်ဒီတို့မိဘတွေက သားနဲ့သမီးကို ဘောတူထားတယ်ဆိုတာ"

"ဒါပေမဲ့ ဒက်ဒီ"

"ပြောပါ သား"

"ဟို ကျွန်တော့်အနေနဲ့ သီ့အပေါ်မှာ ကိုယ်ညီမတစ်ယောက် လိုပဲ သဘောထားမိပါတယ်"

ဒက်ဒီက ခေါင်းတစ်ချက်ညိတ်၏။

"ဒါ သားကငြင်းတာလား"

"ခင်ဗျာ ဒီလိုလဲမဟုတ်ပါဘူး ဒက်ဒီ၊ ကျွန်တော့်ရဲ့ သဘော ကိုပြောတာပါ၊ တကယ်လို့ ကျွန်တော်ကငြင်းတယ်ဆိုရင် ဒက်ဒီ လက်ခံပေးနိုင်မှာလား"

"အင်း မှန်တာပြောရရင် ဒက်ဒီ့မျက်စိထဲမှာတော့ သားနဲ့ ဒက်တာ ခင်လွန်းသီကိုပဲမြင်တယ်၊ တကယ်လို့ သားမှာချစ်သူ ရှိတယ်ဆိုရင်တော့ တစ်မျိုးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ပြောပါဦး သားမှာ သဘောကျစိတ်ဝင်စားနေတဲ့ မိန်းကလေးများရှိသလား"

ဒက်ဒီ့အမေးကြောင့် သူတစ်ချက်ငိုင်သွားလျက် ခေါင်းကို ဖြည်းညင်းစွာခါယမ်းပြလိုက်သည်။ တကယ်ဆို သူ့အနေဖြင့် ဒီအရွယ် ထိ အချစ်ရေးကိုစိတ်မဝင်စားခဲ့၊ သူကသာချစ်ခွင့်ပန်လျှင် ခေါင်းညိတ် ချင်တဲ့မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတယ်ဆိုတာသိ၏။ သို့သော် သူက ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့။

"ကျွန်တော့်မှာ မရှိပါဘူး ဒက်ဒီ"

"ဒါဆိုရင်တော့ ဒက်ဒီစီစဉ်တာကို လက်ခံစေချင်တယ် သားလဲ အိမ်ထောင်ပြုရမယ့်အရွယ်ရောက်နေပြီ မဟုတ်လား"

"သိသဘောကရော ဒက်ဒီ"

ဒက်ဒီက သူ့ကိုကြည့်ကာ တစ်ချက်ရယ်၏။

"အင်း ငါ့သားက ဒီရှေးဟောင်းပစ္စည်းတွေကလွဲပြီး တခြား ဘာကိုမှစိတ်မဝင်စားပဲကိုး၊ ခင်လွန်းသီက သားကိုတစ်ဖက်သတ် စိတ်ဝင်စားနေတယ်ဆိုတာ သူ့မျက်လုံးတွေက ဖော်ပြနေပါတယ် ကွယ်"

ခင်လွန်းသီ၏မျက်လုံးများကို ဒက်ဒီလောက်များ သူ အာ ကြောင့် အကဲမခတ်မိရတာပါလိမ့်။

"ကျွန်တော်တော့ ဒီကိစ္စကို ကျွန်တော်တို့လူငယ်ချင်း ဆွေးနွေး ပြီး ဖြည်းဖြည်းစီစဉ်စေချင်တယ် ဒက်ဒီ"

"ဒက်ဒီကတော့ သားတို့နှစ်ယောက်သာ သဘောတူမယ်ဆိုရင်





ညစာစားပွဲမှာ သားတို့ရဲ့စေ့စပ်ပွဲကိုပါ ကြေညာလိုက်ချင်တယ်"

သူ အသက်ရှူကျပ်သလိုဖြစ်ကာ ဘာပြောရမှန်းမသိ။ တကယ် ဆို လိမ္မာယဉ်ကျေးသောသီကို သူလွယ်လွယ်ကူကူခေါင်းညိတ်ဖို့ ကောင်း၏။ သို့သော် သူ့အနေဖြင့် သီအပေါ်တစ်ခါမှ ဆန်းဆန်းပြား ပြားစိတ်မကူးဖူးကာကြောင့် ယခုအချိန်မှာအဖြေရခက်နေ၏။

"ကျွန်တော့်ကို စဉ်းစားခွင့်ပေးပါဦး ဒက်ဒီ၊ သီနဲ့လဲ ကျွန်တော် ညှိနှိုင်းလိုက်ပါဦးမယ်"

"အေး အေး သိပ်တော့မကြာစေနဲ့ပေါ့၊ ဒက်ဒီယုံပါတယ် ခင်လွန်းသီကတော့ လူကြီးတွေစကားပယ်ရှားမှာ မဟုတ်ဘူးလို့"

ဒက်ဒီက သူ့ကိုခပ်စူးစူးကြည့်ကာ ပြောလိုက်တာမို့ ရင်မော သွားရသည်။

ခင်လွန်းသီက မငြင်းဘူးဆိုရင် သူ့သဘောတစ်ခုသာ ကျန် သည် မဟုတ်လား။

ခက်တာက သီကိုခင်တာကလွဲလို့ သူချစ်၍မရပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ချစ်မိတော့လဲ မခွာချင် ကြိုက်မိတော့လဲ မခွာချင်၊ ဟောဒီကမ္ဘာတွင်..."

ကြည်လင်ချိုမြသောတေးသံနှင့် ပျော့ပျောင်းနွဲ့နှောင်းလှသော မင်းသမီးလေး၏ကဟန်သည် ပိုးပဝါဖြူကို လေထဲလွှင့်ထားသည်နှင့်တူ၏။ ကျစ်လျစ်သိပ်သည်းလှသော အနုပညာရုပ်များ ကိန်းဝပ်နေသည့် သူမ၏ကိုယ်လုံးလေးကမူ အချိုးအစားပြေပြစ်လွန်းသော ကျောက်ဆစ်ရုပ်လေးနှင့် တူလှသည်။

သူသည် ဖွင့်စကစိတ်မပါသော်လည်း ချောမောလှပကာ ပျော့ပျောင်းညွတ်နွဲ့စွာ ကွတတ်လွန်းသောမင်းသမီး၏ကဟန်မှာ စိတ်ပါဝင်စား လွင့်မျောသွားရလေ၏။

လှလိုက်တာ...

ညွတ်ညွတ်ပျောင်းပျောင်း ရှိလိုက်တာ၊ အသံလေးကအစ ကြည်သာချိုမြလွန်းလှ၏။

အံ့သြစရာပဲ။

မှန်တာပြောရလျှင် သူ့ဘဝတွင် အငြိမ့်နှင့်ပတ်သက်တာ ဒါ





ဝထမဆုံးအကြိမ် ကြည့်ဖူးတာပါ။ ကြည့်လျှင်ကြည့်ချင်းပင် မင်းသမီး၏လှပသော ရုပ်ရည်နှင့်နွဲ့ပျောင်းသောအကတို့က သူ့စိတ်ကို ဖမ်းယူညို့ငင်ဆွဲဆောင်လေ၏။

ကျောက်စိမ်းရောင်ဝတ်စုံလေးနှင့် ကသောအခါမှာတော့ သူ့စိတ်ထဲ မင်းသမီးဟုမမြင်ဘဲ ညကမှ အမှတ်မထင်ရောက်လာသော ကျောက်စိမ်းရုပ်တုလေးအသက်ဝင်ကာ ကျွမ်းကျင်စွာကပြနေသလိုလို။

တိုက်တိုက်ဆိုင်ဆိုင် ဒီကျောက်စိမ်းရုပ်တုလေးရောက်လာမှ ဒီမင်းသမီးလေးကို တွေ့ရတယ်လို့။

"မီးရောင်အောက်ကိုဝင်ရင် လူပြက်တွေနဲ့တွဲ..."

မင်းသမီးသည် အဖြူရောင်ဝတ်စုံ၊ ခရမ်းရောင်ဝတ်စုံများ ပြောင်းကာရှုမငြီးတမ်း တစ်ပုဒ်ပြီးတစ်ပုဒ်သီဆိုကပြသွားတာ ဘယ်တော့မှမမေ့ဟန်။

တိတ်ခွေပြီးဆုံးသွားချိန်မှာတော့ သူသက်ပြင်းမောတစ်ချက်ချလိုက်၏။

သူ ဆုံးဖြတ်လိုက်ပြီ။

နှစ်ပတ်လည်မိတ်ဆုံညစာစားပွဲမှာ ဒီအငြိမ့်ကိုထည့်ဖို့၊ သူ ဆောင်သသောကျလျက် ကျန်တဲ့လူတွေလည်း ဒီအငြိမ့်ကို နှစ်သက်သဘောကျမှာပါပဲ။

သူ ဖေါ်လှလှထံဖုန်းဆက်လိုက်သည်။ အခန့်သင့်ပင် ဖေါ်လှလှ နှင့်တွေ့သည်။

"ဟဲလို"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမလား ကျွန်တော်ဆက်မင်းဟန်ပါ"

"ရှင် ဟုတ်ကဲ့"

သူ့ထံမှ ဖုန်းဖြစ်တာကြောင့် ဒေါ်လှလှအံ့သြသွားပုံပင်။

"ကျွန်တော် ဆရာမပေးတဲ့တိတ်ခွေကို ကြည့်ပြီးပါပြီ"

"ဪ ဒါဆို"

"ဟုတ်ကဲ့ ကျွန်တော် အဲဒီအငြိမ့်ကို သဘောကျပါတယ်၊ အငြိမ့်က မြမြစိမ်းအငြိမ့်နော်၊ မင်းသမီးနာမည်ကရော မြမြစိမ်းပဲ မဟုတ်လား ဆရာမ"

"ဟုတ်ပါတယ် ကိုဆက်မင်းဟန်၊ ကျွန်မအနေနဲ့ ဒီအငြိမ့်ကို ကိုဆက်မင်းဟန်သဘောကျတယ်ဆိုလို့ အများကြီးဝမ်းသာမိပါတယ်"

"ဟုတ်ကဲ့ ကျွန်တော်တို့ကုမ္ပဏီရဲ့ နှစ်ပတ်လည်ညစာစားပွဲမှာ မြမြစိမ်းအငြိမ့်ကိုထည့်ဖို့ ကျွန်တော်ဆုံးဖြတ်လိုက်ပါပြီ"

"ကောင်းပါလေရဲ့ရှင် ဒါဆို မြမြစိမ်းအငြိမ့်ကိုငှားဖို့ ကိုဆက်မင်းဟန်နဲ့ ကျွန်မဆက်သွယ်ပေးပါ့မယ်"

"ကျေးဇူးပါပဲခင်ဗျာ"

ထို့နောက် သူ ဖုန်းချလိုက်၏။ စိတ်ထဲမှာ အငြိမ့်ထည့်ဖို့ ဆုံးဖြတ်လိုက်သည့်အတွက် ပေါ့ပါးသွားသည်။

ထို့နောက် သီ့ထံဖုန်းဆက်လိုက်သည်။

"သီ"

"ဪ ကိုဆက်"

သူဖုန်းဆက်၍ သီဝမ်းသာနေပုံပင်။





"ကိုယ်တော့ အငြိမ့်ခွေကြည့်ပြီးပြီ သီ"

"ဟုတ်လား ကိုဆက်သဘောကျလား"

"အင်း အဲဒါ ခုနကပဲဆရာမဒေါ်လှလှဆီ ဖုန်းဆက်လိုက်တယ် ညစာစားပွဲမှာ အငြိမ့်ကိုထည့်ဖို့"

"ကောင်းပါတယ် ကိုဆက်၊ လှက ဘာပြောလဲ"

"အငြိမ့်အဖွဲ့က တာဝန်ခံနဲ့ ကိုယ်နဲ့တွေ့ပေးမယ်လို့ပြောတယ်၊ ကိုယ်တို့ ရက်ကိုကြိုတင်သိနိုင်းဖို့လိုတယ် မဟုတ်လား"

"ဒါပေါ့ ကိုဆက်ရဲ့၊ လှနဲ့တွေ့ရင် သီပြောလိုက်ပါ့မယ်"

ထို့နောက် သီနှင့်စကားတချို့ပြောပြီး ဖုန်းချလိုက်၏။

နောက်နေ့မှာတော့ သီတို့ကျောင်းသို့ သူရောက်ခဲ့သည်။ သူ့ကိုမြင်တာနှင့် သီ့ဌာနမှဆရာမများက သီ့ကိုအပြေးအလွှား ခေါ်သား၏။

"ဪ ကိုဆက်"

သူ့ကိုတွေ့တော့ သီကပြုံးပြ၏။ အပြာနုဝတ်စုံလေးဖြင့် သီက အေးချမ်းလှပနေသည်။

"ဆရာမ ဒေါ်လှလှနဲ့တွေ့လား သီ"

"ဟုတ်ကဲ့ တွေ့ပါတယ် ကိုဆက်၊ လှ ကလပ်စ်ဝင်နေတယ် ဆက်အချိန်ရတယ် မဟုတ်လား"

သူ နာရီတစ်ချက်ကြည့်လိုက်၏။ အမှန်တော့သူ့တွင် အချိန် သိပ်ရှိလှတယ် မဟုတ်ပါ။

"ရပါတယ် ကိုယ်စောင့်နေလိုက်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကိုဆက် ကင်းတဲင်းသွားရအောင် လာလေ"

သီဦးဆောင်ကာ ကင်းတဲင်းသို့လာခဲ့၏။ အတွဲညီလှသော သီတို့နှစ်ယောက်ကို ကင်တဲင်းရှိမျက်လုံးများက အကဲခတ်သလိုကြည့်သည်။

"အဲဒါ ဆရာမဒေါ်ခင်လွန်းသီရဲ့ အမျိုးသားပေါ့"

"ချောတယ်နော်၊ သူတို့လက်ထပ်ပြီးပြီလား"

"ဟင့်အင်း မိဘချင်းသဘောတူထားတယ် ပြောတာပဲ"

"သြော်"

တီးတိုးစကားများကို သီကမကြားသလို တည်တည်ငြိမ်ငြိမ် မျက်နှာဖြင့်–

"ကိုဆက် ဘာသောက်မလဲဟင်"

"ကော်ဖီပဲ မှာလိုက်ပါ"

သီက ကော်ဖီနှစ်ခွက်မှာလိုက်သည်။

လန်းဆဲန်းတက်ကြွနေသော ကျောင်းသူကျောင်းသားတွေ မြင်ရတော့လည်း ကုန်းဆုံးခဲ့သောတက္ကသိုလ်ကျောင်းသားဘဝကို သတိရသလိုလို။

"ကိုဆက်က မလာစဖူးလာတော့ သီကအံ့သြနေတာ"

"အဟွန်း ဟုတ်တယ်၊ အမှန်တော့ ကိုယ်လဲ အလုပ်မအားတာနဲ့ မရောက်ဖြစ်တာပါ၊ ခုဟာ ဒ်တိတ်ခွေလဲပြန်ပေးရင်း"

"သြော် အငြိမ့်ခွေလား"

သူ ခေါင်းညိတ်လိုက်၏။





"လှဆီက ခဏငှားပြီး သီလဲကြည့်လိုက်ဦးမယ်"

"သီက အငြိမ့်ဝါသနာပါလို့လား"

"အဟင်း မှန်တာပြောရရင် မပါဘူးလေ၊ ဒါပေမဲ့ ကိုဆက်က ဒီအငြိမ့်ကို သဘောကျတယ်ဆိုတော့ သီ ကြည့်သင့်တယ် မဟုတ်လား"

သူနှင့် ဘက်ညီဖို့ ကြိုးစားနေသလားဟု အကဲခတ်မိ၏။

"သီ"

"ဘာလဲ ကိုဆက်"

"အန်ကယ်က သီ့ကိုဘာပြောသေးလဲ"

"ဟင်"

ရုတ်တရက်သူ့အမေးကို သီနားလည်ဟန်မရှိ၊ သူ့ကို မျက်လွှာလေးပင့်ကာကြည့်သည်။

"ကိုဆက် ဘာမေးတာလဲဟင်"

"သြော် ဟိုလေ ဒီရက်ပိုင်းမှာ အန်ကယ်က သီ့ကိုဘာတွေများ ထူးထူးခြားခြား ပြောသေးလဲလို့ပါ"

သူမ တစ်ချက်မျှစဉ်းစားလိုက်ပြီးမှ ခေါင်းအသာခါယမ်း၏။

"ဟင့်အင်း ဖေဖေဘာမှမပြောပါဘူး၊ ဘာဖြစ်လို့လဲ ကိုဆက်"

"သြော် ဘာမှမဟုတ်ပါဘူး၊ ဟောဟိုမှာ ဆရာမဒေါ်လှလှ မဟုတ်လား"

သီကြည့်လိုက်တော့ လှက ကင်းတဲင်းသို့လျှောက်လာ၏။ သူတို့ကို လှကလှမ်းပြုံးပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"လှ ကလပ်စ်ပြီးပြီလား"

"ဟုတ်တယ် သီ၊ ကလပ်စ်ပြီးတာနဲ့ သိမှာခဲ့လို့ လိုက်လာတာ၊ ကိုဆက်မင်းဟန် ရောက်နေတာကြာပြီလား"

သူပြုံးလျက် ခေါင်းယမ်းပြလိုက်၏။

"မကြာသေးပါဘူး ဆရာမ၊ တိတ်ခွေပြန်ပေးရင်းနဲ့ အငြိမ့်အကြောင်းမေးရအောင် လာခဲ့တာပါ"

"ဪ"

လှက တိတ်ခွေကိုလှမ်းယူကာ အိတ်ထဲထည့်ဖို့ပြင်သည်။

"လှရေ ဒါ လှရဲ့ကိုယ်ပိုင်အခွေ မဟုတ်လား၊ သီ တစ်ရက်လောက်ကြည့်ချင်လို့ ရမလားဟင်"

"အို ရတာပေါ့ကွယ်၊ ဘာလဲ သီလဲအငြိမ့်ဝါသနာ ပါလာပြီလား"

"အဟင်း ကိုဆက်ကက ဒီအငြိမ့်ကိုသဘောကျတယ်ဆိုတော့ သီစိတ်ဝင်စားလို့ပါကွယ်"

"ဒါဖြင့် ယူသွားလေ၊ တကယ်တော့ မြစိမ်းက သိပ်အကကောင်းတဲ့မိန်းကလေးပါ"

"ဟင် မြစိမ်း ဟုတ်လား"

"ဟုတ်တယ် သီရဲ့၊ ဒီအငြိမ့်အဖွဲ့ရဲ့ ခေါင်းဆောင်မင်းသမီးအမည်ကမြမြစိမ်းတဲ့၊ လှတို့ကတော့ လွယ်လွယ်မြစိမ်းလို့ခေါ်တယ်၊ လှရဲ့တပည့်မလေးတစ်ယောက်ပဲလေ"

"ဪ"





"ဒါဆို အဲဒီမြစိမ်းက တက္ကသိုလ်ကျောင်းသူပေါ့ ဆရာမ"

သူဝင်မေးလိုက်၏။

အငြိမ့်မင်းသမီးတစ်ယောက် တက္ကသိုလ်ကျောင်းသူဖြစ်နေတာ အနည်းငယ်တော့ အံ့ဩစရာကောင်းသည်။

"အေးကျောင်းသူတော့ မဟုတ်ပါဘူး၊ မြစိမ်းက အဝေးသင်နဲ့ တက်နေတာပါ၊ သူက တစ်ဖက်အငြိမ့်ကရတယ် မဟုတ်လား"

"ဪ ဒါကြောင့် လှပြောတဲ့မြစိမ်းကို သီမသိတာကိုး"

"ဟုတ်တယ် လှတို့ဌာနပွဲတုန်းက သီ့ကို ဖိတ်သေးတယ်လေ၊ သီ ခရီးထွက်နေတာနဲ့ မလာဖြစ်တာမဟုတ်လား၊ အဲဒီတုန်းက မြစိမ်းတို့အဖွဲ့ပဲ လာကတာလေ"

"ဪ"

သီက ခေါင်းလေးတညိတ်ညိတ်ဖြင့် နားထောင်နေ၏။ ဆရာမ ဒေါ်လှလှပြောသမျှ သူလည်း စိတ်ဝင်စားစွာနားထောင်နေမိသည်။

"ဪ ကိုဆက်မင်းဟန် ကျွန်မကတော့ မနက်ဖြန်ဌာနဆိုင်ရာ အစည်းအဝေးရှိလို့ လိုက်နိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် ကိုဆက်မင်းဟန်ကို မြစိမ်းရဲ့လိပ်စာကတ်ပဲပေးလိုက်မယ်၊ ကျွန်မလွှတ်တယ်လို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့ ကျေးဇူးပဲဆရာမ သီရော မနက်ဖြန်လိုက်နိုင်လား"

"ဆောရီးပဲ ကိုဆက်ရယ်၊ သီတို့လဲ အစည်းအဝေးရှိနေတယ်"

"ကောင်းပြီလေ ဒါဆို ကိုယ်ပဲသွားလိုက်ပါ့မယ်၊ သူတို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒိတ်ယူရဦးမှာ မဟုတ်လား၊ ဒါကြောင့် စောစောသွားတွေ့ဖို့ စိတ်ကူးထားတယ်"

"သီ မလိုက်နိုင်တာ ခွင့်လွှတ်နော် ကိုဆက်"

"ရပါတယ်ဗျာ"

သူနှုတ်ဆက်ပြီး ထွက်ခဲ့၏။

နောက်တွင်ကျန်ရစ်ခဲ့သောလှက သီ့ကိုစနေ၏။

"တကယ်ဆို သီညံ့တာကွယ်၊ မနက်ဖြန် ခွင့်ယူပြီး မောင်တော်နောက်ကို လိုက်သွားရမှာ"

"အို လှကလဲ ပါမောက္ခအကြောင်းလဲသိသားနဲ့ မဖြစ်ပါဘူးကွယ်"

တကယ်ဆို သီကတာဝန်ကျေသူမို့ တော်ရုံဖြင့်ခွင့်မပျက်တတ်ပါ။ ဒါကိုသိသောလှက တမင်စနေခြင်းပါ။

မှန်တာပြောရလျှင်တော့ သီ့စိတ်ထဲကိုဆက်နောက်သို့ လိုက်သွားချင်မိပေမဲ့ တာဝန်ကပထမမို့ သက်ပြင်းတစ်ချက်သာ ကျိတ်ချလိုက်ရ၏။

* * *





တကယ်ဆို ဒီလိုနေရာသို့ သူကိုယ်တိုင်လာစရာမလိုပါ။ သို့သော် သူ့စိတ်က ဘာကြောင့်မှန်းမသိ လာချင်နေ၏။ ထို့ကြောင့် ဒီနေ့အလုပ်အားတာနှင့် မြမြစိမ်းအငြိမ့်အဖွဲ့ရှိရာ လိပ်စာအတိုင်း လာခဲ့လိုက်သည်။

မြမြစိမ်း၏အိမ်လိပ်စာအတိုင်းဆိုလျှင် သာမန်ရပ်ကွက်လေးတစ်ခုမှာရှိသည်။ သူ ကားကိုဖြည်းဖြည်းချင်း မောင်းလာလိုက်၏။ လမ်းမှာတွေ့သော လူတစ်ယောက်ကို မြမြစိမ်းအိမ်မေးကြည့်မိ၏။

"မြမြစိမ်းအိမ် ဘယ်နားမှာလဲခင်ဗျ"

"ဩော် မြစိမ်းကိုပြောတာလား၊ ဒီလမ်းအတိုင်းသွားပါ နှစ်အိမ်ကျော်ရင် ရောက်လိမ့်မယ်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲခင်ဗျာ"

သူစီးလာသောကားကြောင့် ရပ်ကွက်ထဲကလူတချို့က မသိမသာအကဲခတ်၏။

အင်း အမှန်ဆို ဒီလင့်ဇရှဆာကားနဲ့လာမယ့်အစား ဗင်ပေတ်စီးလာသင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှ လူတွေစိတ်ဝင်စားခြင်း နည်းနိုင်သည်မဟုတ်လား။ ဟော တွေ့ပါပြီ။

မကျဉ်းမကျယ်ခြံဝန်းလေးထဲမှာ ရေနံချေးများသုတ်ထားသော တစ်ထပ်သွပ်မိုးပျဉ်ထောင်အိမ်လေးက သပ်ရပ်လှပစွာရှိနေ၏။

သူခြံရှေ့မှာ ကားကိုရပ်လိုက်၏။ ထို့နောက် ပွင့်နေသော ခြံတံခါးမှရပ်ကာ–

"အိမ်ရှင်တို့ အိမ်ရှင်တို့"

ဆိုစဉ်–

"မောင်အရင်လိုမဟုတ်တော့ဘူး ကျွန်မကိုများ မချစ်တာလား"

ကြည်လင်ချိုမြသောအသံ သီချင်းဆိုသံကြားလိုက်ရတော့ သူတိတ်ဆိတ်စွာ နားထောင်မိလိုက်၏။ သီချင်းဆိုသံက ခြံထောင့်ရှိ ပိတောက်ပင်ကြီးအနားမှ ပေါ်လာတာကြောင့် ကြည့်လိုက်တော့–

"ဟင်"

ရေတွင်းဘေးကကျောက်ပြားပေါ်တွင် ထဘီရင်လျားဖြင့် အဝတ်လျှော်နေသော ဖြူဖွေးသန့်စင်လှပသည့် အမျိုးသမီးတစ်ယောက်။

သူမကလည်း ယခုမှသူ့ကို တွေ့သွားဟန်ဖြင့်–

"အို"

သူမသည် နေရာမှဆတ်ခနဲရပ်ကာ အပေါ်ပိုင်းကိုလက်နှစ်ဖက်ဖြင့် ယောင်လျက်အုပ်ထား၏။

"ဟို ဟို ကျွန်တော်"





"ရှင် ရှင်"

နှစ်ယောက်သား မျက်နှာတွေနီကာ ဘာပြောရမှန်းမသိဖြစ်စဉ် သူမကဖျတ်ခနဲ အိမ်ထဲပြေးဝင်သွားတာကြောင့် သူခပ်ငေးငေးကြည့် ဖြစ်၏။ ရေချိုးပြီးခါစမို့ သူမ၏ဖြူဖွေးကြည်လင်သော အသားပေါ်မှာ ရေစက်တို့က ပုလဲဥအလားခိုတွဲလျက်၊ ရေစိုထားသောလုံချည်ကြောင့် သူမ၏အချိုးအစားပြေပြစ်လွန်းသော ကိုယ်ခန္ဓာမှာအရှိအတိုင်း ပေါ် လွင်ကာ စင်ရော်တောင်မျက်ခုံးနက်နက်၊ မျက်တောင်ထူကော့ကော့ များဝိုင်းရံလျက်ရှိသော လှပကြည်လင်သည့်မျက်လုံးအစုံ၊ ချွန်မြသော နှာတံလေး၊ တောင်တန်းသဖွယ်ဆင်းသွားလျက် အဖျားတွင် အနည်း ငယ်ကော့သွားကာ ဆေးမဆိုးဘဲနီရဲရဲအိနေသော နှုတ်ခမ်းထူထူလေးတို့ ကြောင့် သူမဟာ မြမြစိမ်းပဲဆိုတာ သူသိလိုက်၏။

ကြည့်စမ်း အပြင်မှာသဘာဝအတိုင်းမြင်လိုက်ရတဲ့ မြမြစိမ်း အလှက တိတ်ခွေထဲမှာထက် ပိုလှနေပါလား။

သူ သက်ပြင်းကျိတ်ချလျက် နေရာမှမရွေ့ရပ်နေစဉ် ခဏ အကြာမှာ နက်မှောင်သောဆံပင်များကို ဘီးဆံပတ်ပတ်လျက် နက်ပြာ ရောင်ရင်စေ့လက်ပြတ်အင်္ကျီ ပါတိတ်တစ်ပတ်နွမ်းဖြင့် တွဲဖက်လျက် မျက်နှာလေးအရှင်းသားဖြင့် အိမ်ရှေ့ထွက်လာ၏။

စောစောကအဖြစ်ကြောင့် သူမမျက်နှာလေး မသိမသာနီရဲကာ သူ့ရှေ့ မျက်လွှာချရောက်လာသည်။

"ဘာ ဘာကိစ္စရှိလို့ပါလဲရှင်"

သူမက သူ့ကိုမကြည့်ဘဲ တည်ငြိမ်သောအသံလေးဖြင့် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



မေး၏။ သူကိုယ်တိုင်လည်း စောစောကအဖြစ်ကို အားနာနေရပါသည်။

"ဟို ကျွန်တော် မြမြစိမ်းနဲ့တွေ့ချင်လို့ပါ"

"ဪ ဟုတ်ကဲ့ ကျွန်မမြမြစိမ်းပါရှင်၊ ကျွန်မကိုတွေ့ချင်တာက ဘာကိစ္စများပါလိမ့်ရှင်"

ယခုမှ သူ့ကိုအကဲခတ်သလိုကြည့်ကာ သူမမေး၏။ သူမ စိတ်ထဲလည်း အနည်းငယ်မျှအံ့သြထူးဆန်းနေပါသည်။ အရပ်မြင့်မြင့် ချောချောခန့်ခန့်ဖြင့် အနောက်တိုင်းဝတ်စုံအပြည့်နှင့် သူက သူမကို ဘာကိစ္စတွေ့ချင်ရတာလဲ။ ရှေ့မှာရပ်ထားသော ကားအကောင်းစား ကြီးကလည်း သူ့ကားထင်ပါရဲ့။ မှန်တာပြောရလျှင် သူမဆီသို့ ဤကဲ့သို့ အဆင့်မြင့်မားခန့်ညားသော ဧည့်သည်မျိုးမလာဖူးပါ။

"ဒါ ကျွန်တော့်ကုမ္ပဏီလိပ်စာကတ်ပါ၊ ကျွန်တော်လာတာက"

"အို ကျွန်မမေ့သွားတယ်၊ အိမ်ထဲဝင်ပါဦးရှင် ကိစ္စရှိတာ အိမ်ထဲရောက်မှ ပြောပါရှင်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ"

သူမဦးဆောင်ကာ အိမ်လေးထဲဝင်ခဲ့၏။ ပြောင်လက်နေသော လျှောထိုးကြမ်းပြင်နှင့် အိမ်လေးမှာ အထဲတွင်သေသပ်စွာဖွဲ့စည်းထား သည်။ ဧည့်ခန်းမှာ သစ်သားဆက်တီတစ်စုံချထား၏။

ရှင်းသင်းသပ်ရပ်သောအိမ်လေးကို ကြည့်ကာ သူမရဲ့လက်ရာ တွေပဲဟု တွေးမိ၏။

"ထိုင်ပါရှင်"

"ဟုတ်ကဲ့"





တိတ်ဆိတ်နေသောအိမ်လေးမှာ သူမမှလွဲ၍ တခြားဘယ်သူမှ ရှိသလိုပင်။ သူအကဲခတ်နေတာကိုသိဟန်ဖြင့် သူမက–

"ဒီမှာတော့ ကျွန်မနဲ့အမေပဲရှိတယ်၊ အမေက သိပ်နေမကောင်း တော့ နေ့ခင်းဘက်တစ်ရေးအိပ်တယ်လေ"

"ဪ ဟို ကျွန်တော်လာတာက မြမြစိမ်းရဲ့အငြိမ့်အဖွဲ့ကို တွေ့ချင်လို့ပါ"

"ရှင်"

သူမအံ့သြဟန်ဖြင့် သူ့ကိုကြည့်သည်။ အနီးကပ်မြင်နေရသော သူမ၏ အပြစ်ဆိုစရာမရှိအောင် လှပမှုကြောင့် သူ့ရင်ထဲမှာ မောနေရ သည်။

"ဟို ရှင်က အငြိမ့်ငှားချင်လို့"

"ဟာ ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော့်ကို ဆရာမဒေါ်လှလှက လွှတ်လိုက်တာပါ၊ ဒီလိုပါ ရှေ့လထဲမှာ ကျွန်တော်တို့ကုမ္ပဏီရဲ့နှစ် လည်းညစာစားပွဲရှိပါတယ်၊ အဲဒီမှာ ကျွန်တော်က ဖျော်ဖြေရေး နဲ့စတိတ်ရှိုးတွေ ဘာတွေမထည့်ဘဲ မြန်မာဆန်ဆန်အငြိမ့်ပဲထည့် တာနဲ့ ဆရာမဒေါ်လှလှကအကြံပေးလို့ ကျွန်တော် မြမြစိမ်းဆီ ရောက်လာတာပါ"

"ဪ ဆရာမက လွှတ်လိုက်တာကိုး"

"ဟုတ်ပါတယ် မြမြစိမ်းရဲ့အငြိမ့်တိတ်ခွေကိုလဲ ကျွန်တော် ကြည့်ပြီးပါပြီ"

သူမက လှပညှို့ရွှန်းရစွာဖြင့် သူ့ကိုကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်နာမည်က"

"ဟာ ဟုတ်သားပဲ ကျွန်တော့်ကိုယ် ကျွန်တော်မိတ်ဆက်ဖို့ မေ့သွားတယ်၊ ကျွန်တော် ဆက်မင်းဟန်ပါ၊ ဗစ်စတင်းကတ်မှာ ပါပါတယ်"

"ဪ ဟုတ်ကဲ့"

သည်တော့မှ သူမက သူပေးထားသောဗစ်စတင်းကတ်ကို ငုံ့ကြည့်၏။

ဒါရိုက်တာဆိုပါလား။

သူ့လိုလူကြီးလူကောင်းတစ်ယောက်က သူမအိမ်ထိလိုက်လာတယ်ဆိုတော့ အားနာစရာ။ ထို့နောက်သူမက မျက်တောင်ကော့များ ပင့်လာကာ–

"ဦးဆက်မင်းဟန်က ကျွန်မရဲ့အငြိမ့်ကိုလာငှားတယ်ဆိုတော့ ဝမ်းသာပါတယ်ရှင်၊ ဒါပေမဲ့ ကျွန်မကခေါင်းဆောင်မင်းသမီးသာ ဖြစ်တာ၊ အငြိမ့်အဖွဲ့ကို ကျွန်မပိုင်တာမဟုတ်ပါဘူး၊ ဒါကြောင့် အငြိမ့်ပိုင်ရှင်နဲ့ ကျွန်မဆွေးနွေးကြည့်ပါဦးမယ်ရှင်"

တစ်လုံးချင်း ဖြည်းညင်းစွာပြောနေသူလေးကို သူမျက်တောင်မခတ်ကြည့်မိ၏။

ဘာအခြယ်အသမှမရှိဘဲနဲ့ သဘာဝအတိုင်း သိပ်ကိုလှပတဲ့ မိန်းကလေးပါလား။

သူမ၏အသားအရေလေးများမှာ ဖြူဖွေးနေကာ အကြောစိမ်းလေးများပင်မြင်နေရသည်။ ဖြူဖွေးနူးညံ့သောအသားအရေမှာ မျက်ခုံး





ကော်နက်၊ မျက်တောင်နက်နက်၊ ဆံပင်နက်နက်များကြောင့် လှပလွန်းသောကြွေရုပ်လေးနှင့်တူတော့၏။

"အို"

သူ၏စူးစိုက်ကြည့်မှုကြောင့် သူမမျက်နှာလေးနီကာ မျက်လွှာလေးချသွားသည်။ သည်တော့မှသူ အကြည့်လွန်သွားပြီဆိုတာ သတိပြုမိလိုက်၏။

"ဟို အဲဒီအတွက် အခက်အခဲများရှိမလားခင်ဗျာ"

သူမက မျက်နှာလေးနီနီဖြင့် သူ့ကိုကြည့်သည်။

"ဦးဆက်မင်းဟန်က ဘယ်ရက်လောက်လိုချင်တာပါလဲရှင်"

သူမအသံမှာ နူးညံ့ချိုသာလွန်းတာကြောင့် သူ့နားထဲစိမ့်ဝင်နေ၏။

"ကျွန်တော် ဆယ်ရက်ပိုင်းလောက် လိုချင်ပါတယ်ခင်ဗျာ၊ အကယ်လို့မှ မမြစိမ်းတို့ဘက်က အခက်အခဲရှိမယ်ဆိုရင် ကျွန်တော်ကိုယ်တိုင် အငြိမ့်ပိုင်ရှင်ကို လိုက်ပြောပါ့မယ်"

"ခဏနော် အဲဒီရက်မှာ ပွဲရှိလားလို့ ကျွန်မကြည့်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

သူမက နေရာမှထလျက် အိမ်ထဲဝင်သွား၏။ ထို့နောက် ဒိုင်အာရီစာအုပ်လေးယူကာ ပြန်ထွက်လာသည်။ ထို့နောက် သူ့ရှေ့မှာပင် စာအုပ်ကို ဖွင့်ကြည့်၏။

"အို ဦးဆက်မင်းဟန်ပြောတဲ့ရက်က ပွဲရှိနေပါလား"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူမအပြောကြောင့် သူစိတ်ပျက်သွား၏။ သူ့အနေဖြင့် ထိုနေ့မှာ သူမအငြိမ့်ကိုပါအောင်ထည့်ဖို့ ဆုံးဖြတ်ထားသည်မဟုတ်လား။

သူမက စာအုပ်မှအကြည့်ခွာကာ သူ့ကိုအားနာသလိုကြည့်၏။

"ကျွန်မ စိတ်မကောင်းပါဘူးရှင်"

သူ မဲ့ခနဲတစ်ချက် ပြုံးလိုက်သည်။

"ဘယ်တတ်နိုင်မလဲဗျာ ကျွန်တော့်ကံပေါ့၊ ဒါနဲ့ အငြိမ့်ဇာတ်ပိုင်ဆရာရဲ့လိပ်စာလေး ကျွန်တော့်ကိုပေးနိုင်မလားခင်ဗျာ"

သူမက သူ့ကိုအကဲခတ်သလို တစ်ချက်ကြည့်သည်။

ထို့နောက် ခေါင်းလေးအသာညိတ်ကာ–

"ဟုတ်ကဲ့ ကျွန်မပေးနိုင်ပါတယ်"

စာရွက်ပေါ်မှာ သူ့ကိုလိပ်စာတစ်ခု ရေးပေးလိုက်လေ၏။ လှမ်းအယူမှာ လက်ချင်းထိမိသည်။ အံ့ဩစရာကောင်းစွာပင် သူမလက်နှင့်ထိမိခိုက် သူ့ရင်ထဲဘာကြောင့် စိမ့်ခနဲဖြစ်သွားရတာပါလိမ့်။

"ကျေးဇူးပဲ ကျွန်တော်ပြန်လိုက်ပါဦးမယ်"

"ဟုတ်ကဲ့"

သူမက ခြံဝအထိလိုက်ပို့၏။ သူ ကားပေါ်တက်ခါနီး သူမကို ပြုံးပြနှုတ်ဆက်သည်။

"နောက်တစ်ခါ ကျွန်တော်တို့ပြန်ဆုံဖို့ကို မျှော်လင့်ပါတယ်၊ ကဲ ကျွန်တော်သွားပြီ"

သူမ ခပ်ငေးငေးရပ်ကြည့်ကာ ကျန်ခဲ့၏။ ကားမောင်းရင်း သူ့မျက်စိထဲမှာ လှပနုဖတ်လွန်းသောသူမပုံကို မြင်ယောင်မိသည်။





"ဟင်း"

ဘာကြောင့်ပါလိမ့်။

မိန်းမများနှင့်ပတ်သက်လျှင် သူတစ်ခါမှ ဒီလိုမဖြစ်ဖူးပါ။ မြစိမ်းဆိုတဲ့ သူမနဲ့ကြမှ...။

သူ ကားကိုအငြိမ့်ဆရာအိမ်သို့ မောင်းလိုက်သည်။ သူဟာ ချင်တာတစ်ခုကို မရရအောင်ယူတတ်သူမဟုတ်လား။

* * *

"ကိုဆက် အငြိမ့်ငှားတာ အဆင်မပြေဘူးဆို"

"ဟင်"

ဒီညနေ သီရောက်လာကာ သူ့အားအငြိမ့်အကြောင်း မေး၏။ ျက်ခုံးမသိမသာတွန့်သွားလျက်–

"သီ့ကို ဘယ်သူပြောလဲ"

"လှပြောတယ် လှကို မြမြစိမ်းက ကိုဆက်လာတဲ့အကြောင်း တ်ပြောတဲ့ရက်က မအားလို့တကူးတကလာတဲ့ ကိုဆက်ကို ာန်လိုက်ရတာ အားနာမိတဲ့အကြောင်းပြောတယ်တဲ့၊ ဒါကြောင့် တစ်ဆင့် သိရတာ"

"ဪ"

သီ ဘယ်ကကြားလဲဆိုတာ သူသဘောပေါက်လိုက်၏။ မ်းက သူ့ကိုအားနာတယ်၊ စိတ်မကောင်းဘူးဆိုတာ လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျေနပ်သလိုလို။

"ဒါဆို ကိုဆက်ဘယ်လိုလုပ်မလဲဟင်"

မြမြစိမ်းထံ အတွေးရောက်သွားသောသူက သို့အသံကြောင့် မျက်ခုံးဆတ်ခနဲပင့်လိုက်၏။

"ကိုယ်ကတော့ ဆုံးဖြတ်ချက်ကိုမပြင်ဘူး သီ"

"ဟင် မြမြစိမ်းအငြိမ့်က ငှားမရဘူးဆို"

"အေးလေ ဒါပေမဲ့ ကိုယ်ကအငြိမ့်ထည့်မယ်ဆိုရင် ထည့်မှာ သီ သဘောပေါက်တယ်မဟုတ်လား"

"ဒါဆို တခြားအငြိမ့်ကို ငှားမယ်လို့ ကိုဆက်ပြောတာလား"

သူတစ်ချက် ပြုံးလိုက်၏။

"အဲဒီနေ့ကြမှ သီကြည့်ပေါ့"

"ကိုဆက်က ဝဟေဠိဆန်နေပြန်ပြီ"

သီမကျေမနပ်လေး မျက်စောင်းထိုးတော့ သူပခုံးတစ်ချက် တွန့်လိုက်၏။ ဒါက သူ့အကျင့်ပဲ။

"ဒါနဲ့ သီ့ကိုပြောရဦးမယ်"

"ဘာလဲ ကိုဆက်"

သူ သီ့မျက်နှာကို အားနာသလိုတစ်ချက်ကြည့်၏။

"အန်ကယ်က သီ့ကို ကိုယ်နဲ့ပတ်သက်ပြီး ဘာပြောလဲ"

ထိုအမေးကြောင့် သီ့မျက်နှာလေး မသိမသာပန်းနုရောင်သ သွား၏။

"ဟို"





"ပြောပါ သီ ကိုယ်နဲ့သီတို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြတာပေါ့"

ထိုအခါမှ သီက သူ့ကိုမဝံ့မရဲကြည့်လာ၏။

"ကိုဆက်ဒက်ဒီက ကိုဆက်ကို"

"ဟုတ်တယ် သီ၊ ဒက်ဒီက ကိုယ်နဲ့သီ့ကို လူကြီးချင်းသဘောတူထားတဲ့အကြောင်း ပြောတယ်"

"ဟုတ် ဟုတ်တယ် သီ့ကိုလဲ ဖေဖေပြောပြပါတယ်"

"ဒါဆိုရင် သီ့သဘောကရော"

"ရှင်"

သီ့ကို သူအားနာပေမဲ့ ဘဝတစ်သက်စာအရေးမို့ ရှင်းရှင်းလင်းလင်းပြောဖို့ ဆုံးဖြတ်လိုက်၏။

"ဒီလိုပါ သီ၊ တကယ်ဆို ကိုယ်နဲ့သီဟာ အရွယ်ရောက်ပြီးသား ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်တဲ့လူတွေပါ၊ ပြီးတော့ ကိုယ်နဲ့သီ ကြားမှာ ပွင့်ပွင့်လင်းလင်းဆွေးနွေးသင့်တယ် မဟုတ်လား"

သီ မျက်လွှာလေးချကာ ခေါင်းညိတ်လိုက်သည်။

"ဒက်ဒီက ပြောတယ်၊ လာမယ့်နှစ်ပတ်လည် ညစာစားပွဲမှာ ကိုယ်တို့စေ့စပ်တဲ့သတင်းကို ကြေညာချင်တယ်တဲ့၊ ဒါကြောင့် သီ့ သဘောကို ကိုယ်မေးတာပါ"

"ဟို ကိုဆက်သဘောကရော"

သူ ပင့်သက်တစ်ချက်ရှိုက်လျက်–

"ခက်တယ် သီ၊ လူကြီးတွေပြောတိုင်း ခေါင်းညိတ်ရအောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့က ကလေးတွေမဟုတ်ဘူးလေ၊ ပြီးတော့ အိမ်ထောင်ရေးဆို တာ တစ်သက်တာအရေးပဲ၊ ကိုယ်နဲ့သီက မောင်နှမတွေလို ခင်မင်ခဲ့ကြ တာပဲရှိတယ်၊ တစ်ဘဝစာလက်တွဲသွားဖို့ဆိုတာကတော့ ရှင်းရှင်းပဲ ပြောပါရစေ၊ သို့အပေါ်မှာ ညီမတစ်ယောက်လိုပဲ ကိုယ်သံယောဇဉ် ရှိတယ်"

"ဪ"

သီ ခေါင်းလေးငိုက်ကျသွားတာကို သူသတိထားမိရဲ့လား။ တကယ်ဆို သီက ရင်ထဲမှသူ့ကို ကျိတ်ချစ်နေတာမဟုတ်လား။ ခုလို သူ့သဘောထားကိုသိရတော့ သီဝမ်းနည်းရသွားရ၏။

"ကိုယ်ထင်ပါတယ် သီလဲ ကိုယ့်လိုပဲရှိမယ်ဆိုတာ"

သီ မဲ့မဲ့လေးတစ်ချက် ပြုံးမိ၏။ ကိုဆက်ရယ် သီချစ်နေတယ် ဆိုတာ ဘာကြောင့်မသိရတာလဲ။

"ဟုတ်တယ် မဟုတ်လား သီ"

သီ သက်ပြင်းလေးကျိတ်ချလိုက်၏။

"ဆိုလိုတာက ကိုဆက် ဒီကိစ္စကို လက်မခံနိုင်ဘူးဆိုတဲ့ သဘောလားဟင်"

"ဟုတ်တယ် သီ၊ သို့ဘက်ကရော"

"ခက်ပါတယ် ကိုဆက်ရယ်၊ သီဟာ ဖေဖေ့စကားကို တစ် သက်လုံးနားထောင်လာလေတော့ ခုကိစ္စမှာငြင်းဖို့ခက်ပါတယ်"

သို့ အကျပ်အတည်းကို သူသဘောပေါက်နားလည်ပါသည်။ သမီးအလိမ္မာလုပ်လာတဲ့သီဟာ ဒီကိစ္စဘယ်လိုငြင်းနိုင်မလဲ။





"ကိစ္စမရှိဘူး သီ၊ ဒီကိစ္စ ကိုယ့်တာဝန်ထားပါ၊ လူကြီးတွေ အလိုလိုက်ပြီး ကိုယ်တို့တစ်သက်လုံး စိတ်မချမ်းသာတာမျိုးတော့ လုပ်လို့မဖြစ်ဘူးလေ"

သူက ပြတ်ပြတ်သားသား ဆုံးဖြတ်ထားပုံနှင့်ပြော၏။ ဪ သို့ရင်ထဲ ဝင်ကြည့်စမ်းပါ။ သီ ရင်နာနေတာကို။

"ဒါဆို ကိုဆက် ဒီကိစ္စကို ငြင်းမယ်ပေါ့"

"ဟုတ်တယ် သီ၊ ကိုယ်နဲ့သီနှစ်ယောက်လုံးမှ ဆန္ဒမရှိတာ၊ ဒီကိစ္စ ဘယ်လိုဖြစ်နိုင်မှာလဲ"

"ဪ ဒါနဲ့ သို့ကိုညီမတစ်ယောက်လို သဘောထားပြီး အားရဦးမယ် သီ၊ သို့မှာ ချစ်သူတွေဘာတွေရှိလို့လားဟင်"

"အို"

သို့မျက်နှာလေးရဲတွတ်ကာ ခေါင်းကိုသွက်သွက်ခါယမ်း၏။

"ဆောရီး သီ၊ တကယ်လို့ သို့မှာရှိခဲ့ရင် စိတ်ချမ်းသာအောင် ကိုယ်က အန်ကယ်ကို ဝိုင်းပြောပေးမလို့ပါ"

"ကိုဆက်ရယ် သို့မှာ ဒီလိုမျိုးသာရှိခဲ့ရင် ဖေဖေ့ကို သီ အစောကြီးကတည်းကပြောပြီးပါပြီ၊ သီဟာ သီလုပ်တာမှန်သမျှ ဖေဖေ့ကို အမြဲအသိပေးတတ်ပါတယ်"

"အေးကွာ သီ လိမ္မာမှန်း ကိုယ်မေ့သွားတယ်"

သီကလည်း သူ့ကိုပြန်မေးချင်နေ၏။ သူ့မှာရော ချစ်သူ ရည်းစားရှိနေလားလို့။

"ကိစ္စမရှိပါဘူးလေ ကိုယ်တို့မဖြစ်နိုင်မှန်း သိနေကြတော့



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေကို ပွင့်ပွင့်လင်းလင်းပြောကြတာပေါ့"

သူ့ဘာသာ ဆုံးဖြတ်ချက်ချကာပြောနေသမျှ သီငြိမ်၍ နား ထောင်နေမိ၏။ တကယ်ဆို ကိုဆက်ဟာလည်း သားလိမ္မာတစ်ဦးပါ ယခုမှ လူကြီးတွေဆန္ဒငြင်းဆန်မည်ဆိုတာ ဘာကြောင့်ပါလိမ့်။

"သီ ပြန်တော့မယ်"

"ကိုယ် လိုက်ပို့ပေးမယ်လေ"

သည်လို ဂရုတစိုက်ရှိတဲ့အတွက်ပဲ သီဝမ်းသာရမလိုပါပဲ။ သူ့အေးမှာထိုင်ကာ လိုက်စီးပေမဲ့ သို့ရင်ထဲခါတိုင်းလို မပျော်တော့။ အေးတိုက်မြင်နေရသော သူ့မျက်နှာချောချောကိုကြည့်ကာ မကြာခဏ သက်ပြင်းကျိတ်ချမိရ၏။

"အိမ်ထဲဝင်ဦးလေ ကိုဆက်"

"မဝင်တော့ဘူး သီ၊ ကိုယ်သွားစရာရှိသေးလို့ ကဲ သွားမယ်"

"ဟုတ်ကဲ့"

ကိုဆက်ကားထွက်သွားမှ သီအိမ်ထဲဝင်ခဲ့၏။

"မမလေး သံပရာရည်အေးအေးလေး သောက်လိုက်ပါဦး"

သီ ခေါင်းခါယမ်းလိုက်တော့ မိလုံးအံ့သြဖွာကြည့်၏။

သီ အပေါ်ထပ်သို့ တောက်လျှောက်တက်ခဲ့လိုက်သည်။ သို့ ရင်ထဲကအပူဟာ ဘယ်အရာနဲ့မှ မငြိမ်းအေးနိုင်ဘူးဆိုတာ သီသာ အသိဆုံးမဟုတ်လား။

* * *ဝ





ဒီနေ့ ဦးဆက်မင်းဟန်တို့ကုမ္ပဏီနှစ်ပတ်လည် ညစာစားပွဲပါ လားဟု သူမပြင်ဆင်ရင်း သတိရလိုက်၏။ မြမြစိမ်းအငြိမ့်ဟု သူမ နာမည်တပ်ကာထောင်ထားပေမဲ့ တကယ်တမ်းမှာ ဒီဇာတ်ကို သူမပိုင်တာမဟုတ် အငြိမ့်ဆရာက ဦးလူရဖြစ်၏။

သူမအနေဖြင့် ဒီအငြိမ့်ကဇာကို ဝါသနာအရကသလို မမာ သောမိခင်ကြီးနှင့် ဝမ်းစာအတွက်လည်း ဒီပညာဖြင့်ငွေရှာရပါ၏။

သူမ၏အမေသည်လည်း တစ်ခါကအငြိမ့်မင်းသမီး တစ်ဦး ဝင်။ သူမဖခင်ကတော့ သူမငယ်စဉ်ကပင် ဆုံးပါးခဲ့သည်။ မိခင်၏ အမွေကိုဆက်ခံကာ သူမအငြိမ့်ကခဲ့ရပါသည်။

ဝါသနာရော စီးပွားရေးအရ အငြိမ့်ဟာ သူမဘဝပါ။ မြမြစိမ်း သည် မှန်ထဲမှာပေါ်လွင်နေသော သူမရုပ်ကိုစိုက်ကြည့်မိ၏။ ဖြူစင် ကြည်လင်သောအသားအရေနှင့် ချောမောလှပလွန်းသည့်ရုပ်ရည်၊ အချိုးအစားပြေပြစ်သောကိုယ်ခန္ဓာနှင့် နူးညံ့ပျော့ပျောင်းသောကပွဲကန်တို့ ကြောင့် သူမအငြိမ့်ဆိုလျှင် ကြိုက်သူတွေကများလှသည်။

အမှန်ပြောရလျှင် ဒီနေ့ခေတ်ဟာ အငြိမ့်တို့ ဇာတ်တို့ခေတ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ပါ။ သို့သော် သူမကတော့ ကံကောင်းစွာပင် နာမည်ရခဲ့၏။ ထို့ကြောင့်တစ်နှစ်မှာ ပွဲစဉ်အများဆုံးအငြိမ့်ကရတာဟာ သူမတို့အဖွဲ့ပါ။

ဒါဟာ သူမရဲ့လှပသောရုပ်ရည်နှင့် ကျွမ်းကျင်သောအကကြောင့်ဆိုလျှင် မမှား။

"အဟွတ် အဟွတ်"

"ဟော အမေ ချောင်းဆိုးပြန်ပြီလား"

"လည်ချောင်းယားတာပါ သမီးရယ်"

သူမသက်ပြင်းတစ်ချက် ကျိတ်ချလိုက်၏။ အမေ့ရောဂါက ဒီလိုတရှောင်ရှောင်နှင့် အိပ်ရာထဲလဲနေတာပါပဲ။ ဆရာဝန်တော့ မှန်မှန်ပြနေရ၏။

"မိအေး"

"ဟုတ်ကဲ့ မမ"

"မမ မရှိတုန်း အမေ့ကို သေချာဂရုစိုက်နော်"

"စိတ်ချပါ မမရဲ့"

မိအေးကို လက်တိုလက်တောင်းခိုင်းဖို့ ရွာမှခေါ်ထားခြင်းဖြစ်၏။ အမေ့တူမဝမ်းကွဲတော်သူ မိအေးဟာ အသက်ဆယ့်ငါးနှစ်သာ ရှိသေးတာမို့ ကလေးစိတ်ကုန်သေးတာမဟုတ်။

ထို့ကြောင့် အပြင်ထွက်ခါနီးတိုင်း သူမစိတ်မချစွာမှာရ၏။ ဒါပေမဲ့ မိအေးကချက်ပြုတ်တာလေးလည်းတတ်သည်မို့ တော်သေးသည်။





ခုနက ဦးဆက်မင်းဟန်ကို သတိရကာ သူတကူးတကလာငှားပါလျက် သူမတို့အငြိမ့်မအားတာကြောင့် ငြင်းလိုက်ရတာအတွက်ပါ။ အကယ်ဆို သူ၏တပည့်လက်သားတစ်ဦးဦးကို ခိုင်းစေလျှင် ရလျက်သားနှင့် သူ့ကိုယ်တိုင်လာတာမို့ အားနာစရာမဟုတ်လား။

ဆရာမဒေါ်လှလှ၏မိတ်ဆွေမို့ ပိုပြီးအားနာရပါသည်။ ထို့ကြောင့် ဆရာမကို တောင်းပန်ပြောပြထားခဲ့သည်။

သူမတို့အငြိမ့်မရလျှင် သူ ဘယ်အငြိမ့်သွားငှားပါသလဲ။ အကယ်ဆို သူတို့လိုကုမ္ပဏီပိုင်ရှင်တွေအနေဖြင့် အငြိမ့်တို့ဇာတ်တို့ကို အထင်ကြီးတတ်သူတွေ မဟုတ်။

သူ့ကြမှ လေးလေးစားစားဖြင့် လာငှားတာ အံ့သြစရာမဟုတ်လား။

"မြစိမ်းရေ မြစိမ်း"

သူမအတွေးကောင်းနေစဉ် အိမ်ရှေ့သို့ ဟိုင်းလက်စ်ကားတစ်စီး ဆိုက်လာကာ ကားပေါ်မှအသားညိုညို ကိုယ်လုံးကိုယ်ထည် ကြံ့ခိုင်ခိုင်ဖြင့်လူတစ်ယောက် ဆင်းလာ၏။

ထိုလူက အငြိမ့်ပိုင်ရှင်ဦးလူရ၏သား စိုးဒေဝါ။ စိုးဒေဝါကို မြင်လိုက်တာနှင့် သူမ၏စင်ရော်တောင်မျက်ခုံးနက်နက်လေး မသိမသာ တွန့်သွားသည်။

ဦးလူရက နောက်ပိုင်းမှာဒီအငြိမ့်ကို စိုးဒေဝါနှင့် လွှတ်ထား၏။ အခုတော့ ဦးလူရလည်း အသက်ကြီးပြီမို့ သိပ်မကျန်းမာချင်တော့။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ မြစိမ်း၊ အသင့်ဖြစ်ပြီလား"

စိုးဒေဝါက အိမ်ထဲသို့ဝင်လာရင်းမေး၏။ သူမက ဆံထုံးတွင် စပယ်ကုံးလေးပန်လိုက်ရင်း စိုးဒေဝါကို အလိုမကျသလိုကြည့်သည်။

"အိမ်ရှေ့မှာထိုင်နေပါလား ဒေဝါ၊ ဘာလို့ အခန်းထဲဝင်လာရတာလဲ"

"ဩော် မြစိမ်းရယ်၊ နင်နဲ့ငါက သူစိမ်းတွေမှ မဟုတ်တာ၊ ငယ်ငယ်လေးကတည်းက ဒီလိုဝင်ထွက်နေကြပဲဟာ"

"အေး အဲဒါ ငယ်ငယ်တုန်းက အခု ငါတို့ကလေးတွေ မဟုတ်တော့ဘူး ဒေဝါ"

"မြစိမ်းရယ် နင်ကလေ တဖြည်းဖြည်း ငါ့အပေါ် သူစိမ်းဆန်လာတယ်၊ ငါကတော့ နင့်အပေါ် ဘယ်တော့မှ အခင်မပျက်ဘူး"

"ကဲ နင်ထွက်သွားစမ်း"

"အေးပါဟာ"

ဒီလိုကြတော့လည်း စိုးဒေဝါကနာခံစွာ လှည့်ထွက်သွား၏။ တကယ်တော့ စိုးဒေဝါသည် သူမနှင့်ပတ်သက်လျှင် အနာခံတတ်သူပါ။ သူမစကားဆိုလျှင် နားထောင်တတ်၏။

မှန်တာပြောရလျှင် စိုးဒေဝါက ကြွပ်ဆတ်ဆတ်လူတစ်ဦးဖြစ်သည်။ ဦးလှူရတို့က ပိုက်ဆံရှိတာမို့ တစ်ဦးတည်းသောသားကို အလိုလိုက်တာမို့ စိုးဒေဝါဆိုးတာ မဆန်းပါ။

ဆယ်တန်းကိုလည်း ဆက်မဖြေတော့ပဲ ယောင်ချာချာလုပ်နေ၏။ ယခုနောက်ပိုင်းတော့ သူ့အဖေအခြံမြေကို ဦးစီးလာသည်။





ဒါကလည်း မြစိမ်းရှိ၍ပါ။

ငယ်ငယ်ကတည်းက ကစားဖော်ဖြစ်သောစိုးဒေဝါက သူမနှင့်ပတ်သက်လာလျှင် နည်းနည်းလေးမှ သည်းမခံတတ်။

အရွယ်ရောက်လို့ သူမကိုကောင်လေးတွေ စိတ်ဝင်စားတာမြင်လျှင် ရန်လိုရန်လုပ်တော့၏။ မြစိမ်းကြောင့် စိုးဒေဝါတစ်ယောက် ရန်ပွဲဖြစ်ရတာ ခဏ ခဏ။

"နောက်တစ်ခါ မြစိမ်းကို ထိကပါး ရိကပါးလုပ်ကြည့်စမ်း၊ နောက်တစ်ခါ မင်းတို့အသက်ထွက်သွားမယ်"

သူမနှင့်ပတ်သက်၍ စိုးဒေဝါရန်ဖြစ်တာကို ရှက်လှပါ၏။

"ဒီမှာ ဒေဝါ ငါ့ကိစ္စထဲ နင် ဝင်မပါပါနဲ့၊ ငါ့ကိစ္စ ငါ့ဘာသာ ရှင်းတတ်တယ်"

"ဩော် နင်က ဟိုကောင်တွေ စလိုက်ပေးတာ ခံချင်တာလား"

"ဘာ"

ထိုအခါမျိုးတွင် သူမမျက်နှာလေး ရဲရဲနီကာ စိုးဒေဝါကို အံကြိတ်ကြည့်တတ်၏။

"ဒေဝါနော် နင် စကားကိုကြည့်ပြော"

"အေး နင့်ပုံက ကန့်ကလျန့် ဟိုကောင်တွေက နင့်ကိုကြောက်ဆယ်ထင်လား၊ ဝါးတောင် စားသွားဦးမယ်"

"အို ငါ့မှာ ပါးစပ်ပါတာပဲ"

ထိုသို့ သူမပြောလျှင် စိုးဒေဝါက ခပ်မဲ့မဲ့ပြုံး၏။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



သူမကိုလည်း ခပ်စူးစူးစိုက်ကြည့်ကာ–

"ဘာလဲ နင်က နင့်ကို ရည်စားစကားလိုက်ပြောတဲ့လူတွေကို ကန်တော့ပန်းဆင်လွှတ်မလို့လား"

"ဒေဝါနော် အေး ငါက နင့်လိုလူမိုက်မဟုတ်တော့ ကန်တော့ပန်းဆင်သင့် ဆင်ရမှာပဲ"

"တောက် နင် ဘယ်ကောင်နဲ့မှ အရောတဝင်ပြောနေစရာ မလိုဘူး၊ ငါ လူမိုက် ဘာဖြစ်လဲ၊ ငါမိုက်တာ နင့်အတွက်မို့ ငါကျေနပ်တယ် ဒါပဲ"

သူပြောချင်ရာပြောပြီး စိုးဒေဝါကလုပ်မြဲအလုပ် ဆက်လုပ်၏။ တစ်ခုတော်သေးတာက အငြိမ့်ကလျှင် မျက်မှောင်ကုတ်ကုတ်နှင့် စိုးဒေဝါ အနားမှာရှိနေတာကြောင့် သူမအနားသို့ တော်ရုံဘယ်သူမှ မကပ်ရဲ။

တစ်ခါက အရက်မူးမူးဖြင့် လူတစ်ယောက်စင်ပေါ်သို့တက်ကာ သူမလက်ကိုဆွဲ၏။ စိုးဒေဝါက ဘာမပြောညာမပြောနှင့် ထိုလူကို လက်သီးဖြင့်ထိုးချလိုက်ရာ မှောက်လျက်လဲသွားသည်။

ထိုအချိန်မှစကာ သူမအနားသို့ ဘယ်သကောင့်သားမှ မကပ်ရဲ။ ဒါပေမဲ့ နာမည်ဆိုးတစ်ခုတော့ တွင်သွားပါသည်။

"စိုးဒေဝါဆိုတဲ့ကောင်က မြမြစိမ်းရဲ့ယောကျာ်းလားတဲ့"

ထိုစကားကိုကြားရတော့ စိုးဒေဝါကကျေနပ်သလောက် သူမ ဒေါသထွက်ရလေ၏။

"နင် နင် နောက်တစ်ခါ ဘယ်တော့မှ ငါ့အတွက်နဲ့ ဘယ်





သူ့နဲ့မှ ရန်မဖြစ်နဲ့"

"ဘာလဲ အရက်မူးသမားလက်ဆွဲတာကို နင်ခံချင်လို့လား မြစိမ်း"

သူမမျက်နှာလေး နီသွားသည်။

"အေး ဟုတ်တယ်၊ နင့်လိုလူနဲ့ ငါ့ကို လူတွေအထင်လွဲတာထက်စာရင် လက်အကိုင်ခံရတာမှ တော်သေးတယ်"

"ဘာ"

ဒီတစ်ခါ မျက်နှာကြီးရဲရဲနီသွားသူက စိုးဒေဝါ။ သူမကို မကျေနပ်သလို မျက်မှောင်ကြီးကုတ်လျက်ကြည့်၏။

"နင့်လက်ကို ဘယ်ကောင်ကိုင်ရဲလဲ၊ နင့်လက်ကို ကိုင်တဲ့ကောင် အဲဒီနေရာမှာ မသာပေါ်ပြီမှတ်"

"စိုးဒေဝါ နင် သိပ်မိုက်ရိုင်းပါလား"

"ဟင် ငါပြောပြီးပြီလေ နင့်အတွက် ငါမိုက်ရိုင်းမယ်၊ လူမိုက်လုပ်မယ်၊ ကဲ ဘယ်သူကပြောချင်သေးလဲ"

"နင် နင်"

သူမ စကားဆက်မပြောနိုင်ခင် စိုးဒေဝါလှည့်ထွက်သွားပြီ။ တောက် ဒီလိုလူမျိုးနဲ့ သူမဘာကြောင့် ပတ်သက်နေရတာပါလိမ့်။

အမိက သူမနဲ့အမေတို့ရဲ့ဝမ်းရေးအတွက် ပြီးတော့ ဝါသနာအတွက်။ တကယ်ဆို အမေနဲ့ဦးလူရတို့ဟာ ဟိုးအလျင်ကတည်းက မိတ်ဆွေတွေဖြစ်၏။ အမေသည် ဦးလူရ၏အငြိမ့်အဖွဲ့မှာပင် [illegible]ခဲ့သူ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူမနှင့်စိုးဒေဝါတို့ ငယ်ငယ်ကတည်းက ခင်မင်ရင်းနှီးတာ မဆန်း။

တစ်ခါက သူမဈေးမှအပြန် လူတစ်ယောက် နောက်မှလိုက်လာကာ–

"မြစိမ်း မြစိမ်း မြစိမ်းက မီးရောင်အောက်မှာတင် မဟုတ်ဘူးနော်၊ အပြင်မှာလဲ သိပ်လှတာပဲဗျာ၊ ဒီတော့ ယောဒီက ကျွန်တော့်စာလေးကို မြစိမ်းယူသွားပေးပါ"

"ဟင် ရှင် ရှင်"

သူမအသားလေးများ ဆတ်ဆတ်တုန်ကာ ထိုလူအားရန်တွေ့လိုက်ချင်၏။ သို့သော် နူးညံ့သိမ်မွေ့သောသူမနှုတ်ဖျားက ကြမ်းရှသောစကားတို့ကို မဆိုတတ်ပေ။

"ယူပါ မြစိမ်းရယ် မြစိမ်းကို ကျွန်တော်တကယ်ချစ်တာပါ"

"အို"

သူမလက်ကို ထိုလူဖျတ်ခနဲဆွဲအကိုင်မှာ–

"ဟိတ်ကောင်"

"ခွပ်"

"အို"

ဘယ်အချိန်က ရောက်လာမှန်းမသိသော စိုးဒေဝါ၏ပြင်းထန်သော လက်သီးချက်က ထိုလူ့မျက်နှာပေါ် အဆက်မပြတ်ရောက်သွားသည်။

"ဒေဝါ ဒေဝါ တော်တော့"





ဖူးရောင်လာသော ထိုလူ့မျက်နှာကိုကြည့်ကာ သူမ မနည်းတားရ၏။

"တောက် နောက်တစ်ခါ မင်း မြစိမ်းကို ဒီလိုနှောင့်ယှက်ကြည့်စမ်း၊ တစ်ခါတည်း အသက်ပါသွားမယ် နားလည်လား"

"ဟုတ် ဟုတ်ကဲ့"

ထိုလူသည် ချာခနဲလှည့်ကာ ထွက်ပြေးတော့၏။

စိုးဒေဝါ၏ဒေါသများ သူမဘက်လှည့်လာသည်။

"နေပါဦး နင်ကရော မိလုံးကိုအဖော်မခေါ်ဘဲ ဘာကြောင့် ယောက်တည်းသွားရတာလဲ"

"အို မိလုံးမှမအားဘဲ"

"ဟ ဒါဆို သွားစရာရှိရင် ငါ့ကိုခေါ်လိုက်ပေါ့၊ နင် ခုလိုမျိုး ယောက်တည်း ဟန်ရေးပြတော့ ဟိုလိုလူမျိုးနဲ့တွေ့တာ နည်းသေး"

"ဒေဝါနော် နင်ဟာလေ ငါကျေးဇူးတင်မယ့်စိတ်ကို အမြဲ အောင်လုပ်တယ်"

သူမခြေဆောင့်ကာ အနားမှထွက်ခဲ့၏။ စိုးဒေဝါ ကပ်ပါလာ

"ဒီမှာ မြစိမ်း နင် ငါ့ကိုကျေးဇူးတင်စရာမလိုဘူး၊ နင့်ကို လူ ငါ့ရန်သူပဲ"

သူမနှင့်ပတ်သက်လျှင် စိုးဒေဝါ ဘာကြောင့် ဒီလောက်ရန်လို သိမ့်ဟုတွေးမရခဲ့။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဖြေက မကြာမီပေါ်လာ၏။

တစ်နေ့ ဦးလှရှကြီး အမေ့ဆီရောက်လာကာ–

"မငွေရယ် ကျုပ်တော့ အချင်းချင်းပွင့်ပွင့်လင်းလင်း ပြော
မှာပဲဗျ၊ ကျုပ်သားက ခင်ပျားသမီးကို အင်မတန်မှ မေတ္တာရှိနေတ
မြစိမ်းဆိုတာကလဲ ကျုပ်အတွက် သမီးလေးတစ်ယောက်လိုပဲ မဟု
လား၊ ဒီတော့ ကျုပ်ကတော့ ကျုပ်သားနဲ့ ခင်ဗျားသမီးကို သဘော
တယ်ဗျာ"

ပွင့်ပွင့်လင်းလင်းကြီး ပြောချလိုက်သော ဦးလှရကြေ
ရုတ်တရက် အမေ ဘာပြန်ပြောရမှန်းမသိ၊ နောက်မှ သတိရ
"ကိုလှရရယ် ရှင်တို့ ကျွန်မတို့ဆိုတာ အထူးပြောစရာ
ပါဘူး၊ စိုးဒေဝါဆိုတာလဲ ကျွန်မအတွက် သားတစ်ယောက်လို
ဒါပေမဲ့ အိမ်ထောင်ရေးဆိုတာ တစ်သက်တာအရေးမို့ ကျွန်မ
လူကြီးချင်းသဘောတူရုံနဲ့ မပြီးသေးပါဘူးလေ၊ ကလေးတေ
သဘောထားကိုမေးပါဦးရှင်"

လူကြီးပီသစွာ အမေက ထိုစကားကိုဆိုလေ၏။ ဦးလှ
ခေါင်းတညိတ်ညိတ်ဖြင့်–

"ကျုပ်သားဘက်ကတော့ အထူးပြောစရာမရှိပါဘူး၊ မငွေ
လဲ ကျုပ်သားနည်းတူရှိလိမ့်မယ်လို့ ထင်ပါတယ်၊ ဘာဖြစ်လို့
တော့ သူတို့က ငယ်ငယ်ကတည်းက ရင်းရင်းနှီးနှီးနေလာကြ
မဟုတ်လား..."

"ဒီတော့ တစ်ယောက်နဲ့တစ်ယောက် ခိုင်ခိုင်မာမာ သံယော





လောက်တယ်လို့ ကျုပ်တော့ယူဆတယ်"

ဦးလှရပြောတာလည်း အမှန်မို့ အမေစဉ်းစားလေသည်။

"ကောင်းပြီလေ ဒါဖြင့် ကျွန်မ ဒီကိစ္စနဲ့ပတ်သက်ပြီး သမီးလေး
မေးကြည့်ပါဦးမယ်"

"ဒါဆို ကျုပ် အကြောင်းပြန်တာကို စောင့်နေပါ့မယ်၊ ဒါပေ
မငွေသိထားဖို့က ကျုပ်သားက ဟောဒီလောကမှာ ခင်ဗျားသမီး
စ်ယောက်ကိုသာ ချစ်တယ်ဆိုတာပါပဲ၊ တကယ်လို့ သူတို့နှစ်ဦး
င့်မြတ်ရင် ကျုပ်ကတော့ ကျုပ်ရဲ့စည်းစိမ်အားလုံး သူတို့ကိုလက်ဖွဲ့
ပါပဲဗျာ"

"ဒီစကားကြားရတာ ကျွန်မ ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မ
ဖို့ကတော့ သမီးလေးစိတ်ချမ်းသာရင် ပြီးတာပါပဲ"

ဤသို့ဖြင့် အမေက သူမကို ထိုအကြောင်းပြောပြလေ၏။

"အို မဖြစ်နိုင်ဘူး အမေ၊ သမီး စိုးဒေဝါကို မချစ်ဘူး"

သူမ ခါးသီးစွာငြင်းတော့ အမေကနားချသည်။

"ဒီလိုလဲ မဟုတ်သေးဘူးထင်တယ် သမီး၊ စိုးဒေဝါဆိုတာ
မီးနဲ့ ငယ်ငယ်ကတည်းက မောင်နှမလိုနေလာတဲ့သူပဲ၊ လူကြီးချင်း
လဲပြောစရာမရှိဘူး၊ ဦးလှရက သူ့သားနဲ့သမီးလက်ထပ်ရင် သူ့
သမျှစည်းစိမ်အကုန် လက်ဖွဲ့မယ်လို့လဲ ပြောတယ်၊ ဒါဟာ အမေ
ည်းမက်လို့ပြောတာ မဟုတ်ဘူးနော်၊ သမီးဘဝရှေ့ရေး အတွက်
အဆင်ပြေမှာကိုတွေးပြီး ပြောတာ၊ ပြီးတော့ စိုးဒေဝါ ကယ်
အတွက် သားတစ်ယောက်လိုမို့ အမေပြောတာပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ သက်ပြင်းကျိတ်ချလိုက်၏။ အမေ့စေတနာကို သူမ နားလည်ပါသည်။

"သမီး အမေ့စေတနာကို နားလည်ပါတယ်၊ ဒါပေမဲ့ အမေရယ် စိုးဒေဝါကို သမီး မောင်နှမတစ်ယောက်လိုပဲ သဘောထားတယ် သမီးရဲ့အိမ်ထောင်ရေးကို သမီးနှလုံးသားနဲ့ပဲ တည်ဆောက်ချင်ပါ တယ်"

အမေခေါင်းညိတ်ကာ သူမကိုကြည့်သည်။

"အမေ တစ်ခုတော့သတိပေးချင်တယ် သမီး၊ သမီးလဲ ကလေးတစ်ယောက်မဟုတ်တော့ဘူးဆိုတာ အမေသိပါတယ်၊ လူ့ဘဝ ဆိုတာ နှလုံးသားကိုချည်း ဦးစားပေးလို့မဖြစ်သလို အိမ်ထောင်တစ်ခု တည်ဆောက်ရာမှာ ကိုယ်ချစ်ထက် သူချစ်ကိုရှာတာ ပိုကောင်းပါတယ် ကွယ်၊ ကျန်တာကတော့ သမီးသဘောပါ"

ထို့နောက် အမေသည် သူမအိမ်ထောင်ရေးနှင့် ပတ်သက်ကာ ဘာမှမပြောတော့ပေ။ စိုးဒေဝါကို သူမ မချစ်နိုင်တာမို့ လက်မခံချင် ဘူးဆိုတာ အမေ နားလည်နိုင်ပါစေ။ တကယ်တော့ သူဟာ အမေ့ စကားကိုနားထောင်တတ်သော သမီးအလိမ္မာလေးမဟုတ်လား။

ယခုလည်း သူမအငြိမ့်ကရာသို့ စိုးဒေဝါလိုက်မည်။

* * *





"ဟင် ဒေဝါ ကားကို ဘယ်ကိုမောင်းနေတာလဲ"

သူမတို့အငြိမ့်ကမည့်နေရာမဟုတ်တာကြောင့် ကားမောင်းနေ သောစိုးဒေဝါကို မေးလိုက်မိ၏။

"အငြိမ့်ကမယ့် နေရာကိုလေ"

"အို ဒီနေရာမှမဟုတ်ဘဲ"

ကားက လူကုံထန်ဆိတ်ငြိမ်ရပ်ကွက်သို့ မောင်းနေခြင်းဖြစ် သည်။ စိုးဒေဝါက မဲ့ပြုံးပြုံးသည်။

"အဖေက ဒီနေ့အစီစဉ်ကိုဖျက်ပြီး ပွဲသစ်လက်ခံလိုက်တာ"

"ဟင်"

"ဟုတ်တယ် ဟိုမှာ အငြိမ့်အဖွဲ့တွေနဲ့အတူ အဖေ စောင့်နေ အိမ့်မယ်"

စိုးဒေဝါပြောရင်း ကားကိုခြံကျယ်ကြီးတစ်ခုတဲသို့ မောင်းဝင် လိုက်၏။

အို ခြံကြီးရှေ့မှာလည်း အကောင်းစားကားတချို့ကို တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သလို ခြံရှေ့မြက်ခင်းစိမ်းစိမ်းမှာ စားပွဲတွေချထား၏။ ရောင်စုံမီးသီးများက ထင်းရှူးပင်များတွင်ချိတ်ကာ တစ်ခြံလုံးလင်းထိန်လှပနေ၏။

"မင်းသမီး ရောက်လာပြီ"

တစ်စုံတစ်ယောက်၏ပြောသံနှင့်အတူ ကားက အငြိမ့်ပြင်ဆင်ရာတွင် ရပ်သွားသည်။

"ဟန်ကုမ္ပဏီ၏ နှစ်ပတ်လည် ညစာစားပွဲဆိုပါလား"

သူမ၏လှပသောမျက်ခုံးနက်ကလေးများ တွန့်သွားသည်။

ဒါ ဘယ်လိုဖြစ်တာလဲ။

ဦးလှုရက သူမကိုဆီးကြိုသည်။

"လာ မင်းသမီး"

"ဦးလေး ဒါက ဘယ်လိုဖြစ်တာလဲ၊ ကျွန်မ နားမလည်တော့ဘူး"

သူမအမေးကို ဦးလှုရကပြုံးသည်။

"ဟဲ ဟဲ အဖြေက ရှင်းရှင်းလေးပါကွယ်၊ မြစိမ်းကံကောင်းတာ ဦးလေးတို့အဖွဲ့ကို ဒီဟန်ကုမ္ပဏီကဒါရိုက်တာက သဘောကျလို့ဆိုပြီး သူများထက် သုံးဆပိုပေးပြီးငှားတာ"

"ဟင် ပိုက်ဆံပိုပေးလို့ နဂိုအစီအစဉ်ကိုဖျက်လိုက်တယ်ပေါ့၊ ဒီလိုလုပ်တာတော့ မကောင်းပါဘူး ဦးလေးရယ်၊ အရင်ရက်ပေးထားတဲ့လူတွေက ဘယ်လိုပြောမလဲ၊ ကျွန်မကို ငွေမက်တဲ့မင်းသမီးလို့ ထင်သွားမှာပေါ့"

သူမကို မတိုင်ပင်ဘဲလုပ်ခြင်းအတွက် ဦးလှုရကိုစိတ်ဆိုးမိ၏။





ဦးလှုရသည် ငွေရဖို့ဆိုလျှင် ဘယ်သူ့မျက်နှာမှမထောက်တတ်သူဆိုတာ အလျင်တည်းကသိပေမဲ့ ခုလိုလုပ်တာတော့ သူမလက်မခံနိုင်။

"စိတ်မဆိုးပါနဲ့ မင်းသမီးရယ်၊ ရတဲ့အမြတ်ကို ဦးလေးတစ်ယောက်တည်း မယူပါဘူး၊ မြစိမ်းကိုလဲ တစ်ဝက်ပေးမှာပါကွယ်"

"အို တော်ပါ ကျွန်မဟာ ပိုက်ဆံထက် ကတိတစ်လုံးကို ပိုတန်ဖိုးထားချင်သူဆိုတာ ဦးလေးသိသင့်ပါတယ်၊ ဦးလေး ဒီလိုလုပ်တာ ကတိဖျက်တာပဲ၊ တကယ်ဆို ဦးလေးအနေနဲ့ ကျွန်မကိုတိုင်ပင်ဖို့ကောင်းတယ်၊ အခု ကျွန်မ မကနိုင်ဘူး"

သူမ ပြောပြောဆိုဆို ပစ္စည်းများကောက်သိမ်းလေ၏။ ဦးလှုရ ပျာပျာသလဲဖြစ်ကာ သူမကိုတောင်းပန်သည်။

"ဟာ ဒီလိုတော့မလုပ်ပါနဲ့ ကုမ္ပဏီသူဌေးက သေချာငှားထားတာပါ၊ မြစိမ်းသာပြန်ရင် ဦးလေးသုံးဆလျော်ပေးရလိမ့်မယ်"

"အို ဒါကတော့ ဦးလေးကိစ္စပဲ"

သူမ တကယ်စိတ်ဆိုးနေပြီဆိုတော့ ဦးလှုရဘာလုပ်ရမှန်းမသိတော့ စီးဒေဝါကို အားကိုးသလိုကြည့်၏။

"ဟုတ်သားပဲ အဖေကလဲ တကယ်ဆို မြစိမ်းကို တိုင်ပင်သင့်တာပေါ့၊ ခုတော့ မြစိမ်း စိတ်ဆိုးပြီ"

ဦးလှုရ သားလုပ်ကဲ့သူကို ရိုက်ပစ်ချင်၏။ အစကတော့ ငွေသုံးဆပိုပေး၍ သူလည်း သဘောကျနေပြီးတော့။

"ဟိတ်ကောင် တော်စမ်း ခုဟာက တို့သုံးပွဲစာလောက်ပေးတဲ့ငွေကွ၊ ငါက အားလုံးအကျိုးရှိဖို့ ငှားလိုက်တာ၊ မြစိမ်းရယ် ဒီတစ်



www.burmeseclassic.com

www.burmeseclassic.com



ခါဆော့ ဦးလေးတောင်းပန်ပါတယ်၊ စောစောကတောင် သူဌေးက မင်းသမီးမလာသေးဘူးလားလို့ မေးနေတာ"

"ကဲ ကဲ အဖေတို့ကိစ္စ အဖေတို့ရှင်း၊ ကျွန်တော်တော့ ကိစ္စရှိလို့ သွားလိုက်ဦးမယ်"

စိုးဒေဝါရှောင်ထွက်သွားတာကြောင့် ဦးလှုရအေါ်သဖြစ်သွား၏။ တမင် မြစိမ်းစိတ်ဆိုးနေတာမို့ စိုးဒေဝါထွက်သွားခြင်း မဟုတ်လား။

"တောတ်... နည်းနည်းမှ အားမကိုးရတဲ့ကောင်"

သူမ သက်ပြင်းချကာ မျက်နှာငယ်လေးနှင့် ဦးလှုရကိုကြည့်လိုက်၏။

"နောင် ဒါမျိုးမလုပ်ပါနဲ့ ဦးလေး၊ အခုရတဲ့ အမြတ်ငွေတွေကိုလဲ အငြိမ့်အဖွဲ့သားအားလုံးကို အချိုးညီညီဝေပေးပါ"

"ကောင်းပါပြီကွယ်"

ယခုမှ ဦးလှုရလည်း သက်ပြင်းချနိုင်တော့၏။

ထိုစဉ်–

"ဦးလေး သူဌေးလာနေတယ်"

"ဟုတ်လား မြစိမ်း လာ"

ထိုစဉ်မှာပင် သူတို့ဆီသို့ အရပ်မြင့်မြင့် အနောက်တိုင်းဝတ်စုံအပြည့်နှင့် ချောမောခန့်ညားသော လူတစ်ယောက် ခပ်မတ်မတ်လျှောက်လာ၏။

"ဟင်"





ထိုလူကိုတွေ့လိုက်တော့ သူမ မှတ်မိလိုက်ပါသည်။

"ဦးဆက်မင်းဟန်"

"ဘယ်လိုလဲ ဦးလှုရ မင်းသမီးရောက်..."

သို့သော် သူ့စကားများ ရပ်သွားပါသည်။ ပန်းနုရောင်ဝတ်စုံလေးနှင့်ချောမောလှပစွာ ရပ်နေသောမြစိမ်းကို တွေ့လိုက်ရသည် မဟုတ်လား။

ဦးလှုရက မျက်နှာလိုမျက်နှာရဖြင့်–

"ဟဲ ဟဲ ရောက်ပါပြီ သူဌေး၊ မင်းသမီး ဒါ ဟန်ကုမ္ပဏီက သူဌေးလေးဦးဆက်မင်းဟန်တဲ့"

သူမက သူ့ကိုဣန္ဒြေလေးဖြင့် တည်တည်တံ့တံ့တစ်ချက်ကြည့်သည်။ ထို့နောက် တည်ငြိမ်စွာဖြင့် 'ဟုတ်ကဲ့'ဟု ခေါင်းညိတ်၏။

"သူဌေး ဒါ ကျုပ်တို့အငြိမ့်အဖွဲ့က ခေါင်းဆောင်မင်းသမီး မြမြစိမ်းပါ"

"ဟုတ်ကဲ့ မမြမြစိမ်းကို ကျွန်တော်သိပါတယ်"

"ဩော် ဒါဆို ပိုအဆင်ပြေသွားတာပေါ့ခင်ဗျ၊ မင်းသမီးရေ ခုနကတောင် သူဌေးက မင်းသမီးမလာသေးဘူးလားလို့ မေးခိုင်းသေးတယ် ဟဲ ဟဲ"

သူတို့နှစ်ယောက် အကြည့်ချင်းဆုံ၏။

"မမြမြစိမ်း ပွဲမစခင် တစ်ခုခုစားပါဦးခင်ဗျ"

သူဖိတ်ခေါ်တာကြောင့် သူမခြံထဲသို့လိုက်ခဲ့ရသည်။ ကျယ်ဝန်းလှသော ခြံကြီးထဲမှာ ပန်းမာလာမျိုးစုံနှင့် အလှမီးနီယံကြွပြားကပ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ထပ်ခွဲအဖြူရောင်တိုက်ကြီးက နက်မှောင်သောမိုးသားအောက်မှာ အစွမ်းကုန်လှပခန့်ညားလွန်းနေ၏။

* * *





"မမြမြစိမ်း ကျွန်တော့်ကို စိတ်ဆိုးနေသလားဗျာ"

လူခြောက်ယောက်ခန့်ဆံ့သော စားပွဲကြီးတွင် သူမတို့လို လူတန်းစားတွေအတွက် စားရခဲလှသောအကောင်းစားဟိုတယ်ကြီးမှ အကောင်းစား အစားအအစာများက စားပွဲနှင့်အပြည့်ပင်။

သူနှင့် သူမက မျက်နှာချင်းဆိုင်ထိုင်နေသည်။ တည်ငြိမ်စွာ ထိုင်နေသောသူမကို အကဲခတ်ရင်းမေး၏။

သူမ ညင်သာစွာခေါင်းခါယမ်းလိုက်သည်။

"ကျွန်မက ဘာကြောင့် ဦးဆက်မင်းဟန်ကို စိတ်ဆိုးရမှာလဲ"

"အဟွန်း ကျွန်တော်က မမြမြစိမ်းရဲ့အငြိမ့်ကို ရအောင်ငှား ခဲ့မိတယ် မဟုတ်လား"

သူမ မျက်လွှာချလိုက်သည်။

"အငြိမ့်ငှားတဲ့လူရှိရင်ကရမှာ ကျွန်မတာဝန်ပါ၊ ဒါပေမဲ့ ခု လိုပေးပြီးသားရက်ကိုဖျက်ပြီး ဦးဆက်မင်းဟန်ငှားတာကို လိုက်တာ ဆိုတော့ ကျွန်မနည်းနည်းမှ သဘောမကျဘူး၊ ဦးဆက်မင်းဟန်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲ ကျွန်မတို့ကိုငွေမက်တဲ့အငြိမ့်လို့ ထင်သွားမှာအစိုးရိမ်ဆုံးပါပဲရှင်"

"ဟာ ကျွန်တော် ဒီလိုလူစားမျိုးမဟုတ်ပါဘူး၊ ဒီလို ကတိပျက်အောင်လုပ်မိတာကိုပဲ ကျွန်တော့်မှာအပြစ်ရှိသလိုပါပဲ၊ ဒါပေမဲ့ ဒီနေ့မှာ မမြမြစိမ်းရဲ့အငြိမ့်ကို ငှားဖို့ ကျွန်တော်ဆုံးဖြတ်ထားလို့ပါ"

"ဦးဆက်မင်းဟန်က ငွေနဲ့ပေါက်ပြီး ကျွန်မတို့အငြိမ့်အဖွဲ့ကို ငှားတာ အကြောင်းမဟုတ်ပေမဲ့ တစ်ဖက်ကလူတွေက ကတိပျက်တဲ့သူအဖြစ် ကျွန်မတို့ကို အထင်သေးသွားမှာသေချာတယ်"

ဒါကြောင့် သူ့ကိုတွေ့တော့ သူမနှုတ်မဆက်နိုင်ဘဲ မျက်နှာလေးတည်နေတာကိုး-

"အဲဒီအတွက် ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

သူတကယ် စိတ်မကောင်းဟန်ဖြင့်ပြော၏။

"မလိုပါဘူး ဦးဆက်မင်းဟန်၊ ဒီလိုဖြစ်ရတာ အငြိမ့်ဆရာဦးလူရရဲ့ငွေမက်မှုကြောင့်ပဲ၊ ပထမတော့ ကျွန်မစိတ်ဆိုးပြီး ပြန်တောင်ပြန်တော့မလို့ပါပဲ၊ ဒါပေမဲ့ ဦးလူရကတောင်းပန်တာရယ် ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲ မမြမြစိမ်း"

သူမ ဖျော့ဖျော့လေး မဲ့ပြုံးပြုံး၏။

"ဦးဆက်မင်းဟန်ကို ကျွန်မအားနာလို့ပါ"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဦးလူရကိုလဲ စိတ်မဆိုးပါနဲ့၊ ကျွန်တော်ဇွတ်ပြောလို့ သူလဲငှားရတာပါ"

ထိုအခါ သူ့မျက်နှာကို သူမ မျက်တောင်ကော့များပင့်ကြည့်၏။ သူနှင့် အကြည့်ချင်းဆုံသည်။





"အေးလေ ဦးဆက်မင်းဟန်တို့လို လူတွေက ငယ်ငယ်ကတည်းက ဘာမဆိုလိုချင်တာရခဲ့တော့ ခုလဲ ဆန္ဒပြည့်ဖို့ အရေးကြီးတာပေါ့ မဟုတ်လား၊ အဲဒီလိုဆန္ဒပြည့်ဖို့လဲ ငွေဆိုတဲ့အရာက ဦးဆက်မင်းဟန်တို့လက်ထဲမှာ အသင့်ရှိနေတာကိုး၊ ကျွန်မတို့ကတော့ ဝါသနာနဲ့ငွေအတွက် အပျော်ဖြေအသုံးချခံလူတန်းစားတွေပါ၊ ကဲ ကျွန်မတို့နှင့်ပြုပါဦး"

တည်ငြိမ်စွာထွက်ခွာသွားသော သူမ၏နောက်ကျောပြင်လှလှကို ငေးစိုက်ကြည့်ဖြစ်သည်။

မြမြစိမ်းကို အငြိမ့်မင်းသမီးတစ်ယောက်အနေဖြင့်ပဲ သူသိထားခဲ့သည်။ ယခုလို သူမနှုတ်ဖျားက လေးနက်တဲ့စကားတွေ ပြောလာတော့ အံ့သြလေးစားရပါ၏။

အငြိမ့်သမတစ်ဦးမှာ ဘဝနဲ့ဆိုင်ရာ လေးနက်တဲ့အတွေးအခေါ်တွေ ရှိနေပါလား။

နှစ်ပတ်လည်ညစာစားပွဲကို စည်ကားစွာပဲကျင်းပခဲ့သည်။ လာကြသည့်ဧည့်သည်အားလုံး ဂုဏ်သရေရှိလူတန်းစားများမို့ တချို့က အငြိမ့်ထည့်တာကို အံ့သြနေသည်။

"ဘယ်လိုလဲ ဦးဆက်မင်းဟန် ခင်ဗျားက အများနဲ့မတူအောင် အငြိမ့်ထည့်လိုက်တာလား"

"အဟွန်း ဒါပေါ့ဗျာ၊ တစ်ခါလာလဲ စတိုင်ရှိုးနဲ့ ကျွန်တော်က သွင်ဆန်းစေချင်တယ်လေ"

"ဟဲ ဟဲ ဦးဆက်မင်းဟန်တို့က တော်တော်အဆန်းတကြယ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တာပဲ၊ ဒါပေမဲ့ တစ်မူထူးတာတော့အမှန်ပဲဗျ"

ကုမ္ပဏီနှင့်ပတ်သက်တဲ့ဧည့်သည်များမို့ တချို့နိုင်ငံခြားသား တွေပင် ပါဝင်၏။ အငြိမ့်ကတော့ မြမြစိမ်း၏ချောမောလှပမှုနှင့် ပျော့ပျောင်းနူညက်သောအက၊ ကြည်လင်ချိုမြသောအသံတို့ကြောင့် လာသမျှပရိသတ်အားလုံးကို ညှို့ယူဖမ်းစားနိုင်စွမ်းရှိလေ၏။

အထူးသဖြင့် နိုင်ငံခြားသားများက ပို၍သဘောကျ စိတ်ဝင်စား လေသည်။

"မင်းသမီးက ချောလှချည်လားဗျ၊ အချိုးအဆက်ကလဲပြေပြစ် အသံကလဲကောင်း၊ အကကလဲကောင်းနဲ့ ဘယ်သူလဲဗျ"

"ဟာ ခင်ဗျားကလဲ မြမြစိမ်းအငြိမ့်ပါဆိုမှ မြမြစိမ်းပေါ့ဗျ"

"သြော် လှလိုက်တာဗျာ"

ဧည့်ခံပွဲလာ အမျိုးသားတချို့၏မျက်လုံးများက သူမထံမှ မခွာတော့။ ဒက်ဒီနှင့်သူက ရှေ့ဆုံးတန်းမှ နေရာယူကာ ကြည့်သည်။

သူမ၏ကဟန်ဆိုဟန်များက သူ့အသည်းနှလုံးထဲအထိ စိမ့်ဝင် သွားသလိုပါပဲ။ သူမကိုချီးကျူး ဂုဏ်ပြုသံတွေ ကြားရတော့ ကျေနပ် ခြင်းနှင့်အတူ ဝန့်တိုသလိုဖြစ်ရ၏။

သူမကို သူတို့သဘောကျသွားမှုဖြင့်–

"ဒက်ဒီ ကျွန်တော်ငှားတဲ့အငြိမ့်ကို သဘောကျလား"

"အင်း မဆိုးပါဘူး၊ မင်းသမီးက အကတော်တော်ကောင်းတယ် ဧည့်သည်တွေအတွက် အသစ်အဆန်းတစ်မျိုးဖြစ်တာပေါ့"

ဒက်ဒီက သဘောကျတယ်ဆို၍ သူကျေနပ်သွား၏။ ဒက်ဒီ





သူတစ်ယောက်က ဒီလိုမျိုးသဘောကျဖို့ဆိုတာ ခဲယဉ်းသား။

သူက သူမကိုတက်ရောက်ဆုချလိုက်၏။

"ဟန်ကုမ္ပဏီရဲ့ဒါရိုက်တာ ဦးဆက်မင်းဟန်က ကျွန်တော်တို့ရဲ့ ခေါင်းဆောင်မင်းသမီး မမြမြစိမ်းကို ဆုတော်ငွေငါးသောင်းချီးမြှင့် ပါတယ်ခင်ဗျာ"

လက်ခုပ်သံများထွက်ပေါ်ကာ ဆူညံသွား၏။ ထိုအခါ ကျန်တဲ့ သူများကလည်း အားကျမခံသူမကို အပြိုင်ဆုချကြပြန်သည်။

"မစွက်ဂျိုးအန်ကာ ဒေါ်လာတစ်ထောင်"

နိုင်ငံခြားသားတွေပါဆုချတာမို့ ပွဲကစည်နေ၏။ သူမကတော့ ဆုချသူများအားလုံးကိုကျေးဇူးတင်ကြောင်းနှင့် အကကိုပါ ကျွမ်းကျင် စွာ ကသွားလေ၏။

ဦးလှရကတော့ ဆုတော်ငွေများအတွက် မျက်နှာကြီးမှာအပြုံး တွေလှိုင်လှိုင်ဝေနေ၏။

သူနှင့်အပြိုင်ဆုချတာမို့ မခံချင်ဖြစ်သွားရသည်။ မစ္စတာ ဂျိုးအန်ကာက ဘယ်လိုလူလဲဆိုတာ သူသိနေ၏။

တခြားသဘောကျတဲ့လူတွေကလည်း တစ်ယောက်ပြီး တစ် ယောက်။

"ဟဲ ဟဲ ဒါမျိုးလေးနဲ့သာတွဲရရင် အသက်ရှည်မယ်ထင်တယ် ဗျ"

"ဟော့လူ ကျုပ်အရင်မျက်စိကျထားတာနော်"

ထိုအသံတွေကြောင့် သူ့ရင်မှာ ပို၍ပူလောင်လာရ၏။ မြမြစိမ်း



www.burmeseclassic.com

www.burmeseclassic.com



၏အလုကို သူတို့ဆွဲငြိကုန်ကျပြီ။

ပွဲပြီးတော့ ပြဿနာတက်သည်။ မစ္စတာဂျိုးအန်က မြမြစိမ်းကို သူလိုက်ပို့မည်ဟုပြောကာ ဖွက်ခေါ်လေသည်။

"နိုး ဟင့်အင်း ကျွန်မဘာသာ ပြန်ပါ့မယ်"

"ဟဲ ဟဲ မင်းကသိပ်ခင်စရာကောင်းလို့ပါ၊ ငါ မင်းနဲ့ မိတ်ဆွေဖြစ်ပါရစေ"

မြန်မာပြည်မှာနေတာကြာပြီမို့ မစ္စတာဂျိုးအန်က မြန်မာစကားကို လိပ်ပတ်လည်အောင်ပြောတတ်သည်။ သူ့မျက်နှာလေး ရဲရဲနီကာ ဒေါသဖြင့်ကြည့်၏။

"ရှင်နဲ့ကျွန်မဟာ လူမျိုးချင်းမတူပါဘူး၊ ဒါကြောင့် ရှင့်ကို မိတ်ဆွေအဖြစ် မခင်နိုင်ပါဘူး"

ထိုသို့ပြဿနာတက်နေစဉ် သူရောက်သွား၏။

"ဘာဖြစ်နေတာလဲ မြမြစိမ်း"

ညော့သည်တွေကို နှုတ်ဆက်ရတာမို့ ရုတ်တရက်သူမအနားကို သူမရောက်နိုင်ခဲ့တာပါ။

မစ္စတာဂျိုးအန်ကိုကြည့်ကာ အခြေအနေကိုသဘောပေါက်လိုက်၏။

"ဒီလူ ကျွန်မကိုဖွတ်ပြန်ပို့မယ် ပြောတနေတယ် ဦးဆက်မင်းဟန်"

"ဟဲ ဟဲ ဦးဆက်မင်းဟန်ရယ် ကျွန်တော်က သူနဲ့မိတ်ဆွေ ဖြစ်ချင်လို့ပါဗျာ"





ဒီအပြောကြောင့် သူ ဂျိုးအန်ကိုထောင်းခနဲ ဒေါသဖြစ်သွား၏။ ဘယ်လိုသဘောနဲ့ရင်းနှီးချင်တယ်ဆိုတာ သူသိတာပေါ့။ သို့သော် ကို ချက်ချင်းပြန်လျှော့လိုက်ရ၏။

မိတ်ဆွေတွေမို့ ဒီကိစ္စနှင့် မပျက်ပြားချင်ပေ။ ထို့ကြောင့် မှုံးကာ–

"ဒီလိုရှိပါတယ် ဂျိုးအန် ဒီကမြမြစိမ်းကိုပြန်ပို့ဖို့ တာဝန် န်တော် အစောကြီးကတည်းက ယူထားပါတယ်၊ ဒါကြောင့် ခွင့် တ်စေချင်ပါတယ်ခင်ဗျာ"

သူဝင်ပြောမှ မစ္စတာဂျိုးအန်လက်လျှော့လေ၏။ ဒါတောင်–

"ကျွန်တော်ကတော့ မြမြစိမ်းကို သိပ်ခင်နေပြီ၊ နောင် န်တော်တို့နှစ်ပတ်လည်ပွဲကြရင်လဲ မြမြစိမ်းတို့အငြိမ့်ကို ငှားရမှာပဲ ဟဲ"

"ကဲ ဂွတ်နိုက် မြမြစိမ်း"

ဂျိုးအန်ထွက်သွားမှ သူတို့သက်ပြင်းချနိုင်တော့၏။ ဦးလူရ တော့ စိုးဒေဝါရောက်မလာခြင်းအတွက် ဒေါသဖြစ်နေသည်။

"တောက် ဒီကောင် ဘယ်မှာမူးနေပြီလဲမသိဘူး"

မိတ်ကပ်နှင့်တုန်းက တစ်မျိုးလှသလို မိတ်ကပ်မပါတော့လည်း အလှက ပိုကြည့်ကောင်းနေပြန်၏။

"ခုနကအဖြစ်အပျက်အတွက် ကျွန်တော်တောင်းပန်ပါတယ် မြစိမ်း"

သူမ မျက်လွှာချရင်း–



www.burmeseclassic.com

www.burmeseclassic.com



"ဦးဆက်မင်းဟာန်ကို ကျေးဇူးတင်ပါတယ်၊ တကယ်တော့ စောစောကလိုအဖြစ်အပျက်မျိုးဟာ ကျွန်မအတွက် မဆန်းတော့ပါဘူးလေ၊ အဟင်း မီးရောင်အောက်ကအငြိမ့်မင်းသမီးကို လူတွေ အထင်သေးတတ်ကြတယ် မဟုတ်လား"

သူမ၏စိတ်နာသလို ပြောဟန်လေးကြောင့် သူ စိတ်မကောင်း ဖြစ်သွားရ၏။

"အဲဒီလိုလဲမဟုတ်သေးပါဘူး မမြမြစိမ်းရယ်၊ မစ္စတာဂျိုးအန် လိုလူမျိုးတွေအတွက် ကျွန်တော် တောင်းပန်ပါတယ်၊ အခုလဲ ကျွန်တော် မမြမြစိမ်းကိုလိုက်ပို့ပါရစေ"

စိုးဒေဝါသာရှိလျှင်တော့ စောစောကဂျိုးအန်၏အပြုအမူကြောင့် စိုးဒေဝါလက်သီးနှင့် တွေ့သွားမှာသေချာသည်။ ယခု စိုးဒေဝါရောက် မလာ။ တကယ်တော့ သူမတို့အနေဖြင့် ကိုယ်နှင့်ဘဝတူသူတွေသာ စာနာနားလည်နိုင်ပေမည်။

"ကျေးဇူးတင်ပါတယ် ကျွန်မ ဦးလူရတို့ဇာတ်ကားနဲ့ပဲ ပြန် တော့မယ်"

"မဟုတ်တာဗျာ ဦးလူရတို့က ပြန်မှာသတ်သတ်မဟုတ်လား မမြမြစိမ်းက အိမ်ကိုပြန်မှာပဲ ကျွန်တော့်ကို လိုက်ပို့ခွင့်ပြုပါ"

တောင်းပန်ဟန်အကြည့်ကြောင့် သူမအားနာသွားပုံရ၏။ စိုး ဒေဝါသာရောက်လာလျှင် သူ့အကူအညီကိုယူစရာမလို။ ခုတော့ ဘယ်လိုငြင်းနိုင်မလဲ။

"ကျွန်မအတွက်များ ဦးဆက်မင်းဟာန် အလုပ်ရှုပ်နေမလားလို့ ပါ"





"ဟာ မဟုတ်တာဗျာ ကျွန်တော် ဘာမှအလုပ်မရှုပ်ပါဘူး"

"ဒါဆို ကျွန်မ ဦးလူရကို သွားပြောလိုက်ဦးမယ်"

"ကောင်းပါပြီခင်ဗျာ"

သူမထွက်သွားတာနှင့် သူကားထုတ်ကာအဆင့်သင့် စောင့်နေ လိုက်၏။ ခဏနေတော့ သူမပြန်ရောက်လာသည်။ သူက ကားတံခါး ဖွင့်ပေးတာကြောင့် သူမအားနာသွားပုံပင်။

"ကျေးဇူးပဲ"

ဟုဆိုကာ လုံချည်စလေးကိုသိမ်းကာ ကားပေါ်တက်လေ၏။ သူ ကားတံခါးကိုပြန်ပိတ်ပေးပြီး ဒရိုင်ဘာနေရာတွင် ဝင်ထိုင်လိုက်၏။

တကယ်ဆို သူမကိုပြန်ပို့ဖို့ အိမ်မှဒရိုင်ဘာကိုခိုင်းလျှင် ဖြစ်ပါ ၏။ သို့သော် သူကိုယ်တိုင်လိုက်ပို့ချင်နေသည် မဟုတ်လား။

ည၏လေပြည်သည်ကား မှန်တံခါးမှတစ်ဆင့် ဝင်ရောက်တိုက် ခတ်တာကြောင့် စောစောကပင်ပန်းခဲ့သမျှ သူမစိတ်တို့အေးမြ လန်း ဆန်းသွားရ၏။

သူမထံမှ သင်းပျံ့သောရနံ့ဖျော့ဖျော့က လေပြည်နှင့်အတူ သူ၏နှာဝသို့ လာရောက်ကလူကျီစယ်သည်။

"မမြမြစိမ်းက အကသိပ်ကျွမ်းကျင်တာပဲနော်၊ ဒီနေ့ကသမျှ ကျွန်တော့်မျက်စိထဲ စွဲနေတယ်"

တိတ်ဆိတ်မှုကို သူကဖြိုခွင်းလိုက်၏။ ရန်ကုန်မြို့တော်သည် စာကျူရိမီးချောင်းများအောက်တွင် ထိန်လင်းစွာလှပနေသည်။ သေား ဆိုက်မြင်နေရသော သူမအလှကို မကြခဏငေးကြည့်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ကျွန်မ ခုလိုအကကျွမ်းကျင်ရတာကတေ ကျွန်မအမေကြောင့်ပါ၊ ကျွန်မအမေက အရင်တုန်းကအငြိမ့်မင်းသမီ လေ"

"ဪ"

ဒါဆို သူမတို့ကအငြိမ့်ဇာတ်မျိုးရိုးပဲဟု သူတွေးလိုက်မိ၏၊ ဒါပေမဲ့ သူမ၏အလှ သူမနေပုံထိုင်ပုံတွေက ဇာတ်သမ မဆန်ပါ

"မမြမြစိမ်းက ကျောင်းလဲတက်တယ်နော်"

"ဟုတ်ကဲ့ ကျွန်မ မြန်မာစာနဲ့အဝေးသင်တတိယနှစ်တက်နေ တယ်"

တက္ကသိုလ်ကျောင်းသူတစ်ပိုင်း၊ အငြိမ့်မင်းသမီးတစ်ပိုင်းဖြ ဘဝကိုလှုပ်ရှားနေသော မိန်းကလေးတစ်ယောက်အဖြစ် သူ စိတ်ဝင်စားစရာပါလား။

မှန်တာပြောရလျှင် အငြိမ့်တို့ဇာတ်တို့ဆိုသောအရာများနှ သူ့ဘဝက ဝေးကွာလှ၏။ ရှင်းရှင်းပြောရလျှင် ယခင်ကဆို ထိုအသို အဝိုင်းမှ လူများကိုပင်အထင်သေးတတ်သည်။

သို့သော် သူမကိုတော့ ဘာကြောင့်အထင်ကြီးချင်ပါလိမ့်

"မမြမြစိမ်း ကျောင်းပြီးရင် ဘာလုပ်မလဲ"

"ရှင်"

ရုတ်တရက်သူ့အမေးကြောင့် သူမမျက်တောင်ကော့လေးမျာ ပင့်ကာကြည့်၏။ ထိုအခါမှ သူစပ်စုရာကျသွားလားဟု တွေးမိသွာ သည်။ တကယ်ဆိုသူတာ ဒီလိုလူစားမျိုးမဟုတ်ပါ။





"ဆောရီး ကျွန်တော်စပ်စုရာကျသွားတယ်၊ အမှန် ... မှန်တာ ပြောရရင် ကျွန်တော် ဘယ်သူ့ကိုမှ ဒီလိုမပြောဖူးဘူး၊ မမြမြစိမ်းကို တော့ ကျွန်တော်မြင်မြင်ချင်း စိတ်ထဲကခင်မင်သွားမိလို့ မလိုအပ်တာ တွေ မေးမိတာပါ"

သူ့ပုံကိုကြည့်လိုက်တာသူနှင့် စကားလက်ဆုံပြောလိုက်က တည်းက သူဟာဘယ်လိုလူမျိုးလဲဆိုတာ သူမလည်းအနည်းအကျဉ်း တော့ အကဲခတ်တာပါပဲ။ သူ့လို အထက်တန်းလွှာဂုဏ်သရေရှိ လူ ကြီးလူကောင်းတစ်ယောက်က သူမကိုခင်မင်တယ်ဆိုတာ မယုံချင် စရာ။

"ရပါတယ် ဦးဆက်မင်းဟန် ကျွန်မအနေနဲ့ဖြေဖို့ ဝန်မလေးပါ ဘူး၊ ကျောင်းပြီးတော့လဲ ကျွန်မဘာလုပ်ရမလဲ၊ ကျွန်မဝါသနာပါရာ ကျွန်မကျွမ်းကျင်ရာ အငြိမ့်ပဲဆက်ကရမှာပေါ့ရှင်"

ထိုအဖြေကြောင့် သူ့မျက်နှာမသိမသာတည်သွားသည်။ သူ့ အနေဖြင့် လောကမှာအငြိမ့်ကစရာအပြင် အလုပ်တွေပေါများတယ်ဟု ထင်မိ၏။ အငြိမ့်ကတာကို သူမကြိုက်လို့လားဆိုတော့ မဟုတ်ပါ။ သူမကနေတာမြင်တော့ သဘောကျသားပဲ။

"ကျွန်တော့်အမြင်ပြောရရင်တော့ ဘွဲ့ရတစ်ယောက်အနေနဲ့ တခြားလုပ်စရာတွေအများကြီးရှိတယ်လို့ထင်ပါတယ်"

သူမက ညင်သာစွာခေါင်းညိတ်၏။

"ဟုတ်ပါတယ် ဒါကို ကျွန်မနားလည်ပါတယ်၊ ဒါပေမဲ့ ကတာကို ကျွန်မကဝါသနာပါတယ်မဟုတ်လား၊ ပြီးတော့ တခြား



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရှာနေရင် အခက်အခဲတွေ့ရင် တွေ့နိုင်တယ်လေ၊ ဒီတော့ တွန့်မဖိသားစုဝမ်းစာအတွက် ကျွန်မကျွမ်းကျင်ရာနဲ့ ရှာစားရတာပဲ ဦးဆက်မင်းဟန်"

သူ သက်ပြင်းတစ်ချက်ကျိတ်ရှိုက်ကာ သူမကိုကြည့်၏။

"တကယ်လို့ မမြမြစိမ်းအနေနဲ့များ တခြားအလုပ်တစ်ခုခု လိုချင်တယ်ဆိုရင် ကျွန်တော်ကူညီနိုင်ပါတယ်"

"ဦးဆက်မင်းဟန် ကျွန်မပြောတာကို တစ်မျိုးနားလည်သွားပြီ ထင်တယ်၊ ကျွန်မ ဦးဆက်မင်းဟန်ဆီက အလုပ်တောင်းတာမဟုတ်ပါ ဘူး၊ ကျွန်မဘဝအတွက် ကိုယ့်အားကိုယ်ကိုးချင်တဲ့သူပါရှင်"

"မမြမြစိမ်း ကျွန်တော့်ကို အထင်မလွဲပါနဲ့၊ ကျွန်တော် ဒီ စကားကို စိတ်ရင်းနဲ့ပြောတာပါ"

"ဟုတ်ကဲ့ ကျွန်မနားလည်ပါတယ်"

ထို့နောက် သူတို့နှစ်ယောက်ပြန်လည်တိတ်ဆိတ်သွား၏။ အေးမြသောလေနုအေးကို ရှူရှိုက်ရပေမဲ့ သူ့ရင်ထဲဘာကြောင့် မောနေ တာပါလိမ့်။

ဒီနေ့နှစ်ပတ်လည်ညစာစားပွဲသို့ သီမလာနိုင်။ သူတို့ဌာနမှ ခရီးထွက်သွားကြ၏။

"သီက ကိုဆက်တို့ပွဲကို လာမယ်လို့အားခဲထားတာ ခုတော့ တာဝန်ကပေါ်လာတယ် ကိုဆက်ရယ်"

"တာဝန်ဆိုတော့လဲ ဘယ်တတ်နိုင်မလဲ သီ၊ ကိုယ် သီ့ကို နားလည်ပါတယ်"





"မဟုတ်ဘူး ကိုဆက်ရဲ့ သီကမြမြစိမ်းအငြိမ့်ကို ကြည့်ချင်တာ မြမြစိမ်းကလှသလောက် အကလဲကျွမ်းကျင်တယ်နော်"

"အင်း"

မြမြစိမ်းကိုကြည့်ချင်ပါတယ်ဆိုတဲ့သီ မလာနိုင်ခဲ့ပါ။ သူတွေး ရင်း သူမအိမ်ဆီရောက်လာခဲ့၏။

"ခုလို လိုက်ပို့တာ ကျေးဇူးတင်ပါတယ် ဦးဆက်မင်းဟန်"

သူမ ကားပေါ်မှ မဆင်းခင်ပြော၏။ သူပြုံးကာ–

"မလိုပါဘူး မမြမြစိမ်းရယ် ကျွန်တော် ခုလိုလိုက်ပို့ရတာကိုပဲ ကျေနပ်နေတာပါဗျာ"

သူမဘာမှမပြောဘဲ ကားပေါ်မှဆင်းလိုက်၏။ သူလည်း ကားပေါ်မှလိုက်ဆင်းသည်။

"အိမ်သားတွေ အိပ်နေပြီထင်တယ်"

သူမတို့ပြန်တာ ညဥ့်နက်တာမို့ အိမ်လေးကတိတ်ဆိတ် နေသည်။

"ဟုတ်တယ် အမေကတော့ အိပ်နေလောက်ပြီ၊ နေမှမကောင်း ပဲကိုး"

ထို့နောက် သူမအသံခပ်အုပ်အုပ်ဖြင့်–

"မိလုံးရေ မိလုံး"

သူမ အသံကျယ်လျှင် အမေနိုးသွားမှာစိုးရိမ်လို့ပါ။

လေးငါးခွန်းဆင့်ခေါ်မှ မိလုံးအိပ်ရာက နိုးလာပုံပင်။ တံခါး ဖျတ်ခနဲပွင့်လာကာ–



www.burmeseclassic.com

www.burmeseclassic.com



"ဟော မမပြန်လာပြီ"

ပြောပြောဆိုဆို ခြံတံခါးကိုဖွင့်ပေးလေ၏။ အိပ်မှုန်စုံမွှားထ လာတာမို့ မိလုံးပုံစံကကပိုရှိ။

"အမေရော"

"ခုနကမှ အိပ်ပျော်တယ်၊ မမကို စောင့်နေသေးတယ်"

"အင်း တိုးတိုးပြောပါ မိလုံးရယ်၊ အမေ နိုးသွားပါ့မယ်"

မိလုံးက သူမလက်ထဲမှ အိတ်ကိုလှမ်းယူ၏။

"ဒါဆို ကျွန်တော်သွားတော့မယ် မမြမြစိမ်း"

"ဟုတ်ကဲ့ ကောင်းပါပြီရှင်"

သူမခြံဝင်းတံခါး ပြန်ပိတ်လိုက်သည်။ သူ့ကားထွက်သွားမှ သူမအိမ်ဘက်လျှောက်ခဲ့၏။

"မမ ခုနလူကြီးက ဘယ်သူလဲ ချောတယ်နော်"

"ကြည့် ဒါ နင့်အလုပ်လား"

မိလုံးခေါင်းကို ဖွဖွခေါက်လိုက်၏။ မိလုံး ခေါင်းပွတ်ကာ (မမကလဲ)ဟုဆိုလျက် အိမ်ပေါ်တက်သွား၏။ မိလုံးတို့အရွယ်က စိတ်ကစားတတ်တဲ့အရွယ်ဆိုတော့ ယောကျ်ားချောချောတွေ့ရင် စိတ်ဝင်စားတတ်တယ် မဟုတ်လား။

* * *





"ငါ မနေ့ကနောက်ကျသွားတယ်ဟာ"

မနက်ကျတော့ စိုးဒေဝါရောက်လာ၏။

ရေချိုးလာပေမဲ့မျက်နှာက အရက်နာကျထားဟန်မျိုးမို့ နွမ်းနေသည်။

"တော်စမ်းပါ နင့်အကြောင်းမသိရင်ခက်မယ်၊ ဘယ်နေရာ မူးပြီးလဲနေမှန်းမသိ"

သူမအဝတ်တစ်ထည်ကို ညှစ်ရင်းပြောလိုက်၏။ ညဥ့်နက်မှ အိမ်ပြန်ရောက်ပေမဲ့ မနက်စောစောထကာ အမေ့အတွက် ဆန်ပြုတ် ပြုတ်ပေးရသည်။ ထို့နောက် အိမ်ရှင်းလင်းရ၏။

ထမင်းကျက်တာနှင့် ဘုရားကိုဆွမ်းကပ်၊ ရေလဲစသည်ဖြင့် ရှိခိုးကန်တော့ပြီးမှ အဝတ်တွေကိုလျှော်ခြင်းပါ။

မိလုံးကိုတော့ ဈေးလွှတ်လိုက်ရ၏။ စာရင်းစာရွက်ဖြင့် ဝယ်ရမယ့် ဟာတွေဝယ်ဖို့ ရေးပေးလိုက်တာတောင် မိလုံးကမေ့တတ်သေးသည်။

"နင်ကလဲ ငါ့ကိုသိပ်ပြောချင်တာပဲ မြစိမ်းရာ"



www.burmeseclassic.com

www.burmeseclassic.com



ရေတွင်းမှတ်ခမ်းပေါင်ပေါ်ထိုင်ကာ စိုးဒေဝါကပြောသည်။ သူမ မျက်စောင်းထိုးရင်း–

"ငါပြောတာ မဟုတ်လို့လား"

သည်တော့ စိုးဒေဝါကစပ်ဖြဲဖြဲလုပ်၏။

"ဟဲ ဟဲ အရက်သောက်တာ နင်မကြိုက်မှန်း ငါသိပါတယ်ဟာ နင်ဖြတ်ဆို ငါဖြတ်ပါ့မယ်"

"အံမယ် ဘာဆိုင်လို့လဲ"

သူမမျက်နှာလေးတည်ကာ ပြောသည်။ စိုးဒေဝါက သနပ်ခါး မလူးထားသော သူမမျက်နှာလေးကို ခပ်စိုက်စိုက်ကြည့်ကာ–

"တကယ်မဆိုင်ဘူးလား လူကြီးတွေက ငါတို့နှစ်ယောက်ကို သဘောတူနေတာ နင်သိပါတယ်နော်"

"ဟင်း အဲဒါ လူကြီးတွေသဘော ငါကတော့ နင့်လိုလူမျိုးကို လုံးဝမစဉ်းစားဘူး"

သူမ၏ခပ်ပြတ်ပြတ်အပြောကြောင့် စိုးဒေဝါရင်ထဲ အောင့်ခနဲ ဖြစ်သွားသည်။

"အေးပေါ့ နင်က ငါ့လိုလူမျိုးကို ဘယ်စိတ်ဝင်စားမလဲ၊ မနေ့က ကုမ္ပဏီသူဌေးကိုယ်တိုင် ပြန်လိုက်ပို့တယ်ဆို"

"အေး"

"နင်ကလဲ အဲဒီလိုလူမျိုးမှ အထင်ကြီးတာမဟုတ်လား"

"ဒေဝါနော် နင်ဘာပြောတာလဲ"

သူမမျက်နှာလေး ရဲခနဲနီကာပြန်ပြောသည်။





"အေး ငါမှန်တာပြောတာ"

"ဘာမှန်တာလဲ ငါပြန်စရာမရှိလို့ သူလိုက်ပို့တာ ဘာဖြစ်လဲ"

"အေးပေါ့လေ ငါကလဲ လာမကြိုမိလိုက်တာကိုး၊ ဒါပေမဲ့ နင့်ကိုတော့ ငါပြောမယ်"

"ငါ နင့်ကိုချစ်တယ် မြစိမ်း"

"အို ဘာတွေလာပြောနေတာလဲ"

သူမမျက်နှာလေးရဲရဲဖြင့် အော်လိုက်လေသည်။ စိုးဒေဝါက ဂရုမစိုက်ပါ။

"ငါ တကယ်ပြောတာ နင်နဲ့ငါဟာ ငယ်ငယ်လေးကတည်းက အတူတူကြီးလာတာ၊ ကြီးလာတော့နင့်အပေါ် ငါသံယောဇဉ်ပြောင်းလာတယ်၊ နင်ကလဲသိပ်လှတယ်မဟုတ်လား"

"တော်စမ်း စိုးဒေဝါ"

"မတော်နိုင်ဘူး မြစိမ်း၊နင့်ကိုတောင်းပေးဖို့ အဖေ့ကို ငါ ပြောခိုင်းတာ အမေကလဲ နင့်ကိုဆိုသဘောတူပြီးသား"

"ခုတော့ နင်ကငြင်းလိုက်တယ်ဆို"

"ဟုတ်တယ် ငါမှ နင့်ကိုမချစ်နိုင်ဘဲ"

စိုးဒေဝါ အံကြိတ်သည်။

"နင် ဘယ်လိုလူမျိုးကို ချစ်ချင်လဲဆိုတာ ငါသိတယ်၊ ဒီမှာ နင်မချစ်ပေမဲ့ ငါကချစ်တော့ နင့်ကိုရဖို့ကြိုးစားရမှာပဲ"

"ကဲ ပြောစမ်း နင် ငါ့ကိုဘာတွေမကြိုက်လဲ ငါပြင်မယ်"

စိုးဒေဝါက ရေတွင်းပေါင်ပေါ်မှဆတ်ခနဲခုန်ဆင်းကာ သူမ



www.burmeseclassic.com

www.burmeseclassic.com



နှင့် မျက်နှာချင်းဆိုင်ရပ်ရင်းမေး၏။ သူမနောက်သို့ ခြေတစ်လှမ်း ဆုတ်ကာ–

"စိုးဒေဝါနော် နှင့်ကို ငါ ဘာတစ်ခုမှ သဘောမကျဘူး၊ ကဲ ငါ့ရှေ့ကဖယ်စမ်း"

"မဖယ်ဘူး နင် ငါ့ကိုချစ်တယ်လို့ပြောမှ"

"ဘာ"

သူမျက်နှာနီနီလေးဖြင့် အံကြိတ်ကာကြည့်လိုက်သည်။

သူမ တကယ်ဒေါသထွက်လာတာမြင်တော့ စိုးဒေဝါစိတ်လျှော့လိုက်သည်။

"ဆောရီး ကဲ ငါသွားမယ်၊ ဒါပေမဲ့ နင့်ကို တစ်နေ့ရအောင် လက်ထပ်ယူမယ်ဆိုတာမှတ်ထား ဒါပဲ"

ထို့နောက် စိုးဒေဝါကျောခိုင်းထွက်သွားလေသည်။ သူမ အံလေးကြိတ်ကာကျန်ခဲ့၏။ ဒီလိုလူဆိုးလူမိုက်ပုံနှင့် သူမအချစ်ကို ဘယ်တော့မှမရနိုင်ဆိုတာ စိုးဒေဝါနားမလည်ဘူးလား။

ခဏနေတော့ မိလုံးပြန်ရောက်လာသည်။

"မမ လမ်းမှာ အစ်ကိုဒေဝါကားကိုတွေ့လိုက်တယ်"

"သူ့အကြောင်းမပြောနဲ့"

သူမစိတ်ပေါက်တော့ မိလုံးမျက်နှာလေးပျက်ကာကြည့်သည်။ အစဉ်သဘောကောင်းသော မမလေးက ယခုဘာကြောင့် စိတ်ဆိုးနေတာပါလိမ့်။

"ငါမှာတာတွေ အကုန်ပါရဲ့လား"





"ဟုတ်ကဲ့ ပါပါတယ်မမ"

ဈေးခြင်းထဲကပစ္စည်းများကို မိလုံးတစ်ခုချင်းချသည်။

"ဟောဒါ မမမှာလိုက်တဲ့အရိုးအတွက် ငါးရံ့ခြောက်၊ တစ်ဆယ်သား လေးရာတောင်ပေးရတယ် မမရဲ့"

သူမ သက်ပြင်းကျိတ်ချလိုက်၏။ ကုန်ဈေးနှုန်းတွေကလည်း တက်လာလိုက်တာ။ တော်ရုံလူ စားဝတ်နေရေးဖြင့်မလွယ်ပါ။

"ဒါက ကျွန်မတို့အတွက် ငါးဘဲဖြူလေးတွေ မမ၊ လတ်လတ် ဆတ်ဆတ်မို့ နှစ်ဆယ်သားဝယ်ခဲ့တယ်၊ ဈေးကတော့ တစ်ဆယ်သား ရှစ်ဆယ်ပဲ၊ မမရေ ကန်စွန်းရွက်တစ်စည်းကလဲ နှစ်ဆယ်၊ ချဉ်ပေါင် ရွက်က"

"ကဲ တော်ပါတော့ မိလုံးရယ်၊ ငါပေးလိုက်တဲ့ငွေတစ်ထောင် ကုန်ပြီလား"

"အဟီး ဟုတ်ကဲ့မမ မိလုံးတွက်ပြမယ်လေ"

"တော် တော်တော့ ကဲ ဟင်းချက်ဖို့သာပြင်"

ကုန်ဈေးနှုန်းတွေတက်တဲ့အကြောင်း နားထောင်ရတာ ခေါင်းကိုက်လှ၏။ ဆန်ကဘယ်လောက် ဆီကဘယ်လောက်နှင့် တစ်နေ့ တစ်ထောင်ဆိုတာ အသာလေးကုန်သည်။ ဒီကြားထဲ အမေ့ဆေးဖိုးက မပါသေးပေ။

ရပ်ကွက်ထဲမှာနေတော့ ဟိုကြေးဒီကြေးဖြင့် လူမှုရေးစရိတ်ကလဲ ရှိသေး၏။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည်ဖြင့် ငွေထွက်ပေါက်များ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုငွေတွေကို ဖွလုံအောင်ရှာဖို့ သူမတာဝန်မဟုတ်လား။

မနေ့ကဆုချလိုက်သော ဆုတော်ငွေတွေကိုလည်း ဘယ်တုန်းကမှ သူမတစ်ယောက်တည်းမယူ၊ ကိုယ့်ထက် ဆင်းရဲနွမ်းပါးသောအဖွဲ့သားတွေရှိတာမို့ ခွဲဝေပေးသည်။

ထို့ကြောင့် အငြိမ့်သားတွေက သူမကိုချစ်ခင်လေးစားသည်။

သူမနှင့်ကရတာကို ပျော်၏။

အားလုံးဘဝတူတွေ မဟုတ်လား။

"အမေ ဆန်ပြုတ်နဲ့ငါးရံ့ခြောက်ဖုတ်လေး စားပါဦး၊ ညနေကျရင် ဆေးခန်းသွားရအောင်နော်"

"အင်း သမီးသဘောပါကွယ်"

သူမအတွက် ဒီအမေတစ်ယောက်သာရှိတာမို့ ဂရုစိုက်ရ၏။ ဖြစ်နိုင်လျှင် အမေ့ကို အထူးကုဆရာဝန်ကြီးတွေနှင့်ပြချင်ပေမဲ့ သူမတို့ဘဝကမလွယ်။

အထူးကုပြတာမို့ ဈေးနှုန်းကလည်းအထူးယူ၏။ ဆေးမထိုးဘဲ သောက်ဆေးပေးတာကိုပင် သောင်းချီနေသည်။

ဟင်း...

ဒါတောင် မနေ့ကဆုတော်ငွေလေးရလိုက်လို့ပေါ့။ မိုးတွင်းဆို သူမအငြိမ့်မကရသလောက်ပါပဲ။ ထိုအခါ ယခင်ကရထားသော စုဆောင်းထားသည့်ငွေလေးများမှ ဖဲ့သုံးရ၏။ မလောက်တော့လျှင် ဦးလူရထံက ချေးငှားသည် စရန်ကြိုယူ၏။ ဒီလိုနှင့် သူမတို့ဘဝက လည်နေ၏။





တစ်ခါ တစ်ခါတော့ တွေးမိသည်။

အငြိမ့်မကဘဲ တခြားအလုပ်တစ်ခုကိုလုပ်ဖို့။ ခက်တာက သူမ ဝါသနာဖြစ်နေ၏။

မကရလျှင် မနေနိုင်တဲ့သူမို့လား။

"သမီး ဘာတွေစဉ်းစားနေတာလဲ"

"ရှင်"

"အင်း သမီးလေးလဲ တစ်ယောက်တည်းရှာရဖွေရတာ ပင်ပန်းပါတယ်ကွယ်"

သည်လို အမေပြောတော့ သူမပြုံး၏။

"အမေရယ် ဒါတွေမတွေးပါနဲ့ သမီး ရှာနိုင်ပါတယ်၊ မနေ့ကလဲ ဆုငွေအတော်ရခဲ့သားပဲ"

"ဪ မနေ့ကသမီးပြန်လာတာ ဘယ်သူလိုက်ပို့လဲ စိုးဒေဝါလား"

ထိုအမည်ကြောင့် သူမမျက်နှာလေး မဲ့ခနဲဖြစ်သွားသည်။ ထို့နောက် ခေါင်းအသာခါယမ်းကာ–

"မဟုတ်ဘူးအမေ ဒီပြင်လူလိုက်ပို့တာ"

"ဟင် ဘယ်သူလဲ၊ သူစိမ်းတစ်ရံက မောင်စိုးဒေဝါလောက် စိတ်ချရပါ့မလားကွယ်"

အမေကတော့ ရိုးအေးသူမို့ စိုးဒေဝါကိုယုံလွန်း၏။ ဒါပေမဲ့ ဒီအချိန်အထိတော့ စိုးဒေဝါက သူမကို ဘာအခွင့်အရေးမှ မယူသေး။ ယူလို့လည်းမရပါ။ သူမက ခွင့်လွှတ်လိမ့်မည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချရတဲ့လူပါ အမေရယ်၊ ကုမ္ပဏီသူဌေးကိုယ်တိုင် လိုက်ပို့တာပါ"

"ဟင် ကုမ္ပဏီသူဌေးဟုတ်လား သမီး"

အမေသိထားတာက မနေ့က သူမတို့ကမယ်နေရာ တခြားမဟုတ်လား။ ထို့ကြောင့်ဖြစ်ကြောင်းအားလုံး အမေ့ကိုပြောပြလိုက်၏။

"အင်း ဦးလူရတို့ ဒီလိုလုပ်တာ ဘယ်ကောင်းမလဲ"

"ဟုတ်တယ် သမီး အဲဒါကို စိတ်ဆိုးတာ၊ တကယ်ဆို သမီးကို တိုင်ပင်သင့်တယ်၊ ဟိုက ပိုက်ဆံပို့ပေးတိုင်း"

"တစ်ဖက်ကလဲသမီးတို့အငြိမ့်ကို လိုလိုချင်ချင်ရှိလို့ ပိုက်ဆံပို့ပေးငှားတယ်ဆိုတော့ အင်း ဦးလူရလဲ ငြင်းရခက်မှာပေါ့လေ"

"ဒါပေမဲ့ အမေရယ် လူဆိုတာ ကတိတည်ရမယ် မဟုတ်လား"

"ဒါပေါ့ကွယ် နောက် ဦးလူရနဲ့ဆုံရင် အမေပြောပါ့မယ်"

"ပြောမနေပါနဲ့ အမေ၊ သမီး မနေ့ကအပြတ်ပြောပြီးပြီ၊ မနေ့က ကလိုက်တာ၊ ဦးဆက်မင်းဟန်ကို အားနာလို့လဲပါတယ်"

"ဦးဆက်မင်းဟန်"

သူမနှုတ်ဖျားမှ ယောကျ်ားတစ်ယောက်၏အမည်ကြောင့် အမေစိတ်ဝင်စားသွားပုံပင်။

"ဟို ဦးဆက်မင်းဟန်ဆိုတာ သမီးအငြိမ့်ကို ငှားတဲ့ကုမ္ပဏီက ကုမ္ပဏီသူဌေးပါ"

"ဪ"

"မနေ့က သူလိုက်ပို့တာပဲ အမေ၊ စိုးဒေဝါက ဘယ်မှာမှူးနေ





မှန်းမသိဘူး၊ သမီးတော့ သူ့ကိုတစ်နေ့တခြား ကြည့်လို့ကိုမရဘူး"

သူမပြောရင်း အမေ့အနားကထွက်လာ၏။

ဒီမနက် စိုးဒေဝါပြောတဲ့စကားတွေကြောင့် သူမရင်ထဲပို၍မွန်းရ၏။

အမေ့ကိုတော့ ဒီအကြောင်းတွေ ပြောမနေချင်တော့ပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ညနေ သူမတို့ဆေးခန်းမှ ပြန်လာချိန်တွင် အိမ်မှာမမျှော်လင့် သောဧည့်သည်ရောက်နေ၏။

မီးခိုးရောင်ရင့်ရင့် လင့်ခရုဆာကားကို တွေ့လိုက်ကတည်းက ရင်ထဲမှာ ထိတ်ခနဲဘာကြောင့် ဖြစ်သွားမှန်းမသိ။

"မမ ဟိုနေ့က ချောတဲ့ဦးဦးရောက်နေတယ်"

မိလုံးက အပြေးအလွှားသတင်းပို့၏။ အမေက မျက်မှောင်ကုတ် ကာ--

"ဟဲ့ မိလုံး ဘယ်သူ"

"သမီး ဟို မမရဲ့မိတ်ဆွေပါ အရီး"

စပ်ဖြဲဖြဲ မိလုံးမျက်နှာကြောင့် သူမ မျက်စောင်းထိုးမိ၏။

"အလကားပါ အမေရယ် မနေ့က သမီးကိုလိုက်ပို့တဲ့ ကုမ္ပဏီသူဌေးကိုပြောတာပါ"

"ဟင် သူက ဘာလာလုပ်တာလဲ"

"ရှင် ဟို"





အမေ့ကိုမဖြေနိုင်မီ သူမတို့ဧည့်ခန်းထဲရောက်ခဲ့သည်။

"ဟော မမြမြစိမ်းတို့ ပြန်လာပြီကိုး"

"ဪ ဦးဆက်မင်းဟန် ဘယ်တုန်းကရောက်နေတာလဲ"

"မကြာသေးပါဘူး၊ ကျွန်တော်လဲ ရုံးဆင်းတာနဲ့ မနေ့က အိမ်တိ နေမကောင်းတာသိရလို့ ဒီဘက်လှည့်ဝင်ရင်း မေးတာပါ၊ ဪ ကျွန်တော်လမ်းကြုံတာနဲ့ အန်တီ့အတွက် ဓာတ်စာနည်းနည်း ပါးတောင် ဝယ်လာခဲ့သေးတယ် ဒီမှာခင်ဗျ"

သူက ကျွတ်ကျွတ်အိတ်ကြီးနှင့်အပြည့် ပန်းသီး၊ လိမ္မော်သီးနှင့် ဘာလစ်ဗဘာ အိုဗာတင်းတို့ကို တွေ့ရ၏။

"အို ဦးဆက်မင်းဟန်ရယ် ဘာလို့ဝယ်လာတာလဲ၊ အားနာစရာ ကျွန်မလက်မခံပါရစေနဲ့"

သူမကငြင်းတော့ သူ မျက်နှာပျက်သွားသည်။

"ဪ အမေနဲ့မိတ်ဆက်ပေးရဦးမယ်၊ ဒါ ဟန်ကုမ္ပဏီက ကိုတာဦးဆက်မင်းဟန်တဲ့ ဒါ ကျွန်မအမေပါ"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ် အန်တီ၊ မနေ့ညကတော့ မြစိမ်းတို့အငြိမ့်ကို ဧည့်သည်တွေသိပ်သဘောကျတာပဲခင်ဗျ..."

"အထူးသဖြင့် မမြမြစိမ်းရဲ့အကကျွမ်းကျင်မှုဟာ သူမတူ အောင် ထူးခြားတာပါပဲခင်ဗျာ"

သူမကို ချီးကျူးစကားမို့ အမေကသဘောကျသွားလေသည်။

"အေးကွယ် သမီးက အဒေါ်အမွေကို ဆက်ခံတာပါပဲ၊ သူ ငယ်လေးကတည်းက အဆိုအကကို သိပ်ဝါသနာပါတာကွယ့်၊

www.burmeseclassic.com



တတော့လဲအောင်မြင်တာပါပဲ၊ အင်း သူ့ရဲ့ပါရမီလို့ ပြောရမှာပါပဲကွယ်"

"ဟုတ်ပါတယ်ခင်ဗျ ဒီလိုခေတ်ကြီးမှာ အငြိမ့်ကြောင့် အောင်မြင်တဲ့သူ ရှားပါတယ်၊ မမြမြစိမ်းဟာဖြင့် တကယ့်ပါရမီရှင်ပါပဲ..."

"ကျွန်တော်လဲ သူ့အငြိမ့်ကိုသဘောကျတာနဲ့ မရရအောင် ငှားမိတာပါပဲ"

"သမီးကလဲ ပြောပါတယ်ကွယ်၊ မနေ့က သမီးပြန်လာတော့ အဒေါ်လဲ ကောင်းကောင်းနေမကောင်းတာနဲ့ အိပ်ပျော်သွားလို့မသိလိုက်ဘူး၊ မောင်ဆက်မင်းဟာန် လိုက်ပို့တယ်ဆိုလို့ ကျေးဇူးတင်ပါတယ်ကွယ်"

"မလိုပါဘူး အဒေါ်ရယ်၊ ဒါ ကျွန်တော့ဝတ္တရားပါ၊ ခုလဲ အဒေါ်နေမကောင်းဘူးဆိုလို့ ကျွန်တော်လာမေးတာပါ"

"အို အဒေါ်တို့ကလဲ ခင်တတ်ပါတယ်ကွယ်၊ အဒေါ်တို့မှာလဲ ဆွေမျိုးသားချင်းကနည်းတော့ ခင်ရာဆွေမျိုးပါပဲကွယ်"

အမေ့အပြောကြောင့် သူ့မျက်နှာပြုံးကျသွားသည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ ဒီလိုပါပဲ ဒါကြောင့် မိတ်ဆွေအဖြစ် အဒေါ်အတွက်ဝယ်လာတဲ့ ဒီပစ္စည်းလေးတွေကို လက်ခံစေချင်ပါတယ်"

အမေက သူမမျက်နှာကိုတစ်ချက်ကြည့်ပြီး-

"အားနာစရာကွယ်"

"အားမနာပါနဲ့ခင်ဗျာ၊ အဒေါ်သာလက်မခံရင် ကျွန်တော်





စိတ်ကောင်းနိုင်မှာ မဟုတ်ဘူး"

"အေးကွယ်"

အမေငြင်းရခက်ကာ လက်ခံရတော့၏။

စကားပြောကောင်းလှသောသူ့ကို သူမကျိတ်ကာ မျက်စောင်းထိုးမိသည်။

"မိလုံးရေ ဧည့်သည်အတွက် ကော်ဖီဖျော်ခဲ့ပါကွယ်"

"ရှင့် ဟုတ်ကဲ့မမ"

"အို နေ နေ ငါ လာဖျော်မယ်၊ ဪ ဦးဆက်မင်းဟာန် ခဏနော်"

သူပြုံး၍ ခေါင်းညိတ်လေ၏။ သူမ မီးဖိုထဲသုက်သုတ်ဝင်ခဲ့သည်။

မိလုံး လက်ဖက်ရည်ဖျော်လျှင်ခပ်ကျဲကျဲနှင့် ဘယ်လိုမှ အရသာမရှိပါ။

သူမက ကြောင်အိမ်ထဲမှ နို့ဆီဘူးအသစ်ကိုဖောက်ကာ ကော်ဖီဆိမ့်ဆိမ့်လေးဖျော်လိုက်၏။

သူမ နို့ဆီများများသုံးပြီး ကော်ဖီဖျော်တာကို မိလုံးသဘောကျဟန်ဖြင့်ကြည့်သည်။ ခါတိုင်းဆို ကိုယ့်ဘာသာသောက်ဖို့တောင် နို့ဆီမထည့်ရက်တဲ့မမက ခုတော့ရက်ရက်ရောရော သဘောကောင်းနေပါလား။

အင်းလေ သဘောကောင်းမှာပေါ့၊ ဟိုလူကြီးက ပိုက်ဆံလည်းရှိ၊ ရုပ်ကလည်းတအားချောတာကိုးဟု မိလုံးသဘောကျစွာ

www.burmeseclassic.com

www.burmeseclassic.com



တွေးမိလေသည်။

“ဘာလုပ်နေတာလဲ မိလုံး လက်သုတ်ပဝါအသစ်တစ်ထည် ယူခဲ့စမ်း”

“ရှင် ဟုတ်ကဲ့ မမ”

ကြွေလင်ပန်းအသစ်လေးထဲ ကော်ခဖီပန်းကန်ကိုထည့်ကာ လက်သုတ်ပဝါအသစ်ကိုထည့်ကာ အိမ်ရှေ့သို့ထွက်လာခဲ့လိုက်၏။

သူက အမေနှင့် စကားကောင်းနေသည်။

“ဦးဆက်မင်းဟန် ကော်ဖီသောက်ပါဦးရှင်၊ အိမ်မှာ ဖျော်တော့ ဆိုင်မှာလိုကောင်းမှာ မဟုတ်ဘူး”

“မဟုတ်တာဗျာ ကျွန်တော်က ဆိုင်ဖျော်တွေကြိုက်တာ မဟုတ်ဘူး ခင်ဗျ”

ကြည့် ဒါ သူမကျေနပ်အောင်ပြောတာပဲ၊ သူဟာ စကားလည်း အပြောကောင်းကာ ရုပ်ကလည်းချောချော ပိုက်ဆံကလည်းရှိနဲ့ အနားမှာ ကောင်မလေးတွေဝိုင်းဝိုင်းလည်နေမှာ သေချာ၏။

“ကဲ သမီးနဲ့စကားပြောကြဦးကွယ်၊ အဒေါ် အနားယူလိုက်ဦးမယ်”

“ဟုတ်ကဲ့ခင်ဗျ”

အမေ့ကို သူမအခန်းထဲ လိုက်ပို့လိုက်သည်။

ပြီးမှ သူမအခန်းထဲဝင်ကာ မျက်နှာကိုတို့ပတ်ဖြင့် တို့လိုက်သည်။ ဆံပင်ကိုလည်း ခပ်ဖွဖွဖြီးကာ အပြင်ပြန်ထွက်ခဲ့၏။

“ဦးဆက်မင်းဟန်က အမေ့ကို ခုလိုတကူးတကလာမေးတဲ့





အတွက် အားလဲနာ ကျေးဇူးလဲတင်ပါတယ်ရှင်”

“မဟုတ်တာ မမြမြစိမ်းနဲ့ ကျွန်တော်တို့က မိတ်ဆွေတွေပဲ”

ထိုစကားကြောင့် သူမ မဲ့မဲ့လေးပြုံးမိ၏။

“ဟုတ်လို့လားရှင် ကျွန်မက သာမန်အငြိမ့်သမတစ်ယောက်ပါ၊ ဦးဆက်မင်းဟန်လို ကုမ္ပဏီသူဌေးတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ဖို့ဆိုတာ ကျွန်မအတွက် မဖြစ်နိုင်တဲ့အိပ်မက်တစ်ခုလိုပဲ”

သူက ကော်ဖီပန်းကန်ကိုချကာ သူမကိုစေ့စေ့ကြည့်သည်။ အဝါနုရောင်ရင့် လက်ပြတ်အင်္ကျီလေးနှင့် တစ်ပတ်နွမ်းပါတိတ်အနက်မှာ အခက်ပွင့်လေးဝါးလေးတွေဖြင့် ရိုးရိုးယဉ်ယဉ်ဝတ်စားထားပေမဲ့ သူမအလှက ငုပ်လျှိုးမသွားပါ။

မှန်တာပြောရလျှင် သူတို့အသိုင်းအဝိုင်းက အမျိုးသမီးတိုင်းက သူမထက်ပစ္စည်းဥစ္စာရော၊ ပညာအရာမှာ အဆတစ်ရာမက သာလှပါ၏။

သူမလောက်မလှပေမဲ့လည်း ပြင်ဆင်တတ်မှုကြောင့် တစ်မျိုးစီတော့ လှကြတာပါပဲ။ ဒါပေမဲ့ သူမအလှက ရိုးရိုးယဉ်ယဉ်နှင့် မျက်စိအေးတဲ့အလှ။

ဒီလို သူမအားငယ်တဲ့စကားပြောတာကြားရတော့ စိတ်မကောင်း။ သူမမှာ သူမသိတဲ့အရည်အချင်းတွေ အများကြီးရှိနေတယ်ဟု ထင်၏။

“ဒီလိုတော့ မပြောပါနဲ့ဗျာ၊ လူတစ်ယောက်နဲ့ တစ်ယောက် ခင်မင်မှုမှာ အဆင့်အတန်းဆိုတာမလိုအပ်ဘူးလို့ ကျွန်တော်ထင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ် မမြမြစိမ်းရယ်"

"ဒီလိုဆိုရင်တော့ ကောင်းပါတယ်ရှင်"

သူ့လိုလူတစ်ယောက်က ခင်မင်ချင်တယ်ဆိုတာ သူမအတွက် ဂုဏ်ရှိစရာဆိုပေမဲ့ အမှန်ပြောရလျှင် သူတို့လိုအထက်တန်း အသိုင်းအဝိုင်းကလူတွေနှင့် မပတ်သက်ချင်ပါ။

"ကျွန်တော်တောင် အဒေါ်ရောဂါအတွက် ကျွန်တော့်အသိ ဆရာဝန်ကြီးနဲ့ပြဖို့ ပြောနေသေးတယ်"

"မမြမြစိမ်းက လက်ခံမယ်ဆိုရင် ကျွန်တော် မနက်ဖြန်လာခေါ်ပါရစေ"

"အို ကျွန်မ"

"အဒေါ်ရောဂါအတွက်မို့ မငြင်းစေချင်ပါဘူးခင်ဗျာ၊ အဒေါ်ကလဲ မမြမြစိမ်းသဘောလို့ပြောပါတယ်"

"ဦးဆက်မင်းဟန်ကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်မအမေအတွက်ဆေးဖိုးကို ကျွန်မပဲပေးရမယ်ဆိုရင်တော့ လက်ခံနိုင်ပါတယ်"

သူမ၏မာနကိုသိလိုက်တာမို့ သူပြုံးလိုက်သည်။

"ရပါတယ်ဗျာ အဓိကက အဒေါ်ကိုပြဖို့ပဲမဟုတ်လား၊ ဒါဆို ကျွန်တော် ဘွတ်ကင်လုပ်ထားလိုက်မယ်၊ မနက်ဖြန် ဒီအချိန်လောက် ကျွန်တော်လာခေါ်မယ်"

"ဟုတ်ကဲ့"

"ဒါဆို ကျွန်တော်ပြန်လိုက်ပါဦးမယ်"





"ဟုတ်ကဲ့ရှင်"

သူ့ကို ကားနားအထိ သူမကိုယ်တိုင်လိုက်ပို့၏။ သူမတို့ ရပ်ကွက်ကသာမန်မို့ သူ့လိုလူတစ်ယောက်လာတာကို အထူးအဆန်းဖြစ်နေကြသည်။

"မမြမြစိမ်း"

"ရှင်"

"အပွန်း ကျွန်တော်လာတဲ့အတွက် မမြမြစိမ်း အနှောင့်အယှက် မဖြစ်ပါဘူးနော်"

သူမ ဘာပြောရမလဲ။

သူပြုံး၍လက်ပြကာ ကားမောင်းထွက်သွားလေပြီ။

သူမ သက်ပြင်းတစ်ချက်ချလိုက်၏။

"ခင်တာ မင်တာမှာ အဆင့်အတန်းဆိုတာ မရှိပါဘူးခင်ဗျာတဲ့"

ဒါ တကယ်လား ရှင်ရယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"စောစောကမှ ခင်လွန်းသီပြန်သွားတယ် သား"

"ဗြော်"

ညနေစာထမင်းဝိုင်းမှာ သားအဖနှစ်ယောက်ဆုံရင်း ဒက်ဒီပြောဏ်။ ခင်လွန်းသီလာတယ်ဆိုတော့ ခရီးကပြန်ရောက်ပြီပဲ။

"ဒက်ဒီနဲ့သားအတွက် ပုဆိုးလက်ဆောင်လာပေးတာ၊ ခင်လွန်းသီဟာ လိမ္မာယဉ်ကျေးတဲ့မိန်းကလေးတစ်ယောက်ပဲ၊ သားက ခင်လွန်းသီကို ဘာကြောင့်သဘောမကျတာပါလိမ့်"

ဒက်ဒီပြောမှ မြမြစိမ်းကို ဖျတ်ခနဲသတိရမိ၏။ ခင်လွန်းသီကို သဘောမကျတာ မြမြစိမ်းကိုသဘောကျနေလို့ပဲဟု ဒက်ဒီကို ပြောလိုက်ရမလား။

"ကျွန်တော် သီ့ကိုမချစ်ဘူး ဒက်ဒီ"

ဒီလိုသူပြောတော့ ဒက်ဒီပြုံး၏။

"သားကို စိတ်ကူးယဉ်သမားတစ်ယောက် မဟုတ်ဘူးလို့ ဒက်ဒီထင်တာ မှားပြီထင်တယ်"



သူ ရှက်သလိုတစ်ချက်ပြုံးလိုက်သည်။ အမှန်ပြောရလျှင် သူဟာ လက်တွေ့သမားပါ။ အလျှင်တုန်းက အချစ်ဆိုတာကို သူမစဉ်းစားခဲ့ဖူးပေ။

ယခု မြမြစိမ်းနဲ့ကျုမှ အချစ်အကြောင်း သူတွေးမိလာသည်။

"ကျွန်တော် စိတ်ကူးယဉ်သမားမဟုတ်ပေမဲ့ တစ်သက်တာအိမ်ထောင်ပြုရမှာတော့ အချစ်ဆိုတာလဲ ပါဖို့လိုတယ်ထင်လို့ပါ ဒက်ဒီ"

ဒက်ဒီက ခေါင်းတဆတ်ဆတ်ညိတ်သည်။ ထို့နောက် သူ့ကို အကဲခတ်သလို တစ်ချက်ကြည့်၏။

"ဒါဆို သားမှာချစ်တဲ့သူရှိပြီလား၊ ရှိရင်လဲ အိမ်လေးဘာလေး အလည်ဖိတ်ပေါ့ကွာ၊ ဒက်ဒီနဲ့လဲ တွေ့ရတာပေါ့"

သည်လို ဒက်ဒီပြောတော့ သူရှက်သလိုပြုံးမိရ၏။ မြမြစိမ်းကို သူ အခုမှခင်မင်ရင်းနှီးဖို့ ကြိုးစားနေရတုန်းမဟုတ်လား။

ချစ်မိပြီဆိုတာ သူသာ တစ်ဖက်သတ်ဖြစ်နေသည်ပဲ။

"ခု လောလောဆယ်တော့ ကျွန်တော့်ဘက်က စိတ်ဝင်စားနေရတုန်းအဆင့်ပဲ ရှိသေးလို့ ဒက်ဒီနဲ့ ပေးမတွေ့နိုင်သေးတာ ခွင့်လွှတ်ပါ"

ဒက်ဒီက သူ့ကိုပြုံးပြုံးကြီးကြည့်၏။

"အင်း ငါ့သားလိုလူချော လူခန့်ပညာတတ်၊ ပစ္စည်းဥစ္စာပြည့်စုံတဲ့လူမျိုးကို ငြင်းမယ့်မိန်းကလေးမျိုး ရှားမယ်ထင်ပါတယ်ကွယ်"

သူ ပြုံး၍ ငြိမ်နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မြမြစိမ်းဟာ သူ့ရဲ့ဒီအရည်အချင်းတွေကိုကြည့်ပြီး စိတ်ဝင်စားမယ့်မိန်းကလေးမျိုး မဟုတ်ဘူးထင်သည်။

သူကလည်း သူ့ရဲ့အပေါ်ယံအရည်အချင်းတွေထက် နှလုံးသားထဲက စစ်မှန်တဲ့မေတ္တာကိုသာ လက်ခံစေချင်တာပါ။

"တစ်နေ့ကတောင် ခင်လွန်းသီအဖေနဲ့တွေ့တယ်၊ ဦးမြသီလဲ သူ့သမီးကို စိတ်မတိုစဖူး အတော်စိတ်တိုနေတယ်၊ သားနဲ့ စီစဉ်ထားတဲ့ကိစ္စကို သူ့သမီးကငြင်းတယ်တဲ့ သားတို့ချင်းများ ညှိနှိုင်းထားသလား"

"ဟာ မဟုတ်ရပါဘူး ဒက်ဒီ၊ သိငြင်းတာတလဲ သူ့မှာချစ်သူတွေဘာတွေ ရှိနေမှာပေါ့"

တကယ်တော့ သို့မှာ ဘယ်လိုမှချစ်သူရည်းစားမရှိတာ သူသိနေတာပဲ။ သူ့စကားကြောင့် သိငြင်းတာနေမှာပဲဟု သိနေ၏။

"ညှိမထားဘူးဆိုရင်တော့ ကောင်းပါလေရဲ့ကွယ်၊ ဒက်ဒီသိသလောက်တော့ ခင်လွန်းသီဟာ မိဘစကားနားထောင်တဲ့ လိမ္မာတဲ့သမီးတစ်ယောက်ပဲ၊ ဒီကိစ္စကျမှငြင်းတော့ အံ့ဩစရာပဲ၊ ဒက်ဒီအကဲခတ်ရသလောက် ခင်လွန်းသီကိုယ်တိုင်လဲ သားအပေါ် သံယောဇဉ်ရှိတယ်လို့ ယူဆခဲ့တာ"

"ကျွန်တော်တို့ ငယ်ငယ်လေးကတည်းက အတူတူကြီးလာတာဆိုတော့ တစ်ယောက်နဲ့တစ်ယောက် မောင်နှမလိုပဲ သံယောဇဉ်ရှိလာတာပါ ဒက်ဒီ"

"အေးလေ ခင်လွန်းသီကလဲငြင်းတယ်ဆိုတော့ ဒက်ဒီတို့





လူကြီးတွေအနေနဲ့ ဘာမှဆက်လုပ်လို့မရဘူးပေါ့"

"ဦးမြသီကတော့ သူ့သမီးကို ချစ်သူရှိရင်ခေါ်ခဲ့၊ သူသဘောကျရင် ပေးစားမယ်လို့ပြောထားတယ်တဲ့၊ မရှိရင်တော့ သားနဲ့ပဲပေးစားမယ်တဲ့၊ ဒက်ဒီကတော့ ဖွတ်အတင်းမလုပ်ဖို့ ပြောခဲ့ပါတယ်"

သူ သက်ပြင်းတစ်ချက်ကျိတ်ချလိုက်သည်။ ဒီအတိုင်းဆိုခင်လွန်းသီအဖြစ်ကလဲ မလွယ်သလို သူနှင့်တွေ့တုန်းက ခင်လွန်းသီဒီအကြောင်းတွေ မပြောခဲ့ပါလား။ သို့အတွက် သူစိတ်မကောင်းဖြစ်ရသည်။

တကယ်တော့ မြမြစိမ်းကိုသာမတွေ့ခဲ့လျှင် သူ သို့ကိုလက်ခံမိမှာသေချာသည်။ သိဟာ လိမ္မာတဲ့မိန်းကလေးတစ်ယောက်ပဲ။ သို့သော် သူ့နှလုံးသားက မြမြစိမ်းကိုသာ တောင့်တနေ၏။

"ကျွန်တော် မနက်ဖြန် သို့ကိုသွားတွေ့လိုက်မယ် ဒက်ဒီ"

"အေး အေး ကောင်းတာပေါ့"

ထမင်းစားပြီးတော့ သို့ဆီ သူဖုန်းဆက်လိုက်သည်။

"ဩော် ကိုဆက်"

"ဟုတ်တယ် သီ သိ ပုဆိုးတွေလက်ဆောင် လာပေးသွားတယ်ဆိုလို့ ကျေးဇူးတင်ကြောင်းပြောတာပါ"

"ဩော် ဒါများကိုဆက်ရယ် မလိုပါဘူး၊ သို့အတွက် အထွေအထူးလက်ဆောင်ပေးစရာလူရယ်လို့ တခြားလူမရှိဘူးလေ၊ အဖေ့အတွက်ဝယ်ရင်း ကိုဆက်တို့သားအဖအတွက်ပါ ဝယ်ခဲ့တာပါ"

"ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ ကျေးဇူးတင်ပါတယ်၊ မနက်ဖြန်



www.burmeseclassic.com

www.burmeseclassic.com



အချိန်ရရင် သိန့်တွေ့ချင်တယ်”

“ဘာကိစ္စလဲ ကိုဆက်”

သိက သူတွေ့ချင်တယ်ဆိုတာကြောင့် အံ့သြသွားပုံပင်။ သို့ ကို သူ ဒီလိုတကူးတကမတွေ့တတ်ဘူး မဟုတ်လား။

“သိန့် စကားပြောချင်လို့ပါ”

“ဩော် ရပါတယ် သိစောင့်နေမယ်လေ”

“ဒါဆို အိုကေ ကိုယ်ဖုန်းချလိုက်တော့မယ်နော်”

“ဟုတ်ကဲ့”

သူဖုန်းချပြီး အပေါ်ထပ်တက်ခဲ့၏။

သူအခန်းထဲရောက်တော့ မအိပ်နိုင်သေးပေ။ တစ်နေ့က မြမြစိမ်းအငြိမ့် ဗီဒီယိုရိုက်ထားတာကို ကြည့်မိ၏။

မြမြစိမ်း၏ကပဟန် ဆိုဟန်များက သူ့အတွက် ဘယ်လိုကြည့် ကြည့် ရိုးမသွားပါ။

အနီးကြည့်ကြည့် အဝေးကြည့်ကြည့် သူမအလှကစွဲငြိစရာ

“နောင်ဆိုရင် ခင်ဗျား ကျွန်တော်ကလွဲပြီး ဘယ်သူ့ကို မကပြရဘူး၊ ခင်ဗျားကို သူများတွေဝိုင်းကြည့်တာ ကျွန်တော် မကြိုက်ဘူးဗျာ…”

“ကျွန်တော်တစ်ယောက်တည်းပဲ ခင်ဗျားကိုကြည့်ချင်တယ်”

မှန်သားပြင်ပေါ်မှ မြမြစိမ်းကိုကြည့်ကာ သူတစ်ယောက်တည်း စကားတွေပြောနေမိ၏။ သောလူတစ်ယောက်သာရှိလျှင်တော့ သူ့ကို ရူးနေပြီဟုပြောမှာ သေချာသည်။





အင်း အမြဲတမ်းအလုပ်ကလွဲ၍ ဘာမှစိတ်မဝင်စားတဲ့လူက ခုတော့ အချစ်ရူး ရူးနေပြီထင်ပါရဲ့။

မြစိမ်းရယ်။

မင်း ကိုယ့်ကို ဘယ်လိုများညှို့ယူဖမ်းစားလိုက်တာလဲ။

ထိုစဉ်

မှိုးသည်းသည်းရွာသောညက အဘိုးကြီးပေးခဲ့သော ကျောက် စိမ်းရုပ်တုလေးကိုသတိရကာ ထုတ်ယူကြည့်မိ၏။

လက်ရာမြောက်လှသော ကျောက်စိမ်းရုပ်တုလေးက မြမြစိမ်း ကိုယ်စားရောက်လာလေသလား။

တိုက်တိုက်ဆိုင်ဆိုင် ကျောက်စိမ်းရုပ်တုလေးရောက်ပြီး မကြာမီ သူ မြမြစိမ်းကိုတွေ့ခဲ့ရတာပါပဲ။

သူ ကျောက်စိမ်းရုပ်တုလေးကိုစိုက်ကြည့်ရင်း မြမြစိမ်းပဲဟု ဆင်မှတ်လာ၏။

ထို့ကြောင့် သူဖြည်းညင်းစွာ ပွတ်သပ်မိသည်။

ထိုစဉ်မှာပဲ သင်းပျံ့သောရနံ့တစ်ခုက တစ်ခန်းလုံးမွှေးပျံ့လာ သော သူ့ မျက်တောင်များငိုက်စဉ်းလာရ၏။

အလို…

ဒီမွှေးရနံ့ ဘယ်ကလာတာပါလိမ့်။

သူ့အခန်းထဲမှာ အမွှေးတိုင်လည်း ထွန်းမထားပေ။ သူသုံးနေ ကျရေမွှေးနံ့လည်းမဟုတ်။ သူ့ခေါင်းထဲ ရီဝေလာကာ နောက်ဆုံး အရမ်းအိပ်ချင်လာတာမို့ သူအိပ်ရာထဲ ဝင်လိုက်ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မှေးခနဲအိပ်ပျော်သွားစဉ်မှာပင် ထူးခြားစွာ အိပ်မက်မက်လေသည်။

အိပ်မက်ထဲမှာ သူကနန်းဝတ်နန်းစားနှင့် ဖြစ်နေ၏။ သူ့အနားမှာ ကျောက်စိမ်းရောင်ဝတ်စုံနှင့် လှပချောမောသော မင်းသမီးလေးတစ်ယောက်။

သူတို့နှစ်ယောက် ပန်းခြံထဲလျှောက်သွားကာ ပျော်နေစဉ် မမျှော်လင့်ဘဲ အသားညိုညိုခေါင်းပေါင်းနှင့် လူတစ်ယောက်ရောက်လာကာ သူ့လက်ထဲမှမင်းသမီးကို ဖျတ်ခနဲဆွဲခေါ်သွားသည်။

မင်းသမီးက မလိုက်ဘူးလုပ်တော့ ထိုသူက ဒေါသတကြီးအော်သည်။ မင်းသမီးက သူ့ကို အကူအညီလှမ်းတောင်း၏။

သူမနေနိုင်ဘဲ ထိုလူ့ကို ဓားချင်းယှဉ်ခုတ်သည်။ တစ်ချက်မှာတော့ ထိုလူ၏ဓားက သူ့ရင်ဘတ်ထဲထိုးစိုက်ကာ လဲအကျ မင်းသမီးက သူ့ကိုပွေ့ယူကာ ရှိုက်ကြီးတငင်ငိုလေသည်။

"မောင်တော် မောင်တော်"

မင်းသမီး၏ခေါ်သံနှင့် ငိုသံက သူ့နားထဲတဖြည်းဖြည်းဝေးသွားတော့သည်။

သူ ဖျတ်ခနဲနိုးလာတော့ မောပန်းနေသည်။

"ဟူး တော်ပါသေးရဲ့ အိပ်မက်ဖြစ်လို့ပဲ"

မင်းသမီးအဝတ်အစားနှင့် မိန်းကလေးကို မြင်ယောင်ကြည့်မိ၏။

မြမြစိမ်းများလား။





အင်း သူလည်း မြမြစိမ်းနဲ့တွေ့ပြီးမှ စွဲလမ်းကာ ဒီလိုအိပ်မက်ဆန်းတွေ မက်တာထင်ပါရဲ့ဟုရေရွတ်ကာ ရုတ်ပြုံး ပြုံးမိလိုက်ရ၏။

မြစိမ်းရယ်...

ခင်ဗျား ကျွန်တော်အိပ်မက်ထဲအထိ ရောက်နေပြီဆိုတာ သိရဲ့လားဗျာ...

* * *



www.burmeseclassic.com

www.burmeseclassic.com



"သီကိုတွေ့ချင်တယ်ဆိုတာ ဘာပြောစရာရှိလို့လဲ ကိုဆက်"

သည်မနက် သီနှင့်ကော်ဖီဆိုင်မှာ တွေ့ကြ၏။ သီမျက်နှာသည် ဘာမှမဖြစ်သလို အေးချမ်းနေ၏။

"မနေ့က ကိုယ် ဒက်ဒီနဲ့ စကားပြောဖြစ်တယ် သီ"

သီက ငြိမ်သက်စွာနားထောင်နေသည်။ သူ ဆက်ပြော၏။

"ဒက်ဒီက ကိုယ်နဲ့သီ့ကိစ္စကို မေးတယ်လေ၊ ကိုယ် မဖြစ်နိုင်ဘူးဆိုတော့ ဒက်ဒီက ဘာကြောင့်လဲပေါ့"

"ကိုယ့်မှာချစ်သူရှိလားတဲ့၊ ကိုယ်ကတော့ ခုမှစိတ်ဝင်စားရမယ့်သူ တွေ့တာလို့ ပြောခဲ့တယ်"

"ဒါနဲ့ သီ့အဖေကလဲ ဒီကိစ္စနဲ့ပတ်သက်ပြီး သီ့ကို ဒေါသဖြစ်နေတယ်ဆို"

သူ့အမေးကြောင့် သီမျက်နှာလေး မသိမသာညှိုးသွား၏။ နောက်မှ အသာပြုံးကာ ခေါင်းလေးညိတ်ရင်း–

"သီက ဖေဖေ့စကားကို အမြဲနားထောင်ခဲ့တာ မဟုတ်လား၊ ဒီကိစ္စနဲ့ကျမှ သီ့ဘက်ကငြင်းတော့ နည်းနည်းတော့စိတ်ဆိုးတာပေါ့လေ"

"ကိုယ်စိတ်မကောင်းပါဘူး သီ၊ ကိုယ့်ကြောင့် သီ"

"အို ဟင့်အင်း အဲဒီလိုမဟုတ်ပါဘူး ကိုဆက်ရယ်၊ အဟင်း သီကိုယ်တိုင် အိမ်ထောင်မပြုချင်လို့ဆိုပြီး အဖေ့ကိုပြောလိုက်တာပါ"

တကယ်တော့ သီ့မျက်ဝန်းထဲမှာ သူ့အပေါ်ထားသည့် သံယောဇဉ်အရိပ်အယောင်တွေမြင်နေရပါသည်။ ဒါကို သူမသိချင်ယောင်ဆောင်ခဲ့သည်။

"ကိုယ့်ကို ခွင့်လွှတ်ပါ သီ"

"ရပါတယ် ကိုဆက်ရယ်၊ ဪ–ဒါနဲ့ မြမြစိမ်းအငြိမ့်ကို ကိုဆက်တို့ဧည့်ခံပွဲမှာ လူကြိုက်အတော်များတယ်ဆို"

သီက စကားလမ်းကြောင်းလွှဲလေ၏။ မြမြစိမ်းအမည်ပါလာတော့ သူ့မျက်နှာလည်း အလိုလိုပြုံးလာသည်။

"ဟုတ်တယ် သူတို့အတွက် တစ်မျိုးထူးဆန်းသွားတယ်လေ"

"မြမြစိမ်းကလဲ အဆိုရော အကရော တကယ်ကောင်းတယ် ဟုတ်လား"

"ရုပ်လေးလဲ တော်တော်ချောတယ်နော်"

သူ ခေါင်းညိတ်လိုက်ရ၏။ သူတွေ့ဖူးသမျှ အမျိုးသမီးတွေထဲမှာတော့ မြမြစိမ်းကအချောဆုံးပါပဲ။

"သီတော့ မြမြစိမ်းကို အပြင်မှာတွေ့ဖူးချင်နေတာ၊ မြမြစိမ်းအလှက မိန်းကလေးချင်းတောင် အားကျယူရတယ်မဟုတ်လား"





www.burmeseclassic.com

www.burmeseclassic.com



ဒီညနေ မြမြစိမ်းနှင့်တွေ့စရာရှိတယ်ဆိုတာ သူဖျတ်ခနဲ သတိရလိုက်၏။

ဒါပေမဲ့ သီ့ကိုခေါ်သွားလို့ဖြစ်မည်မထင်။ မြမြစိမ်းနဲ့ ဆက်ဆံနေတာကို ဘယ်သူမှပေးမသိချင်။

"တစ်နေ့တော့ တွေ့ရမှာပေါ့ သီရယ်၊ တကယ်လို့ ကိုယ်တို့ ကိစ္စနဲ့ပတ်သက်ပြီး သီ့မှာအခက်အခဲသိပ်ဖြစ်နေရင် ကိုယ်ကိုယ်တိုင် အန်ကယ့်ကို လာရှင်းပြပါ့မယ်"

"မလိုပါဘူး ကိုဆက်ရယ်၊ သီ့ကို ဖေဖေနားလည်မှာပါ"

"ဒါဆို ကောင်းပါတယ်ကွယ်၊ ကဲ ကိုယ်လဲ ကုမ္ပဏီသွားဦးမယ် ပြန်စို့ သီ"

"ဟုတ်ကဲ့"

သူတို့နှစ်ယောက် ဆိုင်ထဲမှထွက်ခဲ့ကြသည်။ ထို့နောက် ကိုယ့်ကားရှိရာသို့ အသီးသီးလျှောက်လာခဲ့ကြရင်း–

"ဩော် ကိုဆက်"

"ပြောပါ သီ"

"ကိုဆက်ရယ် သီ့ကို ညီမတစ်ယောက်၊ အစ်မတစ်ယောက်လို သဘောလိုသဘောထားပြီး အစစအရာရာတိုင်ပင်နိုင်ပါတယ်နော်"

"ဩော် သီရယ်"

သူ့အပေါ် ဒီလောက်နားလည်မှုရှိတဲ့ မိန်းကလေးတစ်ယောက်ကို ဘာကြောင့်လက်မထပ်ချင်ရတာပါလိမ့်။

ကိုယ့်ကို ခွင့်လွှတ်ပါ သီ။





တကယ်တော့ သီ့ရဲ့နှလုံးသားကို ကိုယ် မမြင်ချင်ယောင်ဆောင်မိခဲ့တာပါ။

ကိုယ် ဆုတောင်းပေးပါတယ်။

သီ့အပေါ် တကယ်ချစ်တဲ့လူမျိုးနဲ့ တွေ့ပါစေလို့။

သည်နေ့တော့ လက်ပတ်နာရီကို မကြာခဏကြည့်မိတာက သူ၊ သည်ညနေ မြမြစိမ်းနှင့်ချိန်းထားသည် မဟုတ်လား။ မြမြစိမ်း အမေကို သူ့အသိဆေးခန်းမှာပြဖို့ ဖြစ်သည်။

လေးနာရီထိုးတာနှင့် သူလုပ်လက်စများရပ်ကာ အပေါ်အင်္ကျီကိုယူလျက် ရုံးမှဆင်းလာခဲ့၏။

ပုံမှန်အတိုင်းဆိုလျှင် ဒက်ဒီကသာ သူ့ထက်အလျင် စောပြန်မြဲပါ။ ဒီနေ့တော့ သူစောကာ ရုံးဆင်းလာ၏။

မြမြစိမ်းဆီ သူအချိန်တိကျစွာရောက်ချင်သည်။ မြမြစိမ်းက သူ့ကိုစောင့်နေမှာမျိုး မလိုလား။ သူ့ကို တိကျတဲ့လူတစ်ယောက်အဖြစ်ပဲ မြင်စေချင်၏။

နောက်တစ်ချက်ကတော့ သူ့စိတ်ထဲ မြမြစိမ်းကိုတွေ့ချင်မြင်ချင်နေမိသည်။ သူ့စိတ်၏တောင့်တမှုကို သူငြင်းလို့မရ။

သူရောက်တော့ မြမြစိမ်းတို့သားအမိက အသင့်ပြင်ဆင်ပြီး စောင့်နေသည်။

"ကျွန်တော် နောက်မကျပါဘူးနော် မြမြစိမ်း"

ချောကလက်ရောင်ရင့်ရင့်ဝတ်စုံလေးက သူမ၏အသားနှင့် လိုက်ဖက်လှသည်။ တင်ပါးထိရှည်သောဆံပင်များကို ခပ်ဖွဖွတစ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းတည်းကျစ်ထားသောကြောင့် အမြင်ရှင်းလင်းစွာလှနေ၏။ သူမ၏ခန္ဓာကိုယ်လှပမှုကြောင့် မြန်မာဝတ်စုံနှင့် အလွန်လိုက်ဖက်လှသည်။

"နောက်မကျပါဘူးရှင်၊ ဦးဆက်မင်းဟာန် ကျွန်မတို့အတွက် အလုပ်ရှုပ်နေမလားလို့ အားနာမိတာပါပဲ"

"ဟုတ်တယ် သမီးက မောင့်ကို အားနာတယ်လို့ အခေါ်ကို ပြောနေတာကွယ့်"

သူပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်တာဗျာ ကျွန်တော့်ကိုခင်ရင် အားနာတယ်ဆိုတဲ့ စကားမသုံးပါနဲ့ဗျာ၊ ကဲ အဆင်သင့်ဖြစ်ပြီဆိုရင် သွားကြရအောင်"

"အို ကော်ဖီသောက်သွားပါဦး"

"နေပါစေ အပြန်မှပဲ သောက်တာပေါ့၊ ဆေးခန်းမှာ ကျွန်တော် ဘွတ်ကင်လုပ်ထားတယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ဒါဆို ကောင်းပါပြီရှင်၊ မိလုံးရေ အိမ်ကိုသေချာစောင့်နော်၊ ခြံတံခါးကိုလဲ ပိတ်ထား"

"ဟုတ်ကဲ့ မမ"

မိလုံးက ဦးဆက်မင်းဟာန်နှင့်မမကိုကြည့်ကာ အလွန်ပဲ လိုက်ဖက်လှတယ်ဟု မြင်မိ၏။ နှစ်ယောက်လုံး ချောမောတာချင်းအတူတူ မဟုတ်လား။

ကားပေါ်မှာ အမေက ချောင်းတဟွတ်ဟွတ်ဆိုးနေတာကြောင့် သူ ကားကို ခပ်သွက်သွက်လေးမောင်း၏။





"အမေ သက်သာရဲ့လား"

"ရပါတယ်ကွယ်"

"ဆေးခန်းရောက်တော့မှာပါ အခေါ်"

မကြာခင် သူတို့ကား ဆေးခန်းရှေ့ရပ်သည်။ ဆေးခန်းရှေ့မှာ ကားပေါင်းစုံကိုတွေ့ရသည်။ အထူးကုဆေးခန်းမို့ လာသူတွေက သူဌေးတွေ။

"မမြမြစိမ်းတို့ ဒီမှာခဏစောင့်နေနော်၊ ကျွန်တော် အထဲခဏ ဝင်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

ရှေ့ကခုံမှာထိုင်ကာ သူမတို့စောင့်နေလိုက်၏။ လာရောက်ပြသ သူတွေအားလုံး စိန်ရွှေငွေများနှင့်မို့ သူမတို့သားအမိနှစ်ယောက်သာ ဘာမှမပါ။

သို့သော် သူမကဂရုမစိုက်ပါ။

အမိကက အမေ့ရောဂါသက်သာဖို့ မဟုတ်လား။ ခဏနေတော့ သူပြန်ထွက်လာ၏။

"လာ အခေါ် ဝင်လို့ရပြီ"

နောက်မှရောက်လာပြီး သူမတို့အလျင်ဝင်ရတာကြောင့် စောင့်နေသောလူတွေက သိပ်မကျေနပ်ပေမဲ့ ဦးဆက်မင်းဟာန်၏ အရှိန်အဝါကြောင့် ဘာမှမပြောကြပေ။

အမေ့ကို သူကတစ်ဖက်မှ ကူတွဲပေးသည်။ ဆရာဝန်ကြီးက သူမတို့ကို အသင့်စောင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာရေ ဒါ ကျွန်တော့်မိတ်ဆွေတွေပဲ"

"သြော် သြော် လာပါခင်ဗျ"

ချောမောလှပသောသူမကို ဆရာဝန်ကြီးတစ်ချက်ကြည့်ကာ ဦးဆက်မင်းဟန်ကို ပြုံးယောင်ယောင်ကြည့်၏။

ထို့နောက် အမေ၏ရောဂါအခြေအနေကို မေးမြန်းသည်။ အမေပြောနေရင်းမှ မေ့တာတွေရှိတာမို့ သူမဝင်ဖြေနေရ၏။

ဆရာဝန်ကြီးက သေချာစမ်းသပ်စစ်ဆေးပြီးနောက် အမေ့ကို ဓာတ်မှန်ရိုက်ကြည့်ဖို့ပြောသည်။ နောက် သောက်ဆေးတွေတစ်ပတ်စာ ပေးသည်။

"ဓာတ်မှန်ရိုက်ပြီး ကျွန်တော့်ကိုလာပြပါ၊ ဒီဆေးက တစ်ပတ်စာပါ၊ တကယ်လို့ မသက်သာဘူးဆိုရင် နောက်တစ်ပတ် ပြန်လာပြပါ"

"ဟုတ်ကဲ့"

သူမက ငွေထုတ်ရှင်းဖို့ပြင်တော့ ဆရာဝန်ကြီးက လက်မခံ ဦးဆက်မင်းဟန်က ဝင်၍။

မမြမြစိမ်း နေပါစေ၊ ဒေါက်တာနဲ့ကျွန်တော်က ရင်းနှီးတဲ့ မိတ်ဆွေတွေမို့ ယူမှာမဟုတ်ဘူး"

"ဟုတ်ပါတယ်ခင်ဗျ"

သူမ ဘာမျှပြန်မပြောနိုင်ဘဲ ကျေးဇူးတင်ကြောင်းပြောကာ ထွက်ခဲ့ရ၏။

ဆေးဖိုးမပေးရ၍ သူမစိတ်ထဲမကျေနပ်ချင်။





"မမြမြစိမ်း ဆေးဖိုးမပေးရလို့ စိတ်ဆိုးနေလား"

"ကျွန်မ အစကတည်းကပြောခဲ့သားပဲ၊ ဆေးဖိုးပေးရမှ ဦးဆက်မင်းဟာန်နဲ့လိုက်မယ်လို့"

"သြော်ဗျာ ဒေါက်တာက ကျွန်တော်နဲ့သိပ်ရင်းနှီးတဲ့မိတ်ဆွေမို့ လက်မခံတာပါ၊ ကဲ မမြမြစိမ်းဆေးဖိုးပေးတယ်လို့ သဘောထားပြီး ကျွန်တော့်ကို အိမ်ရောက်ရင် ကော်ဖီတစ်ခွက်ဖျော်တိုက် ဟုတ်လား"

သူ၏ပြုံးစစအပြောကြောင့် သူမအမှတ်တမဲ့ မျက်စောင်းထိုးမိ၏။ သူမရဲ့လှပသောမျက်စောင်းကြောင့် သူ့ရင်ထဲဒိုင်းခနဲ ခုန်သွားသည်။

"ဘယ်လိုလုပ်လိုက်တာလဲ မြစိမ်းရယ်၊ ခင်ဗျားရဲ့ မျက်စောင်းတစ်ချက်မှာ ကျွန်တော့်နှလုံးသားတွေ ဘယ်လောက် တုန်ရှုပ်သွားရတယ်ဆိုတာ သိရဲ့လား"

သူ ပင့်သက်တစ်ချက်ကျိတ်ရှိုက်ကာ စိတ်ကိုတည်ငြိမ်အောင် ကြိုးစားလိုက်ရ၏။

"အဒေါ်ကတော့ ဆရာဝန်ကြီးကိုရော မောင်ဆက်မင်းဟန်ကိုရော ကျေးဇူးတင်ပါတယ်ကွယ်"

"အဒေါ်ရယ် ကျေးဇူးတင်စကားမပြောပါနဲ့ခင်ဗျာ၊ ကျွန်တော့်မှာလဲ ငယ်ငယ်ကတည်းက အမေဆုံးသွားတော့ အဒေါ်ကို အမေ့ကိုယ်စားပြုစုရတယ်လို့ပဲ သဘောထားပါတယ်"

"သြော် မောင်ဆက်မင်းဟန်က အမေမရှိတော့ဘူးကိုး"

"ဟုတ်ကဲ့ခင်ဗျ ကျွန်တော်ငယ်ငယ်ကပဲ ဆုံးသွားလို့ အမေကပဲ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုကျေးမွေးစောင့်ရှောက်ပြုစုခဲ့တာပါ"

သူပြောသမျှ မြမြစိမ်း ငြိမ်သက်စွာနားထောင်မိလေ၏။ တကယ်တမ်း သူနှင့် ခုလိုရင်းနှီးစွာဆက်ဆံနေရပေမဲ့ သူ့အကြောင်း ဘာမှသိတာမဟုတ်။

"အင်း သမီးလိုပဲပေါ့ သမီးအဖေကလဲ သမီးငယ်ငယ်ကပဲ ဆုံးပါးခဲ့ရတယ်လေ"

"ဒါဆို ကျွန်တော်နဲ့ မမြမြစိမ်းက ဘဝတူတွေပေါ့နော်"

သူမကို ဖျတ်ခနဲကြည့်ကာ သူပြုံး၍ပြော၏။ သူမ ခေါင်းအသာ ခါယမ်းလိုက်သည်။

"ဟင့်အင်း ဘဝမတူပါဘူးရှင်၊ ဦးဆက်မင်းဟန်က အမေမရှိ တော့ပေမဲ့ ငယ်ငယ်ကတည်းက ဘဝကိုချမ်းချမ်းသာသာနဲ့ ကြီးပြင်း ခဲ့ရတာပါ..."

"ကျွန်မကတော့ အမေဓာတ်ကြာရာနောက်လိုက်ရင်း ဘဝကို ဆင်းရဲစွာကြီးပြင်းခဲ့ရတာပါ"

"ဩော်ဗျာ"

သူရုတ်တရက်စိတ်မကောင်းဖြစ်သွားမိပြီးမှ သူမကိုစချင်စိတ် ကပေါ်လာတာကြောင့် အသာပြုံးလိုက်၏။

"ဒါကြောင့် မမြမြစိမ်းက အငြိမ့်ကတာဝါသနာပါနေတာကိုး"

"ဟုတ်တယ် ကျွန်မကိုချော့သိပ်ရင်း အမေကသီချင်းဆိုသိပ် ရတယ်လေ၊ ဆိုင်းသံကြားတာနဲ့ ကျွန်မကအိပ်ချင်လာတာပဲ၊ ဘယ် လိုပြောရမလဲ အမေရဲ့သွေးတွေက ကျွန်မကိုယ်ထဲအပြည့် စီးဆင်း





နေတယ်ဆိုပါတော့ရှင်"

"ဟုတ်ပါတယ် မောင်ဆက်မင်းဟန်ရေ မင်းညီမကတော့ ကျောင်းမှာလဲ ဘယ်ကပွဲမဆို သူကထိပ်ဆုံးကပဲ အဟွတ်"

"ဩော် အမေရယ် စကားသိပ်မပြောပါနဲ့ဆို"

သူမကပြောရင်း အမေ့ကျောပြင်ကို ဖွဖွနှိပ်ပေး၏။

"ဩော် အဒေါ်ကို ဓာတ်မှန်ရိုက်ရဦးမယ် မဟုတ်လား၊ တစ် ခါတည်း ဝင်ရိုက်သွားတာပေါ့"

"ဟုတ်ကဲ့"

ဓာတ်မှန်ရိုက်ပြီး ဓာတ်မှန်ကို နောက်နေ့လာယူဖို့မှာလိုက်၏။ ဓာတ်မှန်ဖိုးကို သူမပေးရတာကြောင့် ကျေနပ်သွားပုံဝင်။

"ကဲ ကျေနပ်ပြီမဟုတ်လား"

"ဘာလဲ"

သူ၏ပြုံးစစအမေးကြောင့် သူမ နားမလည်သလိုမေး၏။

"ဩော် ဓာတ်မှန်ဖိုးပေးရလို့လေ"

ဒီတော့မှ သူမသဘောပေါက်ကာ ပြုံးသွား၏။

"ဒီတစ်ခါမှ ဓာတ်မှန်ဖိုးမပေးရရင် နောက်ဦးဆက်မင်းဟန်နဲ့ ကျွန်မ ဘယ်ကိုမှမသွားတော့ဘူး"

"ဟာဗျာ ဒီလိုတော့မလုပ်ပါနဲ့"

မမျှော်လင့်ဘဲ သူတို့နှစ်ယောက်အကြည့်ချင်းဆုံ၏။ သူ၏ တောက်ပသောအကြည့်တို့ကြောင့် သူမပါးလေးနီကာ မျက်လွှာ ဖျတ်ခနဲချသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမြမြစိမ်း"

"ရှင်"

"မနက်ဖြန်ကျရင် ကျွန်တော်တို့ဓာတ်မှန်အတူတူ လာယူကြရအောင်နော်"

"ဟုတ်ကဲ့"

သူကျေနပ်သွားသည်။ ဖြစ်နိုင်လျှင် သူ့စိတ်တွေက သူမကို နေ့တိုင်းမြင်ချင်တွေ့ချင်နေတာ မဟုတ်လား။

"အဒေါ်နဲ့မမြမြစိမ်းတို့ တစ်ခုခုစားကြပါဦးလားခင်ဗျ"

"အို နေပါစေ"

"ဩော် မမြမြစိမ်းရယ် အဒေါ်ကအိမ်ရောက်တာနဲ့ ဆေးသောက်ရမှာ မဟုတ်လား၊ ဒီတော့ အစားတစ်ခုခုစားထားမှပေါ့၊ ကျွန်တော်ပြောတာ မဟုတ်ဘူးလားအံဒေါ်၊ ဒီနားက ကြေးအိုး သိပ်ကောင်းတယ်ခင်ဗျ"

သူပြောရင်း ကားကို ကြေးအိုးဆိုင်ရှေ့ရပ်သည်။

"ဆင်း၍ အဒေါ်၊ လာပါ မမြမြစိမ်း"

အမေကတော့ အားနာစွာနဲ့ သူခေါ်တာကိုလိုက်သည်။ သူမမှာ အားနာလွန်းတာကြောင့် ကားပေါ်မှမဆင်းချင်။

"အဒေါ့်ကို ကျွန်တော် ကြေးအိုးပူပူနွေးနွေးလေး တိုက်ချင်လို့ပါ မမြမြစိမ်းရယ်"

ဟင်း... တောင်းပန်သလိုသူ့အကြည့်တစ်ချက်မှာ သူမစိတ်တို့ ညွတ်ပျောင်းရလေသည်။





"ဟယ် ဟိုစုံတွဲက လိုက်တယ်နော်၊ နှစ်ယောက်လုံး ချောလိုက်တာဟယ်"

ဆိုင်ထဲမှကောင်မလေးတစ်ချို့၏ ဝေဖန်သံကြောင့် သူမမျက်နှာလေးနီရဲသွားသလောက် သူကတော့ ကျေနပ်စွာကြည့်နေလေ၏။

"ဟဲ့ အဲဒါ မြမြစိမ်းမဟုတ်လား"

"အေး ဟုတ်တယ်နော်၊ အပြင်မှာ သူကပိုချောတယ်နော်"

"အေးဟယ် ကြွေရုပ်လေးကျနေတာပဲ"

"အံမယ် သူနဲ့တွဲလာတဲ့အစ်ကိုကြီးကလဲ ချောတာပါပဲ"

"အေးနော် သူတို့လင်မယားလားပဲ"

"ဟဲ့"

မြမြစိမ်းက ရှေ့မှာရောက်သွားတာမို့ ဒီစကားကို မကြားလိုက်လို့ တော်သေးသည်။

သူကတော့ ပေါက်ကရပြောတတ်သော ဆယ်ကျော်သက်မလေးတွေ၏ပါးစပ်ကို ရွှေသွားချချင်သည်။

မင်းတို့ပြောတဲ့အတိုင်း ကိုယ်တို့ တစ်နေ့တကယ်လက်ထပ်နိုင်ပါစေကွယ်။

"မမြမြစိမ်းအတွက်လဲ ကြေးအိုးမှာလိုက်မယ်နော်"

"ဟင့်အင်း ကျွန်မ မသောက်ချင်ဘူး"

သူမျက်နှာ ပျက်သွားသည်။

"ဘာဖြစ်လို့လဲဗျာ"

"ဘာမှမဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အခေါ်အတွက်ပဲမှာလိုက်မယ်၊ ကျွန်တော်လဲ မသောက်တော့ဘူး"

သူပြောရင်း တကယ်ပဲတစ်ပွဲသာ မှာလိုက်၏။

"အို မဟုတ်တာ ကျွန်မကမကြိုက်လို့ပါ"

သူပြုံးလျက်–

"ကျွန်တော်လဲ မကြိုက်လို့ပါ"

ဟင်း

သူမ ဒုတိယအကြိမ် မျက်စောင်းထိုးမိ၏။ သူမ၏မျက်စောင်းကို သူပြုံးပြုံးကြီး ကျေနပ်စွာခံယူလေသည်။

ခင်ဗျား ကျွန်တော့်ကို မျက်စောင်း ခဏ ခဏမထိုးနဲ့ဗျာ၊ ကြာရင် ကျွန်တော်ရူးလိမ့်မယ်။

မျက်ဝန်းများကတစ်ဆင့် အသံတိတ်သူပြောနေတာကို သူမကြားနိုင်မည်မထင်။

"မမြမြစိမ်း"

"ရှင်"

"ကြေးအိုးမသောက်ရင် တစ်ခုခုသောက်ပါလား"

"ဟင့်အင်း"

"သြော်ဗျာ ကျွန်တော် မမြမြစိမ်းအိမ်မှာ ထမင်းမစားပါဘူး"

သူမ လုစ်ခနဲပြုံးမိရင်း–

"ကျွန်မဖိတ်ကျွေးလဲ ဦးဆက်မင်းဟန် စားနိုင်မှာ မဟုတ်ပါဘူး"





အမေကတော့ သူတို့နှစ်ယောက်ပြောတာကို မကြားသလို ကြေးအိုးပူပူကို တစ်ဇွန်းချင်းသောက်နေ၏။

"ဟာဗျာ ဒီလိုတော့မပြောပါနဲ့ မယုံရင် မမြမြစိမ်း ဖိတ်ကျွေးကြည့်ပါလား"

အမေက ကြားမှနေ၍–

"ဟုတ်သားပဲ သမီးရဲ့၊ မောင်ဆက်မင်းဟန်ကို ထမင်းစားဖိတ်ပါလား"

"အို အမေကလဲ သမီးတို့လို ဆင်းရဲသားကကျွေးတဲ့ထမင်းကို ဦးဆက်မင်းဟန်လို သူဌေးတစ်ယောက်က ဘယ်စားနိုင်မလဲ"

"မမြမြစိမ်းရယ် ကျွန်တော့်ကို သူဌေး သူဌေးပြောနေတာ နေရခက်လှပါတယ်ဗျာ၊ ကျွန်တော် ဒီလိုလူစားမဟုတ်ပါဘူး"

"မမြမြစိမ်း ဖိတ်မကျွေးချင်ရင် နေပါဗျာ"

"အံမယ် ကျွန်မကဖိတ်မကျွေးဘူးလို့ မပြောပါဘူးနော်"

"ဒါဆို ကျွေးမယ်ပေါ့"

"ဦးဆက်မင်းဟန်သာစားနိုင်မယ်ဆိုရင် ကျွန်မက အချိန်မရွေး ကျွေးဖို့ အသင့်ပါပဲ"

သူပြုံးသွားလျက် အမေ့ကိုကြည့်၏။

"အခေါ် သူပြောတာကြားတယ်နော်၊ နောက်ပြီးကျမှ ထမင်းဖိတ်ကျွေးဖို့ မေ့ချင်ယောင်ဆောင်ရင် ကျွန်တော်အတင်းသတိပေးရမှာပဲ"

အမေ ပြုံးကာ–



www.burmeseclassic.com

"ကဲ သမီး မမေ့ရအောင် မနက်ဖြန်ပဲ ဖိတ်ကျွေးလိုက်ပါကွယ်"

"အမေကလဲ သူက အလုပ်အားမှာမဟုတ်"

"ဟာ အားတယ် အားတယ်၊ ဘယ်အချိန်လာရမလဲသာပြော"

သူမစကားကို ဝင်ဖြတ်ပြောလိုက်တာကြောင့် တတိယအကြိမ် မျက်စောင်းထိုးမိချိန် –

သူက အလျှင်လိုမျက်နှာလွှဲမသွားဘဲ တည်တည်စူးစူးကြီး စိုက်ကြည့်နေတာကြောင့် သူမမျက်လွှာ ကမန်းကတန်း ချလိုက်ရလေသည်။

* * *

"အမေရယ် အမေဝင်ပြောလို့သာ သူ့ကို ထမင်းစားဖိတ်ရတယ်၊ သူ့လို သူဌေးကို သမီးဖြင့် ဘာချက်ကျွေးရမှန်းမသိဘူး"

ဦးဆက်မင်းဟန်ကို ထမင်းဖိတ်ကျွေးဖို့ ဟင်းစီစဉ်ရင်း သူမ ညည်းညည်းညူညူပြော၏။

သူတို့လိုသူဌေးစားသော တန်ဖိုးကြီးလှသော အစားအစာတွေကိုလည်း သူမဝယ်မချက်ကျွေးနိုင်ပါ။

"သြော် သမီးရယ် ကိုယ်ကစေတနာနဲ့ကျွေးရင် ဘာပဲဖြစ်ဖြစ် ကောင်းပါတယ်၊ သူကလဲ ကိုယ့်အပေါ်စိတ်စေတနာထားတယ် မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ် အမေ၊ ဖြစ်နိုင်ရင် သမီးက သူ့အကူအညီမယူချင်ပါဘူး၊ သူက ဇွတ်လုပ်ပေးနေလို့"





"အို သမီးကလဲကွယ် လူတစ်ဖက်သားရဲ့ စိတ်စေတနာကို မငြင်းကောင်းပါဘူးကွယ်"

အမေကတော့ ဘယ်သူ့အပေါ်မဆို ခင်မင်လွယ်ကာ စေတနာထားတတ်တာ၊ အားနာတတ်တာများကြောင့် အားလုံးအပေါ်အကောင်းမြင်နေတတ်သူပါ။

သူမလည်း လူတွေအပေါ် အကောင်းမြင်တတ်ပေမဲ့ ဦးဆက်မင်းဟန်လိုသူဌေးတွေနှင့် ဆက်ဆံရတာကိုသတိထားရ၏။ ကိုယ်နှင့် အဆင့်အတန်းလည်း ကွာခြားလွန်းတာကြောင့် ပေါ်ဝန်းကျင်ဆိုတာလည်း ထည့်တွက်ရသေးသည်မဟုတ်လား။

ပေးတိုင်းလည်း မယူလို။

ကျွေးတိုင်းလည်း မစားလိုပါ။

သို့သော် သူ၏ တောင်းပန်သလို မျက်ဝန်းတွေကြောင့် ခက်ရပါသည်။

ပြီးတော့ သူ့ကိုရိုးဖြောင့်တည်ကြည်သူအဖြစ်မြင်ကာ တခြားလူတွေလို တင်းမာစွာမဆက်ဆံရက်ပြန်။

ရှင် သိပ်ခက်ပါလား ဦးဆက်မင်းဟန်ရယ် ...

"ဒါနဲ့ မောင်စိုးဒေဝါတစ်ယောက်လဲ မလာတာကြာပါပြီရော လား၊ သမီးနဲ့ ဘာဖြစ်ထားလဲ"

"ဟင်း သူ့အကြောင်းတော့ မပြောပါနဲ့အမေရယ်၊ အဖေက ပိုက်ဆံနည်းနည်းရှိတာကိုပဲ ဘဝင်မြင့်နေတာ၊ အလုပ်တိုက်ကလဲ ဘာမှ ဟုတ်တိပတ်တိမလုပ်ဘဲနဲ့ သမီးဖြင့် ကြည့်လို့ကိုမရပါဘူး အမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"သြော် သမီးရယ် သူလဲ သူ့အဖေအငြိမ့်ကို ဦးစီးတယ် မဟုတ်လား"

"အို အဲဒါ ဦးလှရှရနေမကောင်းတဲ့ခဏပါ၊ အချိန်ပြည့် အရက်မူးနေတဲ့လူကများ"

စိုးဒေဝါအပေါ်မှာလည်း သားတစ်ယောက်လိုချစ်သော အမေကတော့ သက်ပြင်းသာကျိတ်ချ၏။

"ယော ပြောရင်းဆိုရင်း အသက်ရှည်ဦးမယ်၊ ဟိုမှာ ဦးလှရှ ကြီးလာတယ် အမေ"

ဟိုင်းလတ်စ်ကားပေါ်မှဆင်းလာသော ဦးလှရှက ခြံတံခါးဖွင့် ဝင်လာသည်။ ဦးလှရှမျက်နှာမကောင်းတာ အကဲခတ်မိ၏။

"ကိုလှရှလဲ ခုမှပေါ်လာတယ်"

အမေက နှုတ်ဆက်သည်။

"ဟုတ်တယ် မငွေရယ်၊ ကျုပ်လဲ စိတ်တော့ရောက်ပါရဲ့၊ ဒါနဲ့ မငွေရော နေကောင်းရဲ့လား"

"ဒီလိုပါပဲရှင် ဆေးခန်းတော့ပြနေရတာပါပဲ"

"အေးဗျာ ကျန်းမရေးတော့ဂရုစိုက်ပါ၊ အင်း မြစိမ်းလဲရှိနေတာ အတော်ပဲ၊ ပွဲကိစ္စလဲ စကားပြောရင်း ဟိုကောင့်အကြောင်းလဲ ပြောချင်လို့"

"စိုးဒေဝါ ဘာဖြစ်လို့လဲ"

အမေက စိတ်ဝင်စားစွာမေးနေ၏။

ဦးလှရှက မြစိမ်းကိုတစ်ချက်ကြည့်ပြီးမှ အမေ့ဘက်လှည့်ကာ



"မသိပါဘူးဗျာ ဟိုတစ်နေ့က အရက်တွေမူးအောင် သောက်လာပြီး အိမ်မှာသောင်းကျန်းနေလို့"

"အို ဘယ်လိုဖြစ်ရတာလဲရှင်"

"အင်း ကိစ္စက လူငယ်ကိစ္စပေါ့ဗျာ၊ မြစိမ်းက သူ့ကိုငြင်းလိုက်တယ်ဆိုလား"

"ဟုတ်တယ်လေ ကျွန်မမှ သူ့ကိုမချစ်နိုင်ဘဲ"

သူမက ခပ်ပြတ်ပြတ်ပြောတော့ ဦးလှရှမျက်နှာ ကွက်ခနဲပျက်သွား၏။

"ဒီလိုတော့ အပြတ်မပြောပါနဲ့ မြစိမ်းရယ်၊ သားနဲ့မြစိမ်းဆိုတာ ငယ်ငယ်လေးကတည်းက အတူကြီးလာကြတာပဲ"

"ဒါကြောင့်မို့ စိုးဒေဝါအပေါ် ကျွန်မ မောင်နှမလိုပဲ ခင်နိုင်တယ် ဦးလေး"

"ခက်တာပဲကွယ် ဒီကောင့်ကို ငယ်ငယ်လေးကတည်းက အလိုလိုက်ထားတော့ သူလိုချင်တာရမှ မဟုတ်ရင်ဂျိုတိုက်တော့တာပဲ"

"သူက ကလေးမှမဟုတ်တော့ပဲ ဦးလေးရယ်"

"အင်း၊ ကလေးမဟုတ်လို့ ပိုခက်နေတာ"

သူမ ဆက်လက်နားမထောင်လို၍ အနားမှထွက်ပို့ပြင်၏။

"အမေ သမီး စက်ချုပ်ဆိုင်သွားလိုက်ဦးမယ်"

"အေး အေး"

"ကဲ ဦးလှရှ ကျွန်မကိုခွင့်ပြုပါဦး၊ အလုပ်အကြောင်းဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကိုပြောခဲ့ပါ”

ထို့နောက် သူမ အိမ်ပေါ်မှဆင်းလာခဲ့သည်။ စိုးဒေဝါအကြောင်းကို နားမထောင်လို။ ဘယ်ရေစက်ကြောင့်မှန်းမသိ။ သူမနှင့်စိုးဒေဝါ ငယ်ငယ်လေးကတည်းက မတည့်။

သူမအရုပ်လေးတွေကို စိုးဒေဝါကဖျက်ဆီးတတ်သလို ကစားလျှင်လည်း သူပဲအနိုင်ယူချင်၏။ စိုးဒေဝါကို ဗိုလ်ကျတတ်သူအဖြစ် မှန်းမိသည်။

စိုးဒေဝါအကြောင်း မတွေးချင်တာမို့ ဦးဆက်မင်းဟန် အကြောင်းရောက်သွားသည်။

သူ ဘာကြောင့် သူမတို့သားအမိအပေါ် ကောင်းနေတာလဲ။

သူမဖခင်မှ တစ်စုံတစ်ရာကိုလိုချင်၍လား။ မဖြစ်နိုင်ပါ။

ဦးဆက်မင်းဟန်လို လူချောလူခန့်သူဌေးတစ်ယောက်အနားမှာ သူမထက် အစစအရာရာသာသော မိန်းမချောလေးတွေ အများကြီး ဝိုင်းနေမှာပါ။

ဒီကြားထဲက သူမကိုစိတ်ဝင်စားတယ်ဆိုလျှင် ဦးဆက်မင်းဟန် စိတ်ကစားတာဖြစ်နိုင်သလို သူမကိုအငြိမ့်သမအဖြစ် အထင်သေးတာ ဖြစ်ရမည်။

ရှင် ဘာကြောင့် ကျွန်မဘဝထဲအထိ ဝင်လာတာလဲ ဦးဆက် မင်းဟန်…

သူမပြန်ရောက်တော့ ဦးလှရပြန်သွားပြီ။

“အမေ ဦးလှရဘာပြောသေးလဲ”





“အင်း ပွဲစဉ်အတွက် ရေးပေးခဲ့တယ်၊ သမီးရယ် သူတို့ကို ကောင်းကောင်းမွန်မွန်ဆက်ဆံပါ၊ ကိုယ်နဲ့က စီးပွားရေးအရ ပတ်သက်နေတာမဟုတ်လား”

“အလုပ်နဲ့ လူမှုရေးမဆိုင်ပါဘူး အမေရယ်”

“မဟုတ်သေးဘူး သမီး၊ ခုဆို စိုးဒေဝါ အိမ်တောင် ပြန်မအိပ်ဘူးတဲ့၊ သူငယ်ချင်းတွေနဲ့ မိုးရှူးဘက်လိုက်သွားဖို့တောင် စီစဉ်နေသတဲ့၊ ကျောက်သွားတူးမယ်ဆိုလား”

“ကောင်းတာပေါ့ အမေ၊ သူဝေးသွားနေလေ သမီးအတွက် အေးလေပဲ”

“ဩော် သမီးကလဲ ပြောရင်းကွယ်”

“ကဲပါ အမေရယ်၊ အိပ်ပျော်အောင်သာအိပ်ပါ၊ သမီးအတွက် မပူပါနဲ့”

အမေ့ကို ခြင်ထောင်ချပေးပြီး သူမထွက်လာသည်။

“မိလုံး”

“ရှင် မမ”

“မနက်ရောက်ရင် စောစောထနော်၊ ဧည့်သည်ကို ထမင်းကျွေးဖို့ ဈေးစောစောသွားရမယ်”

“ဟုတ်ကဲ့ မမ၊ ဧည့်သည်ဆိုတာ ဟိုဦးလေးချောချောကို ပြောတာလားဟင်”

အရေးထဲ မိလုံးက စပ်စုနေတာမို့ သူမမျက်စောင်းထိုးမိရင်း (အေး)ဟု ဖြေလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟီး အဲဒီဦးလေးက မမကိုလာတောင်းတာလားဟင်"

"ဟယ် ကောင်မလေး ဘာပေါက်ကရတွေ လျှောက်ပြောနေတာလဲ၊ သူ့ကို ထမင်းစားဖို့ ရိုးရိုးဖိတ်တာဟဲ့"

"ဪ အဟီး မသိပါဘူး မမရယ်၊ မိလုံး ဟိုလိုမှတ်လို့ပါ"

"တော်စမ်း သွားအိပ်တော့"

"ဟုတ် ဟုတ်ကဲ့"

ဒီတော့မှ မိလုံးပါးစပ်ပိတ်သွား၏။ သူမကတော့ မနက်ဖြန် ထမင်းကျွေးဖို့အတွက် အိမ်ကိုအတတ်နိုင်ဆုံး လှပသေသပ်အောင် ရှင်းလင်းကာ စီစဉ်စရာရှိတာတွေ စီစဉ်နေရသည်။

မောမော်နှင့် အိပ်ရာဝင်ပေမဲ့ ချက်ချင်းအိပ်မပျော်။

"သမီးကိုမမွေးခင်က မေမေအိပ်မက်မက်တယ် သမီးရဲ့ နန်းဝတ်နန်းစားအစိမ်းရောင်ဝတ်စုံလေးနဲ့ မင်းသမီးတစ်ပါးက ရှိက် ငိုပြီး သူ့ချစ်သူကိုရှာချင်လို့ အမေ့ဗိုက်ထဲဝင်စားပါရစေတဲ့၊ နောက် တော့လဲ သမီးကိုယ်ဝန်ရှိလာတာပဲ"

အမေက ထိုအကြောင်းတွေ မကြာခဏပြန်ပြောတတ်၏။

"ဒါဆိုသမီးက အဲဒီမင်းသမီးလေးလား အမေ"

"အဟင်း ဟုတ်မှာပေါ့ကွယ်၊ သမီးကိုမွေးခါနီး မိုးတွေ သိပ်ရွာတာပဲ၊ တကယ့်ကို သဲသဲမဲမဲပဲ၊ တကယ်တမ်း သမီးလေး မွေးလာတော့ အသားလေးတွေကဖြူနုပြီး ပါးပြင်မှာမှဲ့စိမ်းလေးပါလို့ မြမြစိမ်းလို့ နာမည်ပေးခဲ့တာ"

အမေပြောတာတွေကို သူမကပုံပြင်တစ်ခုလိုပဲ မှတ်ယူခဲ့၏။





သို့သော် သူမအရွယ်ရောက်လာတော့ ထူးဆန်းစွာအိပ်မက်မက်သည်။

အိပ်မက်ထဲမှာ သူမက နန်းတွင်းဝတ်စုံအစိမ်းလေးနှင့် နန်းဝတ် နန်းစားမင်းသားတစ်ပါးနှင့် တွဲလို့တဲ့။

သို့သော်

ထိုမင်းသား၏ မျက်နှာကိုတော့ သူမသဲကွဲစွာ မမြင်ရ။ ထို အိပ်မက်ကို မကြာခဏမက်တတ်၏။ အမေ့ကိုတော့ ပြောမပြပါ။

"တစ်ခါ သမီးနေမကောင်းဖြစ်တော့ အမေ သိပ်စိတ်ပူရတာပဲ၊ ဆရာဝန်နဲ့ပြလဲ တော်တော်နဲ့မပျောက်လို့ အမေစိတ်ပူပြီး အထက်ဆရာ တွေနဲ့ခေါ်ပြတော့ သမီးက သိုက်ကလာတာတဲ့၊ ဒါကြောင့် ဒီလောက် လှနေတာတဲ့၊ ပြန်မခေါ်ရအောင် တောင်းပန်ရမယ်ဆိုလို့ အမေ့မှာ ကန်တော့ပွဲနဲ့ တောင်းပန်ရသေးတယ်"

"အမေ့ကို ညာသွားတာပါ အမေရယ်"

ဟု သူမရယ်မောစွာ ပြန်ပြောခဲ့ဖူး၏။

ဒီနေ့လိုခေတ်မှာ ဒါမျိုးအယူအဆတွေ မရှိတော့ပါ။

သူမကလည်း ခေတ်မိန်းကလေးမဟုတ်လား။

"ညာရင်လဲ ညာပေါ့ သမီးရယ်၊ အမေကတော့ သမီးသာ ကျန်းမာအသက်ရှည်ဖို့ဆိုရင် အမေ ဘာပဲလုပ်ရလုပ်ရပါ"

"အမေရယ်"

အမေ့စေတနာကိုတော့ သူမလေးစားတန်ဖိုးထားရပါသည်။

လောကမှာသူမတွယ်တာစရာ အမေတစ်ဦးတည်းရှိတာပါလေ။

* * *



www.burmeseclassic.com

www.burmeseclassic.com



"မြစိမ်း"

"ဟင် မောင်တော် ရှာလိုက်ရတာ မောင်တော်ရယ်၊ ခုမှပဲ တွေ့ရတော့တယ်နော်"

မောင်တော့ထံပြေးကာ သူမပြောလိုက်၏။ မောင်တော်က သူမကို ဆီးပွေ့သည်။

"နှမတော်ကိုလဲ မောင်တော်က အမြဲသတိရနေတာပါကွယ်"

"တကယ်လား မောင်တော်"

"တကယ်ပါကွယ်"

မောင်တော့်ရုပ်သွင်ကို သူမဖျတ်ခနဲ မော့ကြည့်လိုက်၏။

"ဟင် ဦးဆက်မင်းဟန်"

နန်းဝတ်နန်းစားနဲ့ မောင်တော်က ဘယ်လိုလုပ် ဦးဆက်မင်းဟန်ဖြစ်သွားတာပါလိမ့်။ ထိုစဉ် အသားညိုညိုခေါင်းပေါင်းနှင့် လူတစ်ယောက်ရောက်လာ၏။

"ဟိတ် မြစိမ်းကိုလွှတ်လိုက်"





"ဟင်"

"ဟား ဟား မင်းတို့က ဘဝခြားနေတာတောင် ချစ်နေတုန်းပဲ ကိုးကွ"

ခါးတောက်ကာ ရယ်မောလိုက်သောလူကို မုန်းတီးစွာ သူမကြည့်တော့-

"ဟင် ရှင် ရှင် စိုးဒေဝါ"

"အေး ဟုတ်တယ် ငါဒေဝါပဲ၊ အရင်ဘဝက နင်တို့ချစ်ခြင်းကို ခွဲခဲ့တာ ကျုပ်ပဲ"

"ဟင် ရှင် လူယုတ်မာ"

သူမပြေးသွားကာ စိုးဒေဝါကို ပါးရိုက်ဖို့ပြင်၏။

"နှမတော်"

ဦးဆက်မင်းဟန်က နောက်မှစိုးရိမ်စွာအော်သည်။ စိုးဒေဝါက သူမလက်ကိုဆုပ်ဖမ်းကိုင်ကာ-

"ခုတော့ မင်းက ကျုပ်ကိုသစ္စာဖောက်ပြီပေါ့လေ ဟုတ်လား မြစိမ်း၊ ကျုပ်က မင်းအပေါ် ဘယ်လောက်ချစ်ခဲ့ရသလဲ၊ မင်းကျုပ်ကလွဲပြီး ဘယ်သူ့အပေါ်မှ မချစ်ရဘူး"

"ဟိတ် ဒေဝါ မြစိမ်းကိုလွှတ်လိုက်"

"ဩော် မင်းက သူရဲကောင်းပေါ့လေ ကဲ လာစမ်း"

"မောင်တော် မသွားနဲ့"

သို့သော် သူမတားတာနောက်ကျသွားပြီ။ ယောက်ျားသားနှစ်ယောက်လုံး ဓားချင်းယှဉ်ခုတ်နေပြီ။ သူမ မောင်တော့်အတွက် စိုး



www.burmeseclassic.com

www.burmeseclassic.com



ရှိမိစဉ် စိုးဒေဝါ၏လက်မှ ဓားလက်စနဲ့ဖြစ်သွားကာ–

"အို မောင်တော်"

ရင်ဝမှာဓားတန်းလန်းဖြင့် မြေပေါ်လဲကျသွားသော မောင်တော့်ကို ပြေးပွေ့မိ၏။

"မောင်တော်"

"နှမတော်"

"ဟင့်အင်း ဟင့်အင်း မောင်တော်မသေရဘူး အဟင့် ဟင့်"

"မငိုပါနဲ့ နှမတော်၊ ဖြစ်လေရာဘဝမှာ နှမတော်ကို မောင်တော် စောင့်"

"အို မောင်တော်"

သူမရင်ခွင်မှာ သေဆုံးသွားသောမောင်တော့်ကိုကြည့်ကာ ရှိုက်ကာငိုမိ၏။ ထို့နောက် သူမ အံတင်းတင်းကြိတ်လိုက်သည်။

"စိတ်ချပါ မောင်တော်၊ မောင်တော် ဘယ်ဘဝရောက်ရောက် နှမတော်ရောက်အောင် လာခဲ့ပါ့မယ်လို့ သစ္စာပြုပါတယ်"

ထိုစဉ်...

"ကဲ လာ ကျုပ်နဲ့လိုက်ခဲ့"

စိုးဒေဝါက လက်ဆွဲခေါ်သည်။ သူမ ရုန်းကန်ရင်း ငြင်းဆန်တော့–

"အို မလိုက်ဘူး၊ ရှင့်လိုလူမျိုးနောက် ကျွန်မ မလိုက်ဘူး"

"မောင်တော် မောင်တော်"

စိုးဒေဝါခေါ် ဆေ၀လက်ဆွဲခေါ်ရာနောက်သို့ သူမပါသွားတာမို့





မောင်တော့်ကိုသာ တမ်းတခေါ်မိသည်။

"မောင်တော် မောင်တော်"

"မမ မမ"

"ဟင် ဟင် ဘာလဲ မိလုံး"

အိပ်ရာမှဆတ်ခနဲနိုးလာသော သူမက မိလုံးအသံကြောင့် ဖျတ်ခနဲထထိုင်၏။ မိလုံးက သူမကိုရယ်ကျဲကျဲကြည့်ကာ–

"အပြီး မမယောင်အော်နေလို့ ကျွန်မခေါ်လိုက်တာ"

"ဟင်"

သူမ ရှက်သွားရသည်။

ညက ဦးဆက်မင်းဟန်နှင့် စိုးဒေဝါအကြောင်းကိုတွေးကာ အိပ်မက်တွေကယောင်ချောက်ချား မက်တာထင်ပါရဲ့။

"ဘယ်နှစ်နာရီထိုးပြီလဲ မိလုံး"

"ငါးနာရီ မမ"

"မိုးတောင်လင်းပြီပဲ ကဲ ကဲ ဆွမ်းချက်ဖို့ပြင်တော့"

"ဟုတ်ကဲ့"

သူမ အိပ်ရာမှထကာ ခေါင်းဖြီးလိုက်၏။ မိလုံးရှေ့မှာမို့ ဟန်ဆောင်နေရပေမဲ့ ဒီလိုယောင်တဲ့အထိ အိပ်မက်မက်တာကို ကြိတ်ရှက်မိသည်။

ဟင်း... ဦးဆက်မင်းဟန်ကိုများ သူမက မောင်တော်တဲ့။ ရှက်စရာကွယ်။

မိုးလင်းတာနှင့် မိလုံးကိုခေါ်ကာ ဈေးထွက်ခဲ့သည်။ ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



ဦးဆက်မင်းဟန်ကို ထမင်းကျွေးရမည်မဟုတ်လား။ ထို့ကြောင့် ရှယ်ရှယ်ရာရာဖြစ်အောင် သူမကိုယ်တိုင် ဈေးလိုက်ခြင်းဖြစ်၏။

ငါးပတ်မွှေချက်၊ ကြက်သားချဉ်စပ်၊ ကိုက်လန်နှင့် ကြက်အသည်းအမြစ်ကြော်၊ ပဲကြာဇံဟင်းချို ငါးချဉ်ငါးပိကောင်ချက်နှင့်တို့စရာအစုံအလင်ဝယ်သည်။

ဒီထက်မကကောင်းတာ ကျွေးချင်ပေမဲ့ သူမအတွက် ဒီလောက်ပဲတတ်နိုင်ပါသည်။

ဈေးကပြန်လာတာနှင့် မနားဘဲ မိလုံးကိုဝိုင်းကူခိုင်းကာ မမောတမ်းချက်ပြုတ်လေ၏။

နောက်ပိတ်ဆုံး ပဲကြာဇံကိုချက်ဖို့ကျန်ချိန်မှာ မိလုံးက သတိပေးသည်။

"မမ ရေသွားချိုးတော့လေ၊ ကျန်တာ မိလုံးလုပ်ပါ့မယ်၊ တော်ကြာ ဟိုဦးလေးလာတော့မှာ"

မိလုံးသတိပေးမှ သူမရေချိုးဖို့ပြင်ရ၏။

"အမေ့ကို ထမင်းကျွေးဖို့လုပ်တော့ မိလုံး"

"ဟုတ်ကဲ့ပါ မမရဲ့"

အမေ့အတွက် ဟင်းများကိုဦးစွာ ဖယ်ကျွေးလိုက်၏။ သူမရေကို ခပ်သွက်သွက်ချိုးလိုက်သည်။ ခေါင်းပါ တစ်ခါတည်းလျှော်လိုက်၏။

ရေချိုးပြီးတာနှင့် တစ်ကိုယ်လုံးကို သနပ်ခါးပါးပါးလူးကာ အစိမ်းရောင်နုနုဝတ်စုံလေး ဝတ်လိုက်၏။ ခေါင်းလျှော်ထားတာမို့





ဆံပင်များကိုဖြန့်ချထားလိုက်သည်။

ဆယ့်တစ်နာရီခန့်တွင် ဦးဆက်မင်းဟန်ရောက်လာ၏။

"ဟော မောင်ဆက်မင်းဟန်"

"အဒေါ် သက်သာလား"

"အင်း ညကတော့ အိပ်ရပါတယ်ကွယ်"

သူမက အိမ်ရှေ့မထွက်မီ ခြောက်သွားသောဆံပင်များကို အရင်းမှ အဖြူရောင်ပုဝါပါးလေးဖြင့်စုစည်းလိုက်၏။

"သမီးရေ"

"လာပြီ အမေ"

အသံပေးရင်း သူမရေနွေးကြမ်းအိုးဖြင့် အိမ်ရှေ့ထွက်လာခဲ့သည်။ သနပ်ခါးပါးပါးလေးလူးကာ အစိမ်းရောင်ဝတ်စုံလေးဖြင့် မျက်စိအေးစွာလှနေသောသူမကို စူးခနဲတစ်ချက်ကြည့်မိသည်။

သိပ်လှတာပဲ။

ရုံးကနေ သူ့အိမ်အပြန်မှာ ဒီလိုချောမောလှပပြီး အိမ်ရှင်မကောင်းပီသတဲ့ဇနီးတစ်ယောက်က အပြုံးလေးဖြင့်ကြိုနေရင် သူဘယ်လောက်အမောပြေလိုက်မလဲ။

အတွေးလွန်သွားသောသူ့ကို သူမကပြုံးပြလေသည်။ သူကမန်းကတန်းပြန်ပြုံးပြရင်း–

"မြမြစိမ်းလဲ ကျွန်တော့်ကြောင့် အလုပ်ရှုပ်ပြီထင်တယ်၊ ဒီနေ့သည်ကတော့ ထမင်းစားရမယ့်အချိန်အတိအကျ ရောက်လာတာပဲခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့် ဦးဆက်မင်းဟန်ကျတော့ အလုပ်ရှုပ်တယ်ဆိုတဲ့ စကားပြောတယ်"

သူမ စိတ်ဆိုးသလိုပြောတော့ သူရယ်မောကာ 'ဆောရီး' ဟု ပြောသည်။

"အချိန်အတော်ပါပဲ ဦးဆက်မင်းဟန်ရဲ့၊ ဟင်းတွေအားလုံး ကျက်ပါပြီ စားဖို့ အသင့်ပါပဲ၊ ဒါပေမဲ့ ဟင်းတော့မကောင်းဘူးနော်"

"အဟွန်း ရပါတယ်ဗျာ၊ စေတနာနဲ့ ကျွေးတာဆိုရင် ဘာမဆို အရသာရှိမှာပါ မဟုတ်ဘူးလားအခေါ်"

"ဟုတ်ပါတယ်ကွယ် မင်းညီမကတော့ သူကိုယ်တိုင် အားလုံး ချက်တာကွယ့်"

"မမြမြစိမ်းလက်ရာဆိုရင် ကောင်းမယ်လို့ ယုံကြည်ပြီးသား ပါဗျာ"

"ရှင်မမြှောက်လဲ ကျွန်မက အခုပဲထမင်းကျွေးမှာပါရှင်"

သူမအပြောကြောင့် အားလုံးရယ်ဖြစ်ကြလေ၏။ ထိုညက သူနှင့်သူမတို့ကြား၌ ခင်မင်မှုရရှိသွားသလိုပင်။

"ကဲ ဦးဆက်မင်းဟန် မြန်မာဆန်ဆန်ထမင်းဝိုင်းပဲနော်"

ဖိုင်ဘာအစိမ်းရောင်ကပ် စားပွဲဝိုင်းပုလေးကို သင်ဖြူးဖျာခင်း ကာ အိမ်ရှေ့ခန်းမှာပြင်ဆင်ကျွေးရင်း သူမပြော၏။

"ရပါတယ်ဗျာ ကျွန်တော့်အတွက် ကိစ္စမရှိပါဘူး၊ အား ဟင်းတွေက စုံလှချည်လား"

"ဟုတ်ရဲ့လားရှင် ဒီလောက်ဟင်းလေးခွက်လေးနဲ့ ကျွေးရတာ





အတွက် ကျွန်မက ဦးဆက်မင်းဟန်ကို အားနာနေတာပါ"

"ဩော် မမြမြစိမ်းရယ် ကျွန်တော် ရှိတာနဲ့စားတတ်ပါတယ်၊ အဒေါ်ရော စားပြီးပြီလား"

"ဟုတ်ကဲ့"

"ဒါဆို မမြမြစိမ်း တစ်ခါတည်းဝင်စားနော်"

"အို ဟင့်အင်း"

သူနှင့်အတူ ထမင်းမစားရဲတာကြောင့် ရှက်ရွံ့စွာ သူမငြင်းခဲ့ သည်။

"ဦးဆက်မင်းဟန် စားပါ၊ ကျွန်မ မဆာသေးလို့ပါ"

"ကျွန်တော် တစ်ယောက်တည်းဗျာ"

အမှန်ဆို သူက သူမနှင့် ထမင်းလက်ဆုံစားချင်၏။ ဒါပေမဲ့ သူမက ရှက်နေတာကိုလည်းသိတာမို့ ဆက်မခေါ်ဖြစ်တော့။

သူမက သူ့အနားမှာဒူးလေးတုပ်ထိုင်ကာ လိုအပ်တာထည့်ပေး ရင်း ယပ်တောင်တဖျပ်ဖျပ်ခတ်ပေးနေ၏။

"ကျွန်မချက်တဲ့ဟင်းတွေ စားလို့မှဖြစ်ရဲ့လားရှင်"

သူမက အားနာစွာမေးသည်။

"ကောင်းပါတယ်ဗျ၊ မှန်တာပြောရင် ဒီလိုမြန်မာဆန်ဆန်မျိုး ဆွဲ ကျွန်တော်မစားရတာ ကြာပြီ"

"အိမ်မှာ ဒက်ဒီက အပေါ်စားတော့ အဖြူထည်ဟင်းပဲ ချက်များတယ်"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com



"မမြမြစိမ်းက ဟင်းချက်တာ လက်ရာသိပ်ကောင်းတယ်နော်။ ကျွန်တော်တော့ ထမင်းသိပ်မြိန်တာပဲ"

"ကျွန်မ ချက်ရိုကျိုးနပ်အောင် ပြောနေတာလားရှင်"

"ဟာ မဟုတ်ရပါဘူး တကယ်ပါဗျာ"

တကယ့်ပဲ သူ ထမင်းကိုနှစ်ခြိုက်စွာစား၏။ ဟင်းများအစစ် တည့်လှကြောင်းချီးကျူးတော့ သူမကျိတ်ကာကျေနပ်ရပါသည်။ သူ ထမင်းနှစ်ပန်းကန်စားလေ၏။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ခုလို ထမင်းကျွေးတဲ့အတွက်"

"ကျွန်မတို့က ပြောရမှာပါရှင်"

ထမင်းစားပြီးတော့ သူ့ကို ထန်းလျက်၊ မြေပဲယို၊ လက်ဖက်သုပ်တို့ဖြင့် ဧည့်ခံသည်။

"ဒါဆို ကျေပြီပေါ့ဗျာ"

ထို့ပြင် နှစ်ယောက်သားပြုံးဖြစ်လေ၏။ အမေနှင့် သူ စကားပြောနေစဉ် သူမ အဝတ်အစားလဲလိုက်သည်။ အမေ့ဓာတ်မှန် သွားရွေးရဦးမည် မဟုတ်လား။

မိုးပြာရောင်ဝမ်းဆက်ဖြင့် ထွက်လာသောသူမကို သူတောက်စွာကြည့်၏။

ဘယ်လိုနေနေ ခင်ဗျားသိပ်လှပါလား မမြမြစိမ်းရယ်။

"အမေ သမီးတို့ ဓာတ်မှန်သွားယူလိုက်ဦးမယ်"

"အေး အေး"

"အဒေါ် ခွင့်ပြုပါဦးခင်ဗျ"





"ကောင်းပါပြီကွယ်"

သူမအတွက် သူ ကားတံခါးဖွင့်ပေး၏။

"ကျွန်မ နောက်ခန်းမှာပဲ ထိုင်မယ်"

သူတစ်ချက်ပြုံးကာ–

"မလုပ်ပါနဲ့ဗျာ၊ ကျွန်တော့ကို ဒရိုင်ဘာလို့ထင်ပါ့မယ်"

"အို ဦးဆက်မင်းဟန်ကလဲ"

သူမအားနာစွာဆိုရင်း ရှေ့ခန်းဝင်ထိုင်လေသည်။ ကားတံခါးကို သူ ညင်သာစွာပိတ်ပေး၏။

"အပြန်ကျရင် ဦးဆက်မင်းဟန် မအားရင်လိုက်မပို့နဲ့တော့၊ ကျွန်မဘာသာ ကားငှားပြန်မယ်"

"မဖြစ်ဘူး တော်ကြာ အဒေါ်က သူ့သမီးပျောက်သွားရင် ကျွန်တော့်ကို အပြစ်တင်နေမယ်"

"အို ကျွန်မ ဘာကြောင့်ပျောက်ရမှာလဲ"

ဒီတော့ ကားမောင်းရင်း သူခပ်ရွှးရွှးကြည့်၏။

"ခင်ဗျာက သိပ်လှတော့"

"အို ရှေ့မှာကား"

"ဆောရီး"

သူမ သက်ပြင်းကျိတ်ချလိုက်သည်။

ဓာတ်မှန်ယူပြီး ဆရာဝန်ကိုသွားပေးသည်။ ဆရာဝန်က အရေးမကြီးပါဆိုမှ သူမသက်ပြင်းချနိုင်၏။

အပြန်တွင် သူ ကားကိုဖြည်းဖြည်းမောင်းရင်း–



www.burmeseclassic.com

www.burmeseclassic.com



"အအေးတစ်ခုခု သောက်ရအောင်နော် မမြမြစိမ်း"

"ရှင် ဟုတ်ကဲ့"

သူခေါ်လာသောအအေးဆိုင်က အဆင့်မြင့်ပြီးသန့်ရှင်း သပ်ရပ်လျက်။

"မမြမြစိမ်း ဘာသောက်မလဲ"

"ချောကလက်"

သူက ချောကလက်နှစ်ခွက် မှာလိုက်သည်။

"အို ဦးဆက်မင်းဟန်က ချောကလက်ကြိုက်လို့လား"

"အင်းလေ မမြမြစိမ်းသောက်လို့ ကျွန်တော် လိုက်သောက်ကြည့်တာ"

ပြုံးပြီးစိုက်ကြည့်ကာ သူပြောတာကြောင့် သူမမျက်နှာလေး ပန်းနုရောင်သန်းသွားရ၏။

"မမြမြစိမ်း"

"ရှင်"

"ကျွန်တော့်ကို ခုလိုပဲအမြဲတမ်း ခင်မင်ခွင့်ပေးမလားဟင်"

သူမမျက်တောင်ကော့များ ပင့်ကြည့်သည်။

"ကျွန်မက အငြိမ့်သမပါရှင်"

"အဲဒီအငြိမ့်မင်းသမီးလေးကို ကျွန်တော်ကအမြဲတမ်း ခင်ချင်နေတာဆိုရင်ရော"

"မဖြစ်နိုင်ပါဘူး ဦးဆက်မင်းဟန်ကို ခင်ချင်တဲ့မိန်းကလေးတွေ အများကြီးနေမှာပါ"





သူ ခေါင်းခါယမ်းသည်။

"ကျွန်တော်ကတော့ မမြမြစိမ်းကိုပဲ ခင်ချင်တယ်"

ထိုစဉ် ဆိုင်ထဲသို့ အမျိုးသမီးနှစ်ယောက် ဝင်လာ၏။

"ဟင် ကိုဆက်"

"ဩော် သီတို့ပါလား"

"ဆရာမ"

ခေါ်လှလှပါလာတာကြောင့် မြမြစိမ်းက မတ်တတ်ရပ်လျက် နှုတ်ဆက်၏။

"မြစိမ်းပါလား မတွေ့ရတာကြာပြီနော်"

"ဟုတ်ကဲ့ ဆရာမ၊ ကျွန်မလဲ အငြိမ့်ပွဲမပြတ်တာနဲ့ ဆရာမဆီ မရောက်ဖြစ်ဘူး၊ ခုလဲ အမေနေမကောင်းလို့ ခေတ်မှန်ရိုက်တာလာယူတာပါ"

"ဩော်"

မြစိမ်းဆိုတာကြောင့် စိတ်ဝင်စားလျက်ကြည့်၏။ သိပ်ကို လှတဲ့ မိန်းကလေးပါလား။

"သီ ဒါမြမြစိမ်းတဲ့"

"ဩော် တွေ့ရတာဝမ်းသာပါတယ်ကွယ်၊ မမက လှရဲ့ သူငယ်ချင်း၊ ကိုဆက်နဲ့လဲ မိတ်ဆွေတွေလေ"

"ဟုတ်ကဲ့ မမ၊ ကျွန်မကလဲ ခုလိုမမနဲ့သိရတာ ဝမ်းသာပါတယ်"

"မြစိမ်းရေ သီ့နာမည်က ခင်လွန်းသီတဲ့၊ ဟာစ်စ်ထရီ ၅နကပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆရာမရဲ့အရင်းနှီးဆုံး သူငယ်ချင်းပဲ”

“ဟုတ်ကဲ့ ဆရာမ”

“မမသီကို နောက်တွေ့ရင် ခေါ်မယ်နော်”

“ခေါ်ပါကွယ် မြမြစိမ်းအငြိမ့်တိတ်ခွေတောင် မမသီ ကြည့်ပြီး သိပ်ကောင်းတာပဲကွယ်”

“ကျေးဇူးတင်ပါတယ် မမသီ”

ဆက်မင်းဟန်က ကြံကြံဖန်ဖန်ဆိုသော သူတို့ကိုပြုံး... ကြည့်သည်။

“ကဲ သီနဲ့မလှလှတို့ တစ်ခုခုသုံးဆောင်ပါဦး”

“အို ဦးဆက်မင်းဟန်တို့က ပြီးပြီမဟုတ်လား၊ သွားစရာ... တာ သွားပါ”

ဆရာမ ဒေါ်လှလှက အားနာစွာဝင်ပြောသည်။

“ဟုတ်ပါတယ် ကိုဆက်၊ သီတို့ကို အားမနာပါနဲ့”

သူက မြစိမ်းကိုကြည့်သည်။

“မမြမြစိမ်း အချိန်ရပါတယ်နော်”

“အို ရပါတယ်၊ ဆရာမတို့နဲ့ဆုံခဲ့တာ အေးအေးဆေးဆေး စကားပြောရတာပေါ့ ဦးဆက်မင်းဟန်”

“ကဲ ဒါဆို မှာကြဗျာ”

ထို့နောက် လေးယောက်သားစားသောက်ရင်း စကားပြော... ကြလေ၏။

“ညီမလေးရဲ့အငြိမ့်ကို မမက သိပ်ကြည့်ချင်နေတာ၊ ကိုဆက် တို့ ညှော်ခံပွဲတုန်းကလဲ မမ ခရီးထွက်နေတာနဲ့ မလာဖြစ်လိုက်ဘူး”





သီက မြမြစိမ်းကို ခင်မင်ရင်းနှီးစွာပြောလေ၏။

“ခုလို အားပေးတာ ကျေးဇူးတင်ပါတယ် မမရယ်၊ ဦးဆက် မင်းဟန်တို့ညှော်ခံပွဲမှာ ကျွန်မ မဖျော်လင့်ဘဲ ကပြစ်သွားတာပါ”

“ဘယ်လို”

သီ နားမလည်ဖြစ်ကာ သူ့ကိုလှမ်းကြည့်၏။ သူ နှုတ်ခမ်းတွန့် ကာပြုံး၍-

“ဒီလို သီရဲ့ ကိုယ့်အကြောင်းလဲ သီ သိပါတယ်၊ ကိုယ်က ဖြစ်ချင်တာတစ်ခုကိုရအောင် လုပ်တတ်တယ်ဆိုတာ မမြမြစိမ်းအငြိမ့် ကို ငှားတော့”

သူက ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်၏။ သီက သေချာ နားထောင်ပြီး သူ့ကို လေးနက်စွာကြည့်သည်။

ကိုဆက်သဘောကျတယ်ဆိုတာ ဒီမိန်းကလေးလား။

ကိုဆက်ရယ်။

မြမြစိမ်းက ရုပ်ရည်ရူပကာအားဖြင့် အပြစ်ပြောစရာမရှိအောင် ချောမောလှပပေမဲ့ ကိုဆက်နှင့် အဆင့်အတန်းက ကွာခြားလွန်းလှ တယ်ဟု သီထင်မိ၏။

ကိုဆက်လို ဂုဏ်သရေရှိလူတစ်ယောက်အနေနဲ့ သာမန်အငြိမ့် ခင်းသမီးတစ်ယောက်ကို လက်ထပ်မယ်ဆိုလျှင် ကိုဆက်တို့အသိုင်း အဝိုင်းက ဘယ်လိုပြောမလဲ။

ကိုဆက်ဒက်ဒီကရော သဘောတူမှာတဲ့လား၊ သို့လိုမိန်းကလေး ကို လက်မထပ်နိုင်ဟုငြင်းဆန်ကာ မြမြစိမ်းကို စိတ်ဝင်စားနေသော



www.burmeseclassic.com

www.burmeseclassic.com



ကိုဆက်၏စိတ်ကိုအံ့ဩမိ၏။

ကိုဆက်ဟာ အချစ်ကြောင့် စိတ်အလိုလိုက်ရမယ့်အရွယ် မဟုတ်ပါဘူး။

သို့သော် ကိုဆက်တော့ ခုမှအချစ်ကိုတွေ့ရခဲ့သည်ဟုဆို၏။

"ခြော် ဒါကြောင့် မြစိမ်းက ကိုဆက်တို့ကုမ္ပဏီညှေ့ခံပွဲမှာ မမျှော်လင့်ဘဲ ကရတယ်လို့ပြောတာကိုး"

ယခုမှသဘောပေါက်ဟန်ဖြင့် သီပြော၏။ ဆရာမ ဒေါ်လှလှ ကတော့—

"မြစိမ်းရေ အနီးကပ်သင်တန်းတွေ စတော့မှာနော်"

"ဟုတ်ကဲ့ ဆရာမ၊ ကျွန်မ ဆရာမဆီ သတ်သတ်လာခဲ့ပါဦးမယ်"

"အေး အေး ဆရာမက သတိပေးတာ၊ မြစိမ်းလဲ ဒီတစ်နှစ်ပဲ ကျန်တော့တာမဟုတ်လား"

"ဟုတ်ကဲ့"

သူမ မြစိမ်းနှင့်ဒေါ်လှလှပြောနေတာကို စိတ်ဝင်စားစွာ ပြုံးလျက်နားထောင်၏။

"ဒါဆို မြမြစိမ်းတို့စာမေးပွဲတွေ ပြေရတော့မယ်ပေါ့"

"ဟုတ်ကဲ့ ဦးဆက်မင်းဟန်"

"အင်း မြစိမ်းက အငြိမ့်တစ်ဖက်ကရသလို တစ်ဖက်ကကော့ စာကျက်ချိန်ရရဲ့လားကွယ်"

သီကဝင်မေးတော့ မြစိမ်းပြုံး၏။





"ဟုတ်ကဲ့ ဒီရက်ပိုင်းတွေတော့ ပွဲဆက်ကမပြတ်ဘူး မမသီ၊ စာမေးပွဲနီးရင်တော့ ရက်ရွှေ့ပြီးစာကျက်ရတော့တာပဲ၊ ဒီလိုပဲ ကြိုးစားရတာပါပဲ မမသီရယ်"

"ဒါဆို မြစိမ်း ပင်ပန်းမှာပေါ့ကွယ်"

နုနယ်ချောမောလှပသော မိန်းကလေးတစ်ယောက်အနေနဲ့ ဘဝကို ရုန်းကန်ရင်ဆိုင်ရတဲ့အဖြစ်ကို သီ စာနာမိပါသည်။

"ဒီလိုပါပဲ မမရယ်၊ အမေနဲ့သမီး နှစ်ယောက်တည်းရှိတဲ့ဘဝမှာ ကျွန်မကပဲ ကြိုးစားမှမဟုတ်လား၊ ဒီတော့ ကိုယ့်ကိုယ်ကို ပင်ပန်းတယ်လို့ သဘောမထားပါဘူး မမရယ်"

ဆက်မင်းဟန်ကတော့ မြမြစိမ်းပြောသမျှ နားထောင်ရင်း တစိမ့်စိမ့်ကရုဏာဖြစ်နေရတော့သည်။

လှပတဲ့ရုပ်ရည်လေးနဲ့ မလိုက်အောင် ဘဝလိုရုန်းကန်ရရှာတဲ့ သနားစရာမိန်းကလေး။

ဖြစ်နိုင်လျှင် သူမရဲ့တာဝန်တွေကို သူသာ ဦးဆောင်ယူလိုက်ချင်၏။

သူမဘဝကို သူ့ရင်ခွင်ထဲမှာ အေးမြစွာရှိနေစေချင်ပါသည်။

ဒီအခွင့်အရေးကို ဘယ်တော့မှရမှာပါလိမ့်။ ထိုနေ့က သီတို့နှင့် လမ်းခွဲကာပြန်လာတော့ သူ့ကားပေါ်မှာ ထူးခြားစွာတိတ်ဆိတ်နေ၏။ ဘေးတိုက်မြင်နေရသောသူမကိုကြည့်ကာ မကြာခဏ သက်ပြင်းကျိုတ်ချမိနေရသည်။

သူ့စိတ်ထဲ ဘာတွေဖြစ်နေတယ်ဆိုတာ သူမသိရဲ့လား။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကြည်လင်ချိုမြ ငြိမ့်ညောင်းသောတေးသံနှင့်အတူ ပျော့ပျောင်းနူးညံ့ကျွန်ုပ်ရောင်အောက်တွင် လှပစွာကနေသောသူမကို မှောင်ရိပ်တစ်နေရာမှ သူစူးစိုက်ကြည့်မိ၏။

လှလိုက်ပါတဲ့ မိန်းကလေး။

လူအများရဲ့နှလုံးသားကို ညှို့ယူဖမ်းစားနိုင်ပါဘိ။

"ဦးလေး ဩဘာရေ"

"ဗျာ ဗျ"

"ဦးလေး တုတ်ရေ"

"ခင်ဗျာ ခင်ဗျ"

လူပြက်ကြီးနှစ်ဦးက သူမဘေးနားမှာ တစ်ဖက်တစ်ချက်ရပ်လျက် ပြုံးမြမြနှင့် စကားဆိုမည့်သူမကိုကြည့်ကြ၏။

"ဦးလေးတို့ရေ ဟောဒီပွဲလာကြည့်တဲ့ ပရိသတ်တွေထဲမှာကျွန်မချစ်သူပါတယ်ရှင့်"





"ဗျာ ဟုတ်လား"

"ဘယ်သူများပါလိမ့်ခင်ဗျာ"

"ဟော ဟိုထောင့်နားမှာ ရပ်နေတဲ့သူပေါ့ရှင်"

သူ့ရင်ထဲ ဒိန်းခနဲပြစ်သွား၏။

သူလာကြည့်တာကိုများ သူမသိသွားသလား။ မျက်နက်ဝန်းလေးထောင့်ကပ်ကာ သူမပြောလိုက်ဟန်ကြောင့် ရင်ထဲ လှုပ်လှုပ်ရှားရှားဖြစ်သွားရသည်။

"မင်းသမီးရယ် မတွေ့ပါလား"

"ဩော် ဦးလေးကလဲ ဒါဆို ဒီဘက်ထောင့်မှာရှင့်"

"ဘယ်မှာလဲ မင်းသမီးရဲ့"

"ဟိုမှာလေ"

သူမ လက်ညှိုးလေးထိုးပြရာထောင့်မှာ ကာလသားများကတော့လက်ခုပ်တွေတီး လေချွန်သံတွေကလည်း တညံညံဖြင့်–

"ဒီမှာဗျို့ ဒီမှာပါ"ဟု အော်တဲ့လူတွေကလည်း မရှား။

သူ သက်ပြင်းတစ်ချက်ချလိုက်သည်။ သူမကတော့ ဆက်ဆိုကနေပြီ။ သူ အမှောင်ရိပ်ထဲမှ တိတ်တဆိတ်လှည့်ထွက်ကာ စာတ်ခုံနောက်သို့ လာခဲ့သည်။

သီချင်းတစ်ပုဒ်ဆုံးချိန်...

"မင်းသမီးမြမြစိမ်းရဲ့အဆိုအကကို သဘောကျတဲ့ပရိသတ်တစ်ဦးက ဆုတော်ငွေငါးသောင်း ချီးမြှင့်ပါတယ်ခင်ဗျာ"

လက်ခုပ်သံ ဆူညံသွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူမက ပရိသတ်ထဲသို့ မျက်လုံးတစ်ချက်ဝေ့ကြည့်ကာ–

"ခုလို မြစိမ်းကိုချီးမြှင့်တဲ့အတွက် အထူးကျေးဇူးတင်ပါတယ်ရှင်၊ ဒါကြောင့် မြစိမ်းကလဲ ကြိုးစားပြီး ဆက်ကပါရစေဦးလို့"

ထိုနေ့ညက မြစိမ်းအငြိမ့်ပြီးမှ သူပြန်ခဲ့သည်။ ဒီလိုနှင့် သူမ အငြိမ့်ကရာပွဲတိုင်းမှာ သူတောက်လျှောက်ရှိနေခဲ့၏။ အမည်မဖော်ဘဲ သူမကို ဆုတော်ငွေချီးမြှင့်ခဲ့တာ အကြိမ်ကြိမ်။

"အမေရယ် မြစိမ်းကလေးရာမှာ ဆုလိုက်ချီးမြှင့်တဲ့လူဟာ ဘယ်သူလဲမသိဘူး၊ သမီးဖြင့် သိပ်တွေ့ချင်တာပဲ၊ တွေ့ရင် ကျေးဇူးစကားပြောရအောင်လို့ပါ"

"အေးကွယ် အမည်မဖော်တာ လူမသိစေချင်လို့နေမှာပေါ့၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုအားပေးတဲ့ပရိသတ်မို့ ကျေးဇူးတင်ရတာပါပဲကွယ်"

"ဟုတ်ပါတယ် အမေရယ်"

ပွဲစဉ်တွေမှာလိုက်၍ ဆုချီးမြှင့်တဲ့လူဟာ ဘယ်သူလဲ။ မသိစေချင်ကာမှ ပိုသိချင်တာ လူ့သဘာဝမဟုတ်လား။

ယခုတလော ဦးဆက်မင်းဟန်နှင့် မတွေ့တာကြာပြီဖြစ်သည်။

အေးလေ သူမလိုအငြိမ့်သမတစ်ယောက်ကို သူ ဘယ်မှာလာပြီး အမြဲသတိရပါ့မလဲ။ သူမ သက်ပြင်းတစ်ချက်ကျိတ်ချလိုက်၏။

လွန်ခဲ့တဲ့တစ်ပတ်ကတော့ စိုးဒေဝါတစ်ယောက် သူမဆီရောက်လာသည်။

"မြစိမ်း"





"ဪ နင်"

စိုးဒေဝါက မလုံမလဲမျက်နှာဖြင့် သူ့ကိုကြည့်သည်။

"နင် ငါ့ကိုစိတ်ဆိုးနေလား မြစိမ်း"

"ဟင်း ငါက ရင်ထဲရှိတဲ့စကားကို အမှန်အတိုင်းပြောတာပဲ"

"တော်ပါ ဒီမှာ စိုးဒေဝါ နင့်အိမ်လဲ မကပ်ဘူးဆို၊ ဦးလေးက အမေ့ကိုလာပြောနေတယ်"

စိုးဒေဝါက မျက်မှောင်ကြီးကျုတ်ကာ 'ဟုတ်တယ်'ဟု ပြောသည်။

"နင် ဘာကြောင့် ဒီလိုလုပ်ရတာလဲ နင့်အဖေက နင့်အတွက် စိတ်ဆင်းရဲမှာပေါ့"

"ငါ စိတ်ဆင်းရဲတာကျတော့ရော"

သူမကို စူးစူးစိုက်စိုက်ကြည့်ကာ စိုးဒေဝါကပြောသည်။

"တော်စမ်းပါ နင်က ကိုယ့်ကိုယ်ကို စိတ်ဆင်းရဲအောင် လုပ်တာပဲ"

"ငါ စိတ်ဆင်းရဲလဲ နင်ကတော့ မသနားဘူးဆိုတာ သိပါတယ်"

"နင်က သနားရအောင် ကျိုးကန်းနေလို့လား စိုးဒေဝါ"

သူမ၏ ခပ်ရွှဲ့ရွှဲ့အမေးကြောင့် စိုးဒေဝါ မျက်မှောင်ကုတ်သွားသည်။

"ငါ ကျိုးကန်းနေရင် နင်သနားမယ်ပေါ့ ဟုတ်လား မြစိမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မသနားပေါင်၊ လက်ကောင်းခြေကောင်းကဲ ကျိုးကန်းအောင်လုပ်တဲ့လူမျိုး ဘာသနားစရာကောင်းလဲ"

"သိပါတယ် နင် ငါ ဘာဖြစ်ဖြစ်မသနားဘူးဆိုတာ၊ ဒါနဲ့ နင်ခုတလော လူတစ်ယောက်နဲ့ တွဲနေတယ်ဆို"

သူမရင်ထဲ ထိတ်ခနဲဖြစ်သွား၏။

ဦးဆက်မင်းဟာန်ကိုပြောတာမှန်း သူမသိလိုက်သည်။

"နင့် ဘယ်သူပြောလဲ"

"ဟင်း ငါ နင့်ဆီမလာပေမဲ့ မျက်လုံးတွေ နားတွေအများကြီး ရှိတယ် မြစိမ်း၊ နင်တွဲနေတဲ့လူက သူဌေးဆို"

"ဘာတွေပြောနေတာလဲ ငါ ဘယ်သူနဲ့မှ မတွဲဘူး"

"နင့် ငါ့ကိုမညာပါနဲ့ မြစိမ်း၊ နင့်အနား ဘယ်ကောင်မှကပ်တာ မကြိုက်ဘူး"

စိုးဒေဝါကို မျက်နှာလေးတင်းစွာဖြင့် သူမဆတ်ခနဲကြည့်လိုက်၏။

"နင့်က ငါ့ကို အမိန့်ပေးနေတာလား စိုးဒေဝါ"

"အမိန့်ပေးနေတာမဟုတ်ဘူး သတိပေးနေတာ၊ နင့်အနားကပ်တဲ့ကောင်ဟာ ငါ့ရန်သူပဲ မြစိမ်း"

"နင် နင်"

သူမ ဒေါသထွက်ကာ မျက်နှာလေးနီသွား၏။ စိုးဒေဝါကို ဒါမျိုးတွေကြောင့် သူမမုန်းတာ။

"နင် ငါ့အနားကထွက်သွားစမ်း"





"အေး သွားမှာပါ၊ ငါ အခု မိုင်းအရှူးကို သူငယ်ချင်းတွေနဲ့ လိုက်သွားမလို့..."

"ကျောက်သွားတူးမှာလေ၊ ငါ ငွေသွားရှာမှာ ဘယ်သူ့အတွက်လဲ သိလား"

"မသိဘူး"

သူမ ခပ်ဆတ်ဆတ်ပြောရင်း မျက်နှာလွှဲလိုက်၏။

"အေး မသိရင်မှတ်ထား၊ နင်လိုချင်တဲ့ ငွေတွေရအောင် ငါ သွားရှာမလို့၊ ငါငွေများများရမှ နင့်စိတ်ကြိုက်ထားနိုင်မှာ မဟုတ်လား"

"နင် နင်နော် ငါ့ကိုမစော်ကားနဲ့ ငါ့ကိုငွေမက်တဲ့မိန်းမလို့များ နင် ထင်နေလား"

စိုးဒေဝါကို သူမဆွေ့ဆွေ့ခုန် ရန်တွေ့လိုက်၏။

"ဒါဆို နင် ဘာလို့ ဟိုသူဌေးနဲ့တွဲလဲ"

"ဟဲ့ အဲဒါ ငါတွဲတာမဟုတ်ဘူး၊ သူ့ဘာသာ ဖွတ်လာပတ်သက်နေတာ"

"ဟင် ဒီလိုလား၊ ဒါဆို ဒီကောင့်ကို ငါ့လက်သီးစာကျွေးရမယ်"

"ဟင်"

အကျီလက်ကိုပင့်ကာ ပြောနေသောစိုးဒေဝါ၏ လူမိုက်ဟန်ကြောင့် သူမ ဦးဆက်မင်းဟာန်အတွက် စိုးရိမ်သွားသည်။

"နင် နင်အရမ်းလျှောက်မလုပ်နဲ့နော် စိုးဒေဝါ"

"ဘာလဲ နင်က စိုးရိမ်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



စိုးဒေဝါက သူမကိုစူးစမ်းအကဲခတ်ရင်း မေး၏။ သူမမျက်နှာလေးနီသွားကာ–

"ငါ စိုးရိမ်တာမဟုတ်ဘူး၊ သူက ငါ့ကို ဘာမှအနှောင့်အယှက်မပေးဘူး၊ ပြီးတော့ ငါ့ကိုတောင် မေ့မေ့ကျန်းမာရေးအတွက် လိုအပ်တဲ့ အကူအညီတွေပေးနေတာ သိရဲ့လား"

"ဩော် ဒီလိုလူတစ်ယောက်ရဲ့အကူအညီဆိုတာ မျှော်လင့်ချက်မရှိဘဲ ဖြစ်မလာပါဘူးဟ၊ သူ့ရဲ့မျှော်လင့်ချက်က နင့်ပဲမဟုတ်လား မြစိမ်း"

"အို"

ဦးဆက်မင်းဟန်လို လူတစ်ယောက်ဆီကအချစ်ကို မမျှော်လင့်ရဲသောသူမအတွက် စိုးဒေဝါစကားက စိတ်လှုပ်ရှားစရာဖြစ်သွား၏။

"နင် နင် ဘာတွေလျှောက်ပြောနေတာလဲ စိုးဒေဝါ၊ လူတစ်ဖက်သားစေတနာကို မစော်ကားပါနဲ့..."

ပြီးတော့ ငါ့လိုသာမန်အငြိမ့်သမတစ်ယောက်ကို သူတို့လိုဂုဏ်သရေရှိလူတစ်ယောက်က စဉ်းစားပါ့မလားဟဲ့..."

"ဟင်း နင့်လိုမိန်းကလေးမျိုးကို အတည်မဟုတ်ရင်တောင် အပျော်သဘောနဲ့ စဉ်းစားမှာပဲ၊ ငါ့လောက် နင့်ကို မေတ္တာစစ်နဲ့ ချစ်တဲ့လူရှိမှာ မဟုတ်ဘူး"

"တော် တော်စမ်း စိုးဒေဝါ၊ သူ့ဘာသာအတည်ကြကြ အပျော်ကြကြ ငါမစဉ်းစားရင်ပြီးတာပဲ ငါ ကိုယ်ဘ၀ ကိုယ်နားလည်တယ်"





ထိုစကားကြောင့် စိုးဒေဝါက မြစိမ်းကို စူးစူးစိုက်စိုက်ကြည့်သည်။

"အေး အဲဒါကောင်းတယ်၊ ကိုယ့်ဘ၀ ကိုယ်နားလည်တာအကောင်းဆုံးပဲ၊ စဉ်းစားရင်လဲ ဘ၀တူထဲက ငါ့လိုလူမျိုးကို စဉ်းစားပေါ့၊ ကဲ ငါသွားမယ်"

ကျောခိုင်းထွက်ခွာသွားသော စိုးဒေဝါကို သူမအံ့လေးကြိတ်ကာကြည့်မိသည်။

လိပ်...

သိပ်ကို ကိုယ့်ဘက်ကိုယ်ယက်တဲ့လိပ်ပဲ...

ဦးဆက်မင်းဟန်အတွက် စိုးဒေဝါရန်မှလွတ်အောင် သူမပြောလိုက်ခြင်းပါ။ တကယ်တမ်းမှာ သူမ ဦးဆက်မင်းဟန်ကို ဘာကြောင့်မကြာခဏသတိရနေမိပါလိမ့်။

ယခုလည်း သူမပွဲစဉ်ကရာမှာ ဆုတော်ငွေလိုက်ချနေတဲ့သူဟာ အို သူမကနေစဉ် ဒီလူအမြဲရှိနေမှာပေါ့...

ဟုတ်တယ် ဒါကို သူမအဖြေရအောင်ရှာရမည်။

"မမြမြစိမ်း"

"ဟင် ဦးဆက်မင်းဟန်"

ဘတ်စ်ကားစောင့်နေသော သူမရှေ့သို့ ကားထိုးရပ်လျက်ဆင်းလာသောသူ့ကြောင့် အံ့သြသွားရ၏။

"ကျွန်တော် မမြမြစိမ်းအိမ်ကို ရောက်သေးတယ်၊ မမြမြစိမ်းကျောင်းသွားတယ်ဆိုလို့ ကျွန်တော်လိုက်လာခဲ့တာ၊ ကဲ တက်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လိုက်ပို့မယ်”

ကားတံခါးဖွင့်ပေးရင်း သူပြောတာကြောင့် သူမငြင်းရခက်သွား၏။ ဘတ်စ်ဂိတ်မှို့ လူတချို့၏မျက်လုံးတွေက သူမတို့ထံ စူးစမ်းစွာရောက်နေသည်။

ဦးဆက်မင်းဟန်၏ ချောမောခန့်ညားမှုနှင့် သိန်းထောင်ကျော်တန်ကားကြီးတို့ကြောင့် စိတ်ဝင်စားစရာဖြစ်နေတာမဆန်း။

လူတွေမစပ်စုခင် သူမ ကားပေါ်တက်လိုက်သည်။ သူ ကားတံခါးပြန်ပိတ်ခဲ့ပြီး ကားခေါင်းမှကွေ့ပတ်ကာ တစ်ဖက်တွင် ဝင်ထိုင်သည်။

ညင်သာနူးညံ့သောစက်သံနှင့်အတူ သူ့ကားကိုနေရာမှမောင်းထွက်ခဲ့သည်။

“ဦးဆက်မင်းဟန် ကျွန်မဆီလိုက်လာတာ ကိစ္စရှိလို့လားဟင်”

သူ ကားမောင်းရင်း တစ်ချက်ပြုံး၏။ ထို့နောက် သူမဘက်အသာငဲ့ကြည့်သည်။

“ဟုတ်တယ် မမြမြစိမ်း ကိစ္စရှိလို့လေ”

“ဩော် ဘာကိစ္စလဲဟင်”

သူမက ရိုးသားစွာမေးမိ၏။ သူက သူမကိုထက်သန်သောမျက်လုံးများဖြင့်စိုက်ကြည့်ရင်း တစ်လုံးချင်းပြော၏။

“ကိစ္စက မမြမြစိမ်းကို ကျွန်တော်သတိရလို့ပါ”

“အို”

သူမ မျက်လွှာလေး ကမန်းကတန်းချသွားရ၏။





“မမြမြစိမ်း”

သူ့ခေါ်သံ တိုးညင်းညင်းထွက်ပေါ်လာသည်။ သူမက မထူးဘဲ ...က်တောင်ကော့များ ပင့်ကြည့်သည်။

“ကျွန်တော် မမြမြစိမ်းနဲ့ စကားအေးအေးဆေးဆေးပြောချင်...တယ်”

ဟင်း...

အင်းလျားကန်ရေပြင်ကို ရှပ်၍တိုက်ခတ်လာသော လေနုအေး...တို့က ရှည်လျားစွာဖြန့်ချထားသည့် သူမ၏ဆံပင်များကို ဖြန့်ကျဲ...သွင့်မျောစေ၏။

ခရမ်းနုရောင်ဝတ်စုံလေးဖြင့် သူမကငြိမ်းချမ်းစွာလှပနေသည်။ ...တို့ရှေ့မှာတော့ ဘူးသီးကြော်ပန်းကန်နှင့် အအေးပုလင်းတွေ။

“မမြမြစိမ်း စားလေ”

“ဟုတ်ကဲ့”

သူမ အချဉ်စပ်နှင့် ဘူးသီးကြော်ကို တို့စားလိုက်၏။ သူက ...သွယ်ပြည့်တင်းလှပသော သူမ၏လက်ချောင်းများကို ငေးစိုက်ကြည့်...သည်။

“မြစိမ်း”

တရင်းတနှီး သူ၏ခေါ်သံကြောင့် သူမဖျတ်ခနဲကြည့်မိသည်။ ...မျက်လုံးတွေက ရွှန်းစိုတောက်ပနေပါလား။

“ကျွန်တော် မြစိမ်းဆီမလာဖြစ်ပေမဲ့ နေ့တိုင်းသတိရနေတယ်”

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



"မြစိမ်းရော ကျွန်တော့်ကို သတိမရဘူးလားဟင်"

"အို ဟုတ် ဟုတ်တယ်နော်"

"ကျွန်မတို့ မတွေ့ရတာတောင်ကြာပြီ"

သူပြုံး၍ ခေါင်းခါယမ်းလိုက်၏။

"ကျွန်တော် မြစိမ်းကို အမြဲတွေ့နေရပါတယ်"

"ရှင်"

"ဟုတ်တယ် မြစိမ်းကသာ ကျွန်တော့်ကို မတွေ့တာပါ"

သူမအံ့ဩလို သူ့ကိုငေးစိုက်ကြည့်မိ၏။

"ဦးဆက်မင်းဟန် ဘာကိုဆိုလိုတာလဲဟင်"

"ဩော် မြစိမ်းရယ် ကျွန်တော်က အမြဲသတိရနေသူဆိုတော့ မြစိမ်းရှိရာ အမြဲတမ်းလာရတာပေါ့"

"ဟင် ဦးဆက်မင်းဟန် အိမ်ကိုမလာပါဘူး"

ထိုအပြောကြောင့် သူနှစ်နှစ်ခြိုက်ခြိုက်ပြုံး၏။

"ကျွန်တော်လာတာ အိမ်ကိုမှမဟုတ်ဘဲ မြစိမ်းရယ်"

"ဒါဖြင့်"

သူမစကားမဆက်ဘဲ တဖြည်းဖြည်းချင်း တစ်စုံတစ်ရာကို သဘောပေါက်လာသည်။

"ဒါ ဒါဆို ကျွန်မကတဲ့အငြိမ့်ပွဲတွေမှာ"

သူဆတ်ခနဲ ခေါင်းညိတ်၏။

"ဟုတ်တယ် ကျွန်တော်အမြဲရှိနေပါတယ်"

"အို ဒါဆို ကျွန်မကိုဆုချတဲ့သူကလဲ ဦးဆက်မင်းဟန်ပေါ့"





"ဟုတ်တယ် မြစိမ်း ကျွန်တော် မြစိမ်းရဲ့အနုပညာကို ချီးမြှင့်တာပါ"

"အို ဘာလို့ ဒီလောက်ငွေတွေအများကြီး ပေးရတာလဲ၊ ကျွန်မ အဲဒီငွေတွေ စုထားတယ်၊ ဦးဆက်မင်းဟန် ပြန်ယူပါနော်"

"မဟုတ်တာ မြစိမ်းရယ် ကျွန်တော်က စေတနာသန့်သန့်နဲ့ ချီးမြှင့်တာပါ"

"ဟင့်အင်း ကျွန်မကတော့ လက်မခံချင်ဘူး"

"ဒါဆို ကျွန်တော်မဟုတ်ဘဲ တခြားတစ်ယောက်ဆိုရင်ရော"

"အို အဲဒါကတော့"

"အဟွန်း ကျွန်တော့်ကိုလဲ တခြားလူတစ်ယောက်လိုပဲ သဘောထားပေါ့ မြစိမ်းရယ်"

"ကဲ အအေးတွေသောက်လိုက်ပါဦး"

သူကိုယ်တိုင်လည်း ယူသောက်လေ၏။ ညနေဆည်းဆာချိန်မို့ အင်းလျားတစ်ဝိုက်မှာ လူစည်ကားနေသည်။

စားသောက်ပြီးတာနှင့် သူမက ပိုက်ဆံကိုထုတ်ရှင်း၏။ သူ ဘာမှမပြောပဲ ပြုံးကြည့်နေသည်။

"ကျွန်တော်တို့ ကန်ပေါင်ပေါ် လမ်းခဏလျှောက်ရအောင်နော်"

"အင်း သွားလေ"

ကန်ပေါင်ပေါ်ရှိ ထိုင်ခုံလေးတွေမှာ ချစ်သူစုံတွဲတွေကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြစိမ်း"

"ရှင်"

"ကျွန်တော် ဒီနေ့ဘာကြောင့် မြစိမ်းကျွေးတာကို စားတာလဲ သိလား"

"ဟင့်အင်း"

"အဟွန်း ကျွန်တော် မြစိမ်းကိုစကားပြောစရာရှိလို့"

"အို စကားကလဲ ခုလဲပြောနေတာပဲ မဟုတ်လား"

သူခေါင်းခါယမ်းကာ ပြုံး၍ကြည့်၏။

"အခု ကျွန်တော်ပြောမယ့်စကားက ဒီစကားတွေနဲ့မတူဘူးလေ ပြီးတော့ ကျွန်တော်ကမုန့်ကျွေးပြီး ပြောမယ်ဆိုရင်လဲ မကောင်းဘူး အဲဒါကြောင့်"

သူ့မျက်လုံးတွေကိုရှောင်ရှားရင်း သူမတစ်စုံတစ်ရာကို သဘော ပေါက်လာဟန်ဖြင့် စိတ်ထဲလှုပ်ရှားသွား၏။

"မြစိမ်း"

သူခေါ်ရင်း ဖျတ်ခနဲသူမနှင့် မျက်နှာချင်းဆိုင်ရပ်သည်။ မြင့်မားသောသူ့အရပ်ကြောင့် သူမခေါင်းက သူ့ပခုံးစွန်းမှာ သူက သူမမျက်နှာကို မလွှဲတမ်းစိုက်ကြည့်ကာ–

"ကျွန်တော် မြစိမ်းကို သိပ်ချစ်တယ်"

"အို"

ဒီလိုစကားပြောလာမယ်ထင်ပေမဲ့ တကယ်တမ်းပြောလာတော့ သူမ၏ဖြူနုသောမျက်နှာလေး နီရဲသွားသည်။





"ကျွန်တော့်ကို မြစိမ်း စိတ်ဆိုးသွားပြီလားဟင်"

သူမ သူ့ကိုဖြည်းညင်းစွာ မော့ကြည့်သည်။ လှုပ်ရှားနေသော စိတ်များကို တည်ငြိမ်အောင်ကြိုးစားရင်း–

"နောက်ဆုံးတော့လဲ ဦးဆက်မင်းဟန်က ကျွန်မကို အငြိမ့်သမ ဆိုပြီး တခြားယောကျ်ားတွေလို အထင်သေးတာပေါ့နော်"

"ဗျာ"

"ကျွန်မကို လွယ်လွယ်ရမယ်ထင်လို့ အပျော်သဘောနဲ့ ဒီလို ပြောတာ မဟုတ်လား"

တည်ငြိမ်စွာမေးလိုက်သောသူမကြောင့် သူ့ မျက်နှာပျက်သွား ၏။

"မဟုတ်ဘူး မြစိမ်း ကျွန်တော့်ကို အထင်လွဲနေပြီ၊ ကျွန်တော် မြစိမ်းကို အထင်သေးတဲ့စိတ်လုံးဝမရှိဘူး၊ ပြီးတော့ မြစိမ်းကို ကျွန်တော်ချစ်တာ အပျော်သဘောနဲ့ မဟုတ်ဘူး"

သူပျာပျာသလဲရှင်းပြပေမဲ့ သူမ မယုံကြည်ဟန်ဖြင့် မဲ့ခနဲ ပြုံး၏။

"တော်ပါတော့ ဦးဆက်မင်းဟန်၊ ကျွန်မ ဦးဆက်မင်းဟန့်ကို ခင်တယ်မင်တယ်ဆိုတာ ဒီလိုဖြစ်လာဖို့မဟုတ်ပါဘူး၊ ကျွန်မ ဦးဆက် မင်းဟန်ဆီက ဘာမှ မမျှော်လင့်ဘူး"

သူ နှုတ်ခမ်းတင်းတင်းစေ့သွား၏။

"ကျွန်တော် မြစိမ်းကိုခင်မင်ခဲ့တာ အခွင့်အရေးယူဖို့ မဟုတ်ဘူး ဆိုပေမဲ့ နှလုံးသားက သူ့အလိုလိုချစ်စိတ် ပေါ်လာတာကိုတော့



www.burmeseclassic.com

www.burmeseclassic.com



တားလို့မရဘူး၊ လူတိုင်းမှာ ချစ်တတ်တဲ့ အသည်းနှလုံးရှိတယ်၊ ဒါကြောင့် လူတွေထဲက လူတစ်ယောက်ဖြစ်တဲ့ကျွန်တော်က မြစိမ်းကို ချစ်မိတာ အပြစ်လားဟင် ပြောပါဦး”

ရုတ်တရက် သူမပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ကာ သူစိတ်မထိန်းနိုင်စွာမေး၏။

“အို”

အသားချင်းထိတွေ့မှု နှစ်ယောက်လုံးရင်ထဲ ကိုယ်စီလှုပ်ရှားသွားရသည်။

သူမက သူ့လက်တွေကိုစိုက်ကြည့်တာကြောင့် သူသတိရသွားဟန်ဖြင့် ‘ဆောရီး’ဟုဆိုကာ ဖြေလွှတ်လိုက်၏။

“ကျွန်တော်မေးတာကို ဖြေပါဦး မြစိမ်း”

သူမ အံတစ်ချက်ကြိတ်လိုက်သည်။

“ဟုတ်တယ် အပြစ်ပဲ ရှင်က မိုးပေါ်ကလူတစ်ယောက်ပါ ဦးဆက်မင်းဟန်၊ ကျွန်မက မြေကြီးပေါ်ကလူ၊ ဒီလိုအဆင့်အတန်းမတူတဲ့ လူနှစ်ယောက်ကြားမှာ ချစ်ခြင်းမေတ္တာဆိုတာ ဘယ်လောက်ခိုင်မြဲမှာမို့လို့လဲ၊ နောက်ဆုံးတော့ ဘာဂုဏ်ဓနမှမရှိတဲ့ ကျွန်မကို ဦးဆက်မင်းဟန် လှည့်စားသွားမှာမဟုတ်လား”

“ဘာကြောင့် ကျွန်တော့်ကို ဒီလိုထင်ရတာလဲ၊ ဒါ ကျွန်တော့်အချစ်ကို အထင်သေးတာပဲ၊ ကဲ မြစိမ်းကသာ ကျွန်တော့်ကို ချစ်တယ်လို့ဖြေပါ မြစိမ်းကိုလက်ထပ်မယ်”

သူ့အချစ်ကို ယုံကြည်စေရန် ချက်ချင်းသက်သေပြချင်နေသော





အပြစ်ကြောင့် သူမ မဲ့မဲ့လေးပြုံးမိ၏။

“တော်ပါ ဦးဆက်မင်းဟန် ရှင့်ဘက်က နစ်နာနေပါဦးမယ်”

ထို့နောက် သူမ ထိုနေရာမှထွက်ခဲ့လိုက်သည်။ သူက သူမ၏ လှပသောနောက်ကျောပြည့်ပြည့်လေးကို ငေးကြည့်ရင်း သက်ပြင်းတစ်ချက် ကြိတ်ချလိုက်မိ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



"သားလဲ ခုတလော ညဘက်ပြန်လာတာတွေ နောက်ကျနေသလားလို့"

မနက်ဘက် လက်ဖက်ရည်ပွဲတွင် ဒက်ဒီနှင့်တွေ့တော့ သူ့ကို ပြောသည်။

ဒက်ဒီပြောတာတွေ ဟုတ်ပါသည်။ သူမကရာ အငြိမ့်ပွဲတွေကို လိုက်ကြည့်နေလို့ အပြန်နောက်ကျရတာပဲ။

"ဟုတ်ကဲ့ ဒက်ဒီ ကျွန်တော် ဒီရက်ပိုင်း ကိစ္စလေးတွေရှိလို့ နောက်ကျနေတာပါ"

ဒက်ဒီက ခေါင်းညိတ်ကာ လက်ဖက်ရည်ခွက်ကို ယူသောက်၏။ သူကတော့ လက်ဖက်ရည်သောက်ရတာကို စိတ်မပါဘဲ မြစိမ်းအကြောင်းတွေးကာ ရင်မောနေမိသည်။

"အင်း သားလဲ ကုမ္ပဏီဒါရိုက်တာတစ်ယောက်ပဲ၊ ကလေးတစ်ယောက်လို ဒက်ဒီပြောနေစရာမလိုဘူး၊ ဪ ဒါနဲ့ ဦးမြသီက





သားနဲ့သူ့သမီးကို လက်ထပ်ပေးဖို့ ဒက်ဒီ့ကို လာပြောနေတယ်"

"ဟင်"

သူ လက်ဖက်ရည်ခွက်ကိုချကာ ဒက်ဒီ့ကို အံ့ဩသလိုကြည့်သည်။

"အို ဒက်ဒီ ခင်လွန်းသီက သားနဲ့လက်မထပ်ပါဘူးလို့ သူ့အဖေကိုပြောထားတယ် မဟုတ်လား"

"အေးလေ ခင်လွန်းသီ သားကိုလက်မထပ်နိုင်တာ အကြောင်းပြချက်ရှိရမယ်လို့ ဦးမြသီကပြောထားတယ် မဟုတ်လား"

"အခု သူ့သမီးကိုမေးတော့လဲ ရည်းစားလဲမရှိ၊ ချစ်သူလဲမရှိ အကြောင်းမဲ့သက်သက်ငြင်းတာမို့ ဦးမြသီက လက်မခံဘဲ သူစီစဉ်တာကို လက်ခံဖို့ ခင်လွန်းသီကို အမိန့်ပေးထားတယ်"

"ဟာ"

ဒီလိုဆိုတော့လည်း ခင်လွန်းသီတစ်ယောက် ဘယ်လောက်အကျဉ်းအကျပ်ဖြစ်နေရှာမလဲဟု သူစာနာမိ၏။

"အဲဒါ ဒက်ဒီက သားရှင်ဆိုတော့ ငြင်းရခက်တယ်လေ၊ ခင်လွန်းသီကိုလဲ အစကတည်းကသမီးတော်ချင်မှန်း သားသိပါတယ်"

"ခင်လွန်းသီက အကြောင်းပြချက်မရှိဘဲ သားနဲ့လက်ထပ်ဖို့ကို ငြင်းတယ်ဆိုတာ ဘာသဘောပါလိမ့်"

ဒက်ဒီကတော့ စကားကိုခပ်ဖြည်းဖြည်း စဉ်းစားသလိုပြော၏။

သူ့စိတ်ထဲ မလုံမလဲဖြစ်သွားသည်။ ခင်လွန်းသီငြင်းရတာ သူ့ကြောင့်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



“ဒါကတော့ ဒက်ဒီရယ် သူ ဆန္ဒမရှိလို့ နေမှာပါ”

“အင်း ထားလိုက်ပါတော့လေ၊ ဒါနဲ့ သားကရော ခင်လွန်းသီကိုလက်မထပ်တာ သားစိတ်ဝင်စားတဲ့မိန်းကလေး တွေ့ထားလို့ဆို၊ ဘာကြောင့် ခုထိ ဒက်ဒီ့ဆီ ခေါ်မလာသေးတာလဲကွ”

ဒက်ဒီက သူ့ကိုပြုံးပြုံးကြီးကြည့်ကာ မေးသည်။ သူ မျက်နှာမပျက်ရန် မနည်းသတိထားလိုက်ရ၏။

မြမြစိမ်းအချစ်ကို သူအခုထိမရနိုင်သေးတာ တကယ်ဆို သူ ညံ့လို့ပဲဖြစ်ပါလိမ့်မည်။

ဒက်ဒီ့ကို သူဘယ်လိုပြောရမလဲ။

“ဘယ်လိုလဲ ငါ့သားစိတ်ဝင်စားတဲ့မိန်းကလေးက သိပ်ကိုခက်ခဲနေလို့လား၊ ဘာလဲ ဒက်ဒီကူညီပေးရမလား”

“ဟာ နေပါစေ ဒက်ဒီ ကျွန်…ကျွန်တော့်ဘာသာ ကြိုးစားပါ့မယ်”

“ဟော့ ခုထိကြိုးစားတုန်း ဟုတ်လား၊ အင်း ငါ့သားလိုလူမျိုးက ကြိုးစားရတုန်းဆိုတော့ ဒီမိန်းကလေးဟာ တော်ရုံတန်ရုံအဆင့်အတန်းထဲက ဟုတ်ဟန်မတူဘူးထင်တယ် ဟဲ ဟဲ”

သူ လက်ဖက်ရည်ကိုသာ ကမန်းကတန်းမော့ချလိုက်၏။ ဒက်ဒီက သူစိတ်ဝင်စားတဲ့မိန်းကလေးကို အထင်ကြီးနေပြီး ဒက်ဒီ့လိုလူမျိုးက အထင်ကြီးတယ်ဆိုတာ တော်ရုံနဲ့မဟုတ်ဟု သူသိ၏။

မဟုတ်ဘူး ဒက်ဒီ။

ကျွန်တော် စိတ်ဝင်စားနေတဲ့မိန်းကလေးဟာ ဒက်ဒီထင်ထား





သလို ကျွန်တော်တို့ထက် ဂုဏ်သရေအဆင့်အတန်းမြင့်မားတဲ့လူမျိုး မဟုတ်ဘူး။

ကျွန်တော်တို့နဲ့ အဆင့်ကွာခြားတဲ့ အငြိမ့်မင်းသမီးလေးတစ်ဦးပါ ဒက်ဒီ့ကိုကျွန်တော် ဘယ်လိုပြောရမလဲ။

ဒက်ဒီ့ဆီကသတင်းရတာကြောင့် ခင်လွန်းသီကို သူသွားတွေ့၏။ သူ့ကိုတွေ့တော့ မျက်နှာမကောင်းတဲ့ကြားက သီပြုံးပြရှာသည်။

“လာ ကိုဆက် အိမ်ထဲသွားရအောင်”

“နေပါစေ သီ ခြံထဲမှာပဲ စကားပြောရအောင်”

“ဒါဆို သွားလေ”

ခြံရှေ့မြက်ခင်းစိမ်းပေါ်ရှိ အဖြူရောင်ထိုင်ခုံများဆီသို့ သူတို့လျှောက်ခဲ့ကြသည်။ နှစ်ယောက်သား မျက်နှာချင်းဆိုင်ထိုင်မိတာနှင့် သီ့ကို ညင်သာစွာကြည့်လိုက်၏။

“သီ”

“ပြောပါ ကိုဆက်”

သူ အိမ်ဘက်တစ်ချက် လှည့်ကြည့်လိုက်၏။

“အန်ကယ်ရော သီ”

“ဖေဖေ ပြန်မရောက်သေးဘူး ကိုဆက်”

“အော်”

သူ ပင့်သက်တစ်ချက်ရှိုက်ကာ သီ့ကိုကြည့်၏။

“သီ အန်ကယ်နဲ့ ပြဿနာတက်တယ်ဆို”

သီ ခေါင်းလေးငုံ့သွား၏။ သူ့အမေးကို ပေါ်တော်နှင့်မဖြေ



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်းလန်းဆန်းရွှင်နေတတ်တဲ့သီ ဒီလိုဖြစ်သွားတာကိုကြည့်ရင်း ပြဿနာဘယ်လောက်ကြီးတယ်ဆိုတာ သူရိပ်မိလိုက်၏။

"သီ"

သူထပ်ခေါ်တော့မှ သီ ခေါင်းလေးပြန်မော့လာသည်။ နှုတ်ခမ်းမှာ အပြုံးပန်းလေးဆင်လာသောသို့ကြောင့် သူရင်နင့်သွား၏။

သီဟန်ဆောင်ပြီး ပြုံးနေတာသူသိတာပေါ့။

"ကိုဆက်ဒက်ဒီက ကိုဆက်ကို ပြောတာလားဟင်"

သူညင်သာစွာ ခေါင်းညိတ်ပြလိုက်၏။

"အဟင်း လူကြီးချင်းဆိုတော့ ဒီလိုပြောကြမှာပေါ့ ကိုဆက်ရယ် ပြဿနာက ဒီလောက်မဟုတ်ပါဘူး ကိုဆက်ရယ်၊ ဖေဖေက သူစီစဉ်တာကို လက်မခံလို့ စိတ်ဆိုးတာပေါ့လေ"

တမင်စကားကိုပေါ့အောင် သီပြောနေမှန်း သူသိပါသည်။

သူ ခေါင်းအသာခါယမ်းလိုက်သည်။

"သီရဲ့ပြဿနာ မသေးဘူးဆိုတာ ကိုယ်သိပါတယ်ကွယ်၊ တကယ်တော့ သီတို့သားအဖကြား ခုလိုဖြစ်ရတာ ကိုယ့်ကြောင့်ပါ"

"အို မဟုတ်တာပဲ လူငယ်တွေဆန္ဒမရှိတာကို ဖေဖေတို့လူကြီးတွေ ဖွတ်စီစဉ်လို့ဖြစ်ဝဲ့မလား၊ နောက်တော့ ဖေဖေသဘောပေါက်မှာပါ ကိုဆက်ရယ် ဒါနဲ့ ကိုဆက်"

သီက တစ်စုံတစ်ရာကိုမေးမလိုလုပ်ပြီးမှ နှုတ်ဆိတ်သွား၏။

"ဘာလဲ သီ ဘာပြောမလို့လဲ ပြောလေ"

ဒီတော့ သီက အားနာဟန်လေးဖြင့်ပြုံး၏။



"ဟို သိုက်ကိစ္စက ထားပါ၊ ကိုဆက်ကိစ္စကရော"

"ဟင်"

"ဟိုလေ ကိုဆက်နဲ့ ကိုဆက်ရဲ့မိန်းကလေး အဆင်ပြေပြီလားလို့ သီမေးတာပါ"

သူ သက်ပြင်းချရင်း ခေါင်းခါယမ်းလိုက်၏။ မြစိမ်းက သူ့အချစ်ကို မယုံတဲ့အတွက် ရင်ထဲခံရခက်လှပါသည်။

"ဪ"

ကိုဆက်လိုလူမျိုးကို လက်မခံတဲ့မိန်းကလေးဟာ မြစိမ်းဆိုလျှင်တော့ အံ့သြရမည်။

"ကိုဆက်"

"ဟင်"

"ဟို ကိုဆက်စိတ်ဝင်စားနေတဲ့ မိန်းကလေးဟာ မြမြစိမ်းလားဟင်"

သီမှာ အရဲစွန့်ကာမေးလိုက်ပေမဲ့ အဖြေကိုမကြားရဲသလို။ ကိုဆက်က တည်ငြိမ်သောမျက်နှာဖြင့် ခေါင်းညိတ်တော့ သီ့ရင်ထဲ အခနဲဖြစ်သွား၏။

"ဟုတ်တယ် သီ၊ ကိုယ် မြစိမ်းကို စိတ်ဝင်စားနေတာ"

"ဒါဆို သူ သူက"

သီ ဘာမေးချင်တယ်ဆိုတာကို သူသိပါသည်။ သူ ခပ်ပြုံးပြုံးလိုက်သည်။

"သူက ကိုယ့်အချစ်ကိုမယုံဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟုတ်တယ် မြစိမ်းက ကိုယ်ချစ်တယ်ဆိုတာကို သူ မယုံဘူး"

"ဘာကြောင့်များလဲ ကိုဆက်ရယ်"

"အမိက သူနဲ့ကိုယ် အဆင့်အတန်းချင်း ကွာခြားလို့တဲ့"

"အို"

တခြားမိန်းကလေးတစ်ယောက်သာဆိုလျှင်တော့ ကိုဆက်လို သူဌေးတစ်ယောက်ကို အလွတ်ပေးလိမ့်မည်မဟုတ်။ ယခုတော့ မြမြစိမ်းဟာ သူမဘဝကို သူမနားလည်ပါလား။

"သီ ဘာကူညီရမလဲ ကိုဆက် ဟင်"

သူ့အပေါ် စေတနာထားသောသီ့ကို ကျေးဇူးတင်စွာကြည့်မိ၏။

"ကျေးဇူးတင်ပါတယ် သီ၊ ကိုယ်ရဲ့အချစ်ပြဿနာကို ကိုယ့်ဘာသာပဲ ကြိုးစားဖြေရှင်းပါ့မယ်"

"ကိုဆက်တို့ပြေလည်ဖို့ သီဆုတောင်းပါတယ်၊ သီ့အကူအညီလိုရင် အချိန်မရွေးပြောနော်၊ အားမနာပါနဲ့ ကိုဆက်ရယ်"

"သီ သိရယ် ကိုယ့်အပေါ် ဘာလို့ ဒီလောက်တောင် ကောင်းတာလဲဟင်"

သီက ရှက်ရွံ့ဆယ်ကာရယ်မောလိုက်၏။

"ဩော် ကိုဆက်ရယ်၊ သီနဲ့ ကိုဆက်ဆိုတာ ငယ်ငယ်ကတည်းက မောင်နှမလိုနေလာတာပဲ၊ တစ်ယောက်အကူအညီလိုတာရှိရင် တစ်ယောက်ပေးသင့်တယ် မဟုတ်လား"

"ဟုတ်ပါတယ်လေ သီ့ဘက်က အကူအညီလိုရင်လဲ ကိုယ့်ကို ပြောပါ သီ"





"မကျွေးရှာမဲ့ ကိုဆက်"

ထိုစဉ် သီ့အဖေ ပြန်ရောက်လာ၏။

"ဟော ဖေဖေ"

[illegible] ကြိုဆိုခဲ့သည်။

ဦးမြသီက သမီးဖြစ်သူနှင့် ကိုဆက်တို့ စကားပြောနေတာကို မြင်ကာ ကျေနပ်သွား၏။

"[illegible]"

"မကြာသေးပါဘူး ခင်ဗျ၊ အခုနကမှ [illegible] ကြာပြီ"

"အေးကွယ့် မှတ်ထင်နဲ့သာမတွေ့တာမှ၊ မင်းအလုပ်ကိစ္စနဲ့တော့ တွေ့ဖြစ်ကြပါတယ်၊ ရွှေသမီးနဲ့ ခေါ်ဖြစ်ကြတို့ စကားပြောကြဦး၊ အန်ကယ် အဝတ်အစားလဲလိုက်ဦးမယ်"

"ဟုတ်ကဲ့ ခင်ဗျ"

ဦးမြသီက အိမ်ထဲဝင်သွားလေသည်။ အသက်ကြီးပေမဲ့ ဦးမြသီက ကျန်းမာရေးကောင်းခဲ့မို့ အသုံးပြုနိုင်ဆဲပင်ဖြစ်၏။

"ကိုဆက် တစ်ခုခုသောက်ဦးနော်၊ သီ သွားဖျော်လိုက်ဦးမယ်"

"နေပါစေ သီ၊ ကိုယ်ခုပဲ ပြန်တော့မယ်"

"ခဏလေးပါ ကိုဆက်ရယ်၊ သီ ကော်ဖီသွားဖျော်လိုက်မယ်"

အိမ်ဖော်တွေရှိပေမဲ့ သူ့အတွက် သီကိုယ်တိုင် ကော်ဖီဖျော် လိုက်၏။

ဖေဖေ့အတွက် သံပရာရည်အေးအေးလေး ဖျော်ခဲ့ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သီပြန်ထွက်လာတော့ မေမေနဲ့ကိုဆက် စကားပြောနေ၏။

"မေမေ သံပရာရည်"

"အေး အေး"

သီပေးသော သံပရာရည်ခွက်ကို မေမေလှမ်းယူသည်။

"ကိုဆက် ကော်ဖီသောက်လိုက်ပါဦး"

"ကျေးဇူးပဲသီ"

သီ ကော်ဖီတိုက်တော့ မြစိမ်းကိုသတိရမိသည်။ မြစိမ်း ဖျော်သော ကော်ဖီကိုသောက်ရသည်မှာ သူ့အတွက် အရသာရှိလွန်းလှသည် မဟုတ်လား။

စဉ်းနေတော့ သူ သီတို့သားအဖကို နှုတ်ဆက်ကာပြန်ခဲ့၏။ သူ့ကားဦးတည်နေတာ မြမြစိမ်းဆီ ဒီနေ့ မြမြစိမ်းတို့အငြိမ့်ခွင်ရှိ၏။

ညအမှောင်သည် ပတ်ဝန်းကျင်ကို လွှမ်းနေပေမဲ့ ကောင်းကင် ပေါ်မှ ကြယ်လေးတွေကတော့ တလင်းလင်းလက်နေ၏။

မီးရောင်အောက်မှာတော့ ဆိုင်းသံဗုံသံတွေ ကြားနေရသည်။ မြမြစိမ်းတို့အငြိမ့်ပွဲစနေလေပြီ။ သူကားကို မှောင်ရိပ်ထိုးရပ်ကာ ကားပေါ်မှ ဆင်းလိုက်၏။

မီးရောင်အောက်မှာ အဖြူရောင်ဝတ်စုံလေးနှင့် သူမက ထုံးစံ အတိုင်းလှပနေ၏။

အားပေးသူတွေကလည်း အပြည့်။

သို့သော် ဒီတစ်ခါတော့ သူရပ်နေရာသို့ မီးရောင်ရတာကြောင့် ကနေရင်းမှ သူမမြင်သွားပုံပင်။





အို ဦးဆက်မင်းဟန်။

လူကြားထဲမှာ အရပ်မြင့်မြင့်နှင့် သူ့ကိုထင်ရှားစွာ တွေ့လိုက်ရ တာမို့ သူမရင်ထဲ လိုက်မောသွားရ၏။

သူက သူမကိုနှစ်နှစ်ခြိုက်ခြိုက်ပြုံးပြလေသည်။ ပထမတစ်ပုဒ် ပြီးချိန်တွင် သူ စတိတ်စင်နောက်လျှောက်ခဲ့သည်။

"ဦးဆက်မင်းဟန်"

"မြစိမ်း"

"ဘာလဲ ကျွန်မကို တိတ်တဆိတ် လာရှုဦးမလို့လားဟင်"

သူပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

"မြစိမ်း မကြိုက်ဘူးဆိုတာ ကျွန်တော်သိပါတယ်"

"ကျွန်မ မကြိုက်တာဆက် ကျွန်မရဲ့အနုပညာကို ရိုးရိုး အားပေးရင်ပဲ ကျေနပ်လှပါပြီရှင်၊ ဒါနဲ့ ဦးဆက်မင်းဟန် ကျွန်မအငြိမ့် ကရာပွဲတိုင်း ဒီလိုပဲရပ်ကြည့်ခဲ့တာလားဟင်"

သူရှက်ဟန်ပြင့်ပြုံးကာ ခေါင်းညိတ်လိုက်၏။ သူမ ချက်ချင်း မကောင်းစွာဖြင့်ပြောသည်။

"အငြိမ့်ပြီးတဲ့အထိ ကြည့်တယ်ဆိုရင် ဦးဆက်မင်းဟန် အရမ်းပင်ပန်းနေမှာပေါ့ရှင်"

"သြော် မြစိမ်းရယ်၊ ကျွန်တော်လဲ ပြည်သူထဲက ပြည်သူ တစ်ယောက်ပဲ မြစိမ်းရဲ့အကမှာ နစ်မျောနေရလို့ ကျွန်တော်တော့ ညောင်းမှန်းမသိပါဘူး"

"ဒီလိုမလုပ်ပါနဲ့ရှင် ဦးဆက်မင်းဟန်လို လူတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဒုက္ခခံကြည့်တာ မသင့်တော်ပါဘူး၊ ရှင့်ပေါ်အမှားကြည့်ပို့ ကျွန်မ ဖိတ်ခေါ်ပါရစေ"

"ကျွန်တော်လာရင်၊ မြစိမ်းရဲ့အသိုက်အဝိုင်းကြ"

"အို ဦးဆက်မင်းဟန်ကြ ကျွန်မရဲ့မိတ်ဆွေတစ်ယောက်ပဲ"

သူပြုံးရင်း သူမကိုစိုက်ကြည့်မိ၏။

"ဒါဆို ကျေးဇူးပါပဲဗျာ"

"ကဲ ခုလဲ မပြန်သေးဘူးမဟုတ်လား၊ ဦးတုတ် ကျွန်မမိတ်ဆွေ အတွက် ခုံရှေ့ရွှေ့ပေးပါ"

"ဟုတ်ကဲ့ မင်းသမီး"

"ဦးဆက်မင်းဟန်"

"မြစိမ်း"

"ကျွန်မ သွားတာလိုက်ပို့မယ်နော်"

သူ ခေါင်းညိတ်လိုက်၏။ သူမ ထွက်ချက်ပြီးမှ ဗားရှည့်ထွက် သွားသည်။

စင်ပေါ်မှ သူမအကကို တဝကြည့်မြင်ရ၏။ အမြဲလိုလိုနေနေ သူမဟန်ပန်အမူအရာတို့ကို သူ့ရင်ထဲမှာ စွဲနေရပြီ။

အငြိမ့်ပြီးတော့ ညဆယ့်တစ်နာရီ၊

"ကျွန်တော့် မြစိမ်းကို ပြန်ပို့ပါရစေနော်"

"အို ဦးဆက်မင်းဟန် အပြန်နောက်ကျနေပါဦးမယ်"

"ရပါတယ်ဗျာ"

"ကျွန်တော့်အတွက် စိတ်မပူပါနဲ့"





သူမ မငြင်းတော့ဘဲ သူနှင့်လိုက်ခဲ့သည်။ ညာ၏လေပြည်သည် ကားမှတစ်ဆင့် အေးမြစွာဝင်ရောက်လာ၏။

"အငြိမ့်ကရတာ မြစိမ်း သိပ်ပင်ပန်းမှာပဲနော်"

"ဝါသနာကိုးရှင့်"

"ကျွန်တော်ကတော့ မြစိမ်းကို စိတ်မချဘူးဗျာ"

"ရှင်"

"ဒြော် ခုလိုညတွေပြန်တဲ့အခါမျိုး မြစိမ်းတစ်ယောက်တည်း မဟုတ်လား"

"ဦးလူရတို့က ကိုယ့်ဆွေမျိုးလိုပါပဲရှင်၊ အမေ နေကောင်းရင်တော့ ကျွန်မ မိလုံးကိုအဖော်ခေါ်သွားပါတယ်"

"အဒေါ်ရော သက်သာရဲ့လား"

"ဟုတ်ကဲ့ ဦးဆက်မင်းဟန် မလာတာကြာလို့ မေးနေသေး တယ်"

"လာချင်ပါတယ်ဗျာ တော်ကြာ ကျွန်တော်လာရင် မကြိုက်တဲ့ သူရှိမှာ စိုးလို့ပါ"

သူမမျက်နှာလေးကို ရုတ်ခနဲကြည့်ကာ ပြောသည်။

"ကျွန်မတို့အပေါ်မှာ ဦးဆက်မင်းဟန်ရဲ့ ကျေးဇူးရှိပါတယ်၊ ကိုယ့်ကျေးဇူးရှင်တစ်ယောက် လာတာကို မကြိုက်တဲ့အမူအရာပြရင် ကျွန်မ ရိုင်းရာကျမှာပေါ့ရှင်"

"ဒါဆို ကျွန်တော်လာလို့ရမလား"

"ဦးဆက်မင်းဟန် သိသားပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမကြည့်ဘဲ ပြောဟန်လေးကြောင့် အသည်းအေးသွားရ၏။

"ဖြစ်နိုင်ရင် ကျွန်တော်က မြစိမ်းတို့အိမ်ကို တစ်သက်လုံးလာနေချင်တဲ့သူပါဗျာ"

သူမ တိတ်ဆိတ်လျက် ဘာမှမပြောတော့။ ထိုအပြုအမူကိုမသူအားမရပါ။

"မြစိမ်း"

"ပြောပါ ဦးဆက်မင်းဟန်"

"ဒီမနက် ကျွန်တော့်ဒက်ဒီက မေးတယ်၊ သားချစ်သူကို ခုထိ ဒက်ဒီကို ခေါ်မပြသေးဘူးလားတဲ့"

သူမက သူ့ကိုဖြည်းညင်းစွာကြည့်၏။

"အဲဒါ ကျွန်မနဲ့ဘာဆိုင်လို့လဲ"

"မမြစိမ်းရယ် အိပ်ချင်ယောင်ဆောင်တဲ့လူက နိုးရခက်တယ်ဗျာ ဒက်ဒီမေးတာကို ကျွန်တော် ဘာမှမဖြေနိုင်ခဲ့ဘူး"

"ဦးဆက်မင်းဟန်ကို ကျွန်မ စိတ်ကူးမယဉ်စေချင်ပါဘူး"

သူ ကားကို လမ်းဘေးသို့ ကျွမ်းကျင်စွာထိုးရပ်လိုက်၏။

"အို ဘာလုပ်တာလဲ"

သူက ဘာမှမပြောဘဲ သူမကို စိမ်းစိမ်းကြီးစိုက်ကြည့်သည်။

"မြစိမ်း ဒီလိုပြောတာ ကျွန်တော်က စိတ်ကူးယဉ်သမား မဟုတ်ပါဘူး မြစိမ်း၊ လက်တွေ့သမားပါ"

" ကျွန်တော် အခု မြစိမ်းကို ပြန်မပို့တော့ဘူး"





သူပြောရင်း ကားစက်နိုးကာ အရှိန်မြှင့်မောင်းလိုက်၏။

"အို ဦးဆက်မင်းဟန် ဘာလုပ်တာလဲ"

သူမ မျက်လုံးဝိုင်းလေးဖြင့် အလန့်တကြားမေးသည်။ သူ မဲ့ခနဲ ပြုံး၏။

"ကျွန်တော် ခုချိန်ကစပြီး မြစိမ်းကို ခိုးပြေးတာလေ"

"ဟင် ရှင် ရှင်"

သူ့ကိုကြည့်လိုက်တော့ မျက်နှာကြီးတည်ကာ ကားကိုသာ ဂရုစိုက်မောင်းနေ၏။

သူမ စိုးရိမ်စိတ်ဝင်လာ၏။

"ဦးဆက်မင်းဟန် ဒီလိုမလုပ်ပါနဲ့ ကားကိုရပ်ပါ"

သူဆက်ခနဲ လှည့်ကြည့်သည်။

"ကျွန်တော် စိတ်ကူးယဉ်သမားမဟုတ်ဘူးဆိုတာ အခုလက်တွေ့ မြစိမ်းကိုပြတာပဲ ကျွန်တော် မြစိမ်းကိုသိပ်ချစ်တယ်"

"အို ဟင့်အင်း ရှင် ဒီလိုလုပ်ရင် ကျွန်မ စိတ်ဆိုးမိမယ်နော်"

"မြစိမ်း စိတ်ဆိုးရင် ကျွန်တော်ချော့မှာပေါ့ဗျာ"

သူ ကားကိုအရှိန်မြှင့်လိုက်တာကြောင့် သူမ‌ဒေါသဖြစ်သွားရ၏။ သူ့ကိုစူးစူးကြည့်ကာ သူမ တစ်လုံးချင်းပြောလိုက်၏။

"ရှင် ဒီလိုလုပ်တာ ကျွန်မကို အထင်သေးလို့မဟုတ်လား ဦးဆက်မင်းဟန်"

"ဗျာ"

ရုတ်တရက်ဘရိတ်ဆွဲလိုက်တာကြောင့် ကားထိုးရပ်သွားပါတော့



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်ဖို့ထွက်ခဲ့ကြ၏။

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ"

"ကျွန်တော် ချစ်တယ်ဆိုတဲ့ မြစိမ်းရဲ့ ကျွန်တော့်ခံစားချက်များကို ချစ်ပါတယ်ဆိုတော့လဲ စိတ်ကူးယဉ်တာတဲ့၊ လက်တွေ့ကျကျပြောပြန် တော့လဲ အတင်းအဓမ္မ ဆိုတော့ ပြောပါဦး ကျွန်တော် ဘယ်လိုလုပ် မရလဲဟင် မြစိမ်း"

သူ့စိတ်ထိခိုက်သွားမှာကို စိုးရိမ်စွာ သူမ ရုတ်တရက် မျက်နှာအပ် လိုက်၏။ သူ ဒီလိုစိတ်ထိခိုက်တာမြင်တော့ သူမစိတ်မကောင်းပါ။

"ဦးဆက်မင်းဟန်"

သူမ ခေါ်လိုက်တော့လည်း သူက မထူးဘဲ ငြိမ်သက်စွာနေ၏။ သူ့ကြည့်ရတာ ကလေးဆိုးတစ်ယောက်လို စိတ်ဆိုးနေပုံမျိုး။

ထို့ကြောင့် သူမ ချော့သလို ပြောလိုက်ရ၏။

"ချစ်ပါတယ်ဆိုပြီး ပြောပြီးတာကတော့ ဒါတော့လဲ မထူးဘဲနဲ့ ဒီလိုသာဆိုရင် ချစ်ကြလို့ စိတ်ဆိုးကြပြီဆိုရင် ကျွန်မတာပဲ အမြဲချော့နေရမှာပဲ မြစိမ်း"

သူ ခေါင်းမော့လာတော့ သူမကို မယုံသလိုကြည့်၏။ ပြုံးစစနှင့် သူမကိုတွေ့တော့ သူ့မျက်နှာမှာ ဝင်းပနေ၏ ပြီးမှ ကိုယ်ကို–

"မြစိမ်း"

"အို"

သူမ လက်လေးကို တင်းတင်းဆုပ်ကိုင်လိုက်ခြင်းကြောင့်





သူမမျက်နှာလေး နီရဲသွားရ၏။

"အို ဘာလုပ်တာလဲ"

သူမ လွန့်လွန့်လေးရုန်းရင်း သူ့ကိုမျက်စောင်းထိုးကာ မေး သည်။ သူက ပြုံးပြုံးကြီးဖြင့်–

"ချစ်တယ်ဆို"

"ဟင်း ဘယ်တုန်းကပြောလို့လဲ"

"မြစိမ်းနော်"

"အို"

စောစောက လင်းလက်နေသောကြယ်လေးတွေက သူတို့ နှစ်ယောက်အဖြစ်ကို ရှက်သည့်အလား မိုးတိမ်ထဲပြေးဝင်ကာ ပျောက် ကွယ်သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော ဟိုမှာ မြစိမ်း ရှင့်လူ"

အနားမှ သူငယ်ချင်း၏ ပြောသံကြောင့် ကော်ရစ်ဒါမှလက်ပိုက် ငေးကြည့်နေသောသူ့ကို တွေ့ရသည်။ သစ္စာလဝ်ဈေး ကာလိန်ရေ ရောင်အောင်းဘိုရှည်နှင့် အဖြူရောင်ပေါ်မှာ အစိမ်းနုအစင်းအကျီလေး တွေပါသော ဝမ်ဆွဲလက်တိုကိုဝတ်ထားသောသူ့ပုံက ခါတိုင်းထက် နွဲ့ချောမောနေသလိုပါပဲ။

သူက ဆရာအလစ်မှာ လက်ပြတာသူ့ကို ငေးနိုင်းသည်။ သူပြုံး၍ ခေါင်းညိတ်၏။ စာရေးဝင်ချစ်သူများကြပြီဆိုတော့လည်း တစ်ယောက်ကိုတစ်ယောက် အချိန်ပြည့်တွေ့ချင်နေကြသည်။

"ရှင့်လူက မျှော်နေတယ်နော် မြစိမ်း၊ ရှင်နဲ့ သိပ်လိုက်တာပဲ"

"အဟင်း ကျေးဇူးပဲ"





သူငယ်ချင်းစကားကြောင့် သူမကြည့်နေရာသို့ပြုံး၍ ကိုယ့်ချစ်သူ ကိုချီးမွမ်းတာ ဘယ်မိန်းကလေးက သဘောမကျဘဲ နေပါ့မလဲရှင်။

ကလေ့ပ်စီပြီးတာနှင့် စာအုပ်တွေသိမ်းကာ သူမအလျှင်အမြန် ထွက်ခဲ့၏။

"မောင် စောင့်နေရတာ ကြာသွားပြီလားဟင်"

သူကပြုံး၍ ခေါင်းခါယမ်းကာ သူမလက်ထဲမှစာအုပ်တွေ လှမ်းယူသည်။

"လာ မြစိမ်း မောင်တို့ တစ်ခုခုသွားစားရအောင်"

သူမလက်ကလေးကို ဆုပ်ကိုင်ကာ သူထွက်လာခဲ့သည်။ ဟောဒီ သူမလက်ဖဝါးနုနုလေးကို သူတစ်သက်လုံးဆုပ်ကိုင်ထားချင် တာပါပဲ။

"မြစိမ်း ဘာစားမလဲဟင်"

ကားပေါ်ရောက်တော့ သူမကိုပြုံး၍ မေး၏။ သူ့အပြုံးလှလှနဲ့ သူမကို အရေးတယူဂရုတစိုက်ရှိတာ ကျေနပ်ကြည်နူးရပါ၏။

"ဟင့်အင်း မောင်သဘော"

ပြုံးချိုချိုအပြောလေးကြောင့် သူအားသည်းယားရတော့ သူမနှာတံ ချွန်ချွန်လေးကို အသာဆွဲညှစ်လိုက်၏။

"အေးဗျာ အဲဒီစကားသိပ်မပြောနဲ့ မောင့်သဘောဆိုရင် ခင်ဗျားကို စုလက်ထပ်ချင်တာပဲ"

"ဟင် မောင်ကလဲ ကျောင်းပြီးအောင်စောင့်ဖို့ ပြောထားတယ် လေ"



www.burmeseclassic.com

www.burmeseclassic.com



[illegible] မြစိမ်း [illegible] ရှိရတာပဲ"

[illegible] မြစိမ်း [illegible]

[illegible]

သူပြောရင်း ကားစက်နှိုးကာထွက်ခဲ့၏။ သူမထံမှ [illegible] သင်းပျံ့သော [illegible]

[illegible] မြန်မာ [illegible] စားမလား၊ တရုတ်စာ စားမလား"

"[illegible]"

"[illegible] စားမယ်"

"အိုကေ"

[illegible] အတန်းမြင့်မြင့်နှင့် သန့်ရှင်းသည် [illegible] ပူပူနွေးနွေးပင်။

[illegible] ၏။ သူမက မိန်းကလေးပီပီ [illegible] ။ သူမကို များများ စားစေချင်၍ပါ။

"[illegible] ရှိတာလဲ"

"သော် မြစိမ်းစားစေချင်လို့ပါကွယ်"





"အို မြစိမ်း ဒီလောက်အများကြီး မစားနိုင်ပါဘူး မောင်ရယ်"

"အဟင်း ဟင်းများများစားပေါ့ မြစိမ်းရယ်"

ဟင်းတွေရောက်လာတော့ သူက သူမကိုခွံ့ကျွေးနေ၏။

"မြစိမ်း ပါးစပ်"

"ဟာ မောင်ကလဲ"

သူမအနီးအနားမှာ လူရှိလားဟုအကဲခတ်ကြည့်၏။ သို့သော် [illegible] ကောင်းစွာလှူရှင်းနေပါသည်။ ထို့ကြောင့် သူမ၏လှပသော နှုတ်ခမ်းလေးကို အသာဖွင့်ပေးလိုက်သည်။

"ကောင်းရော"

"အင်း"

ဒီလိုပြောလျှင် မောင်သဘောကျမှာပြီး၏။ ထို့နောက် သူက ကလေးလို–

"မောင့်ကိုရော ပြန်မခွံ့ကျွေးဘူးလား"

သူမခွံ့ကျွေးရမှာ ရှက်တာကြောင့် ငြိမ်သွားသည်။ ထိုအခါ မျိုးဆို သူမျက်နှာပျက်ကာ–

"သိပ်ပါတယ်ကွာ မြစိမ်းက မောင့်ကိုမချစ်ဘူး"

"ကြည့် မောင်နော်"

"မြစိမ်းအချစ်ကို မစော်ကားနဲ့"

"ဒါဆို ခွံ့ကျွေးပေါ့"

"ဟင်း ကဲ ပါးစပ်ဟ"

"အဟင်း ဒါမှ မောင့်အချစ်"



www.burmeseclassic.com

www.burmeseclassic.com



မြစိမ်းကျွေးတာကို သူကျေကျေနပ်နပ်စား၏။ ဒီလိုကြတော့လည်း သူမအစို့ ကြည်နူးရသည်သာ။ မောင့်လိုချမ်းသာတဲ့လူတစ်ယောက်ကို ချစ်မိသည့်အတွက် နောင်တမရချင်ပါ။

စားပြီးတော့ သူတို့မပြန်နိုင်သေးပေ။

အင်းလျားကန်ပေါင်ပေါ် ရောက်ခဲ့၏။ အေးမြသော လေညင်းကြောင့် လန်းဆန်းသွားသည်။

“ဒီလိုအချိန်လမ်းလျှောက်ရတာ ကောင်းတယ်နော် မောင်”

“အင်း မြစိမ်းနဲ့သာအတူဆိုရင် ဘယ်နေရာမဆို ကောင်းတယ်”

လမ်းလျှောက်ရင်း သူမမျက်နှာကို စောင်းငဲ့ကြည့်ကာ ပြုံးလျက် သူပြော၏။

သူမ မျက်စောင်းထိုးရင်း—

“ဟင်း မောင်ကနိုတယ်”

“စိုပါဘူးဗျာ လာ မြစိမ်း ဟိုနားလေးမှာ ထိုင်ရအောင်”

နှစ်ယောက်သား အမြဲရှောင်ခုံတန်း[illegible]တွင် [illegible]ထိုင်လိုက်၏။

“မောင်[illegible]”

“ဟင်”

သူမက သူ့ပခုံးပေါ် ခေါင်းလေးအစ်ကာ တိုးညင်းစွာခေါ်သည်။

“မြစိမ်းလေ မောင့်[illegible]ချစ်ရတာ သိပ်ရင်မောတာပဲ”

“ဘာဖြစ်လို့လဲ မြစိမ်းရယ်”

နှစ်ယောက်သား အကြည့်ချင်းဆုံသည်။





သူမ၏လက်ဖဝါးနုနုလေးတွေကို သူဆုပ်ကိုင်ထားသည်။

“မောင် မသိဘူးလားဟင်၊ မောင်နဲ့မြစိမ်းက အဆင့်အတန်းချင်း မိုးနဲ့မြေလိုကွာခြားတာ မဟုတ်လား”

“ကြည့် မြစိမ်းရယ် အဲဒီအတွက် စိတ်အားမငယ်ပါနဲ့၊ အချစ်မှာ ဂုဏ်ပကာသနမရှိပါဘူးကွယ်”

“ဒါပေမဲ့ မောင့်ဒက်ဒီက မြစိမ်းနဲ့ သဘောတူပါ့မလားဟင်”

ထိုမေးခွန်းကြောင့် သူတစ်ချက်ငိုင်သွားပေမဲ့ ချက်ချင်းပြုံးကာ—

“ဒက်ဒီသဘောတူဖို့ မောင်တာဝန်ထားပါ၊ မောင်တစ်ယောက်လုံးရှိတာပဲ မြစိမ်းရယ်”

“မြစိမ်းတော့ စိတ်ပူတာပါပဲ၊ အဖေက မြစိမ်းလေ မောင့်ကို မချစ်မိဖို့ ကြိုးစားပါသေးတယ်”

“ဒါပေမဲ့ မောင်က”

ကန်ရေပြင်ကိုငေးကြည့်လျက် သူမ ဝေဝေးဝေးပြော၏။

“ဘာဖြစ်လဲ ဆက်ပြောလေ”

အမြဲမြင့် သူမေးသည်။

သူမ မျက်စောင်းမှမှထိုးတော့ သူရယ်မိ၏။

“အေးဗျာ အဲဒီမျက်စောင်းကြောင့် မောင်ချုကွရောက်ရတာ”

“ဘာဆိုင်လို့လဲ”

“ဟာ ဆိုင်တာပေါ့ မြစိမ်းရဲ့မျက်စောင်းက မောင့်အသည်းနှလုံးကို ထိမှန်သွားတာဗျ”

ထိုအပြောကြောင့် သူမပြုံးလေ၏။ သူ၏[illegible]



www.burmeseclassic.com

ဆံပင်တွေက လေနှင့်အတူမျောနေသည်။

"တော်ပါ မောင်ရယ်၊ မောင်ကသာ ဘျွန်မနှလုံးသားလို ရွတ်အတင်းသိမ်းပိုက်ခဲ့တာပါနော်"

"သြော် မြစိမ်းရယ် ဒါကတော့ သိပ်ချစ်တာကိုးကွ၊ တကယ်တော့ မောင့်အချစ်က မြစိမ်းကိုအနိုင်ရယူသွားတာ"

"မောင့်ပဲ အပြောကောင်းတာ"

"ဒါကြောင့် မောင်လှစ်ဆုံမှဖို့ပြောတာ မြစိမ်း မစဉ်းစားသေးဘူး မဟုတ်လား"

"မောင်ရယ်"

သူတို့ ချစ်မိသွားလိမ့်မည်ဟု အာဃ်တုန်းကမှ မထင်ခဲ့။ အချစ်ဆိုသောအရာဟာ ထိန်းချုပ်ထားပါလျက်နဲ့ မမြှော်လင့်ဘဲ ပေါက်ကွဲတတ်ကြောင်း သူမသိခဲ့လေပြီ။

"မြစိမ်း"

"ရှင်"

"အပွန်း မနက်ဖြန် မြစိမ်းကို ဖေကြီးနဲ့ တွေ့ပေးချင်တယ်"

"ဟင် ဖြစ်ပါ့မလား မောင်ရယ်"

သူမ အသံနိုက်ကြားသေးမေးတော့ သူ့အားပေးမှာ ပြုံးပြလိုက်၏။

"အဲဒါကိုဖြစ်ရမှာလေ ဖေကြီးနဲ့တွေ့ပေးပြီးရင် မောင်တို့လက်ထပ်ဖို့ကိစ္စ စီစဉ်လို့ရတာပဲ"





"မြစိမ်း မပြောတတ်တော့ဘူး မောင်ရယ်"

အေးမြလန်းဆန်းသော လေနုအေးတို့ကို ရှူရှိုက်ချင်စေမဲ့ သူမရင်ထဲ ဘာကြောင့် အသက်ရှူကျပ်ချင်ရပါလိမ့်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးအကြိမ်ရောက်ဖူးသော မောင်တို့၏ လူကုံထံရပ်ကွက်ထဲရှိတိုက်ကြီးထဲသို့ လှမ်းဝင်လိုက်တာနှင့် ခြေလှမ်းတို့ မှားချင်သွားရသည်။

ကျယ်ဝန်းလှသောခြံကြီးထဲမှာ ဂျပန်မြက်ခင်းစိမ်းစိမ်း၊ ရေကူးကန်၊ တင်းနစ်ကွင်း၊ လှပသောရောင်စုံပန်းများက ဝေဆာစွာဖူးပွင့်နေသလို ကုန်းမြင့်မြင့်လေးပေါ်တွင် တည်ဆောက်ထားသော မောင်တို့၏တိုက်ကြီးက ခေတ်မီခံ့ညားလှပလွန်းလှသည်။

သူမက စဉ်းစားတုန်းက ခြံထဲမှာသာဖြစ်ပြီး အိမ်ထဲမရောက်ဖြစ်ပါ။ တိုက်ကြီးထဲဝင်လိုက်တာနှင့် ခေတ်မီပရိဘောဂများနှင့် ခံ့ညားလှပလွန်းနေတာကြောင့် တော်ရုံလူအတွက် ခြေမချဝံ့စရာပါ။

"လာ မြစိမ်း ဒက်ဒီ စာကြည့်ခန်းထဲမှာရှိမယ်ထင်တယ်။ မြစိမ်း ခဏထိုင်နော်၊ မောင် သွားခေါ်လိုက်ဦးမယ်"

သူမ ခေါင်းလေးညိတ်ကျန်ခဲ့သည်။

မောင့်ဒက်ဒီနဲ့တွေ့ရမှာမို့ အပြာနုရောင်နှစ်ထယ် ဇာရင်ဖုံးအင်္ကျီ





လက်ရှည်၏နှင့် ချိတ်လုံချည်အပြာဖြင့်ဘွဲ့ဝတ်ကာ ဆံပင်အားလုံးနောက်တွဲလေးထုံးကာ အဖြူရောင်နှင်းဆီတစ်ပွင့်သာပန်ထားမိ၏။

မောင်ကတော့ သူမ၏ထိုပုံစံကို

"သိပ်လှတာပဲ"ဟု ချီးကျူးသေးသည်။

မောင် ဒီစကားတစ်ခွန်းနဲ့တင် သူမအတွက် ကျေနပ်စရာပါပဲ။

သူမလှုပ်ရှားနေသောစိတ်ကို ငြိမ်သက်အောင်ကြိုးစားရင်းစောင့်နေစဉ် မောင်နှင့်အတူ အရပ်မြင့်မြင့် အသားဖြူဖြူခန့်ခန့်နှင့်လူကြီးတစ်ယောက်ကို တွေ့ရလေ၏။

ဒါ မောင့်ဒက်ဒီပေါ့လို့ ပြောစရာမရလိုအောင် ရုပ်ချင်းကဆင်လွန်းတာမို့ သူမနေရာမှထရပ်ကာ ဂါရဝပြုလိုက်သည်။

"ဒက်ဒီ ဒါ ကျွန်တော့မိတ်ဆွေ မြမြစိမ်းတဲ့"

"မြစိမ်း ဒါ မောင့်ဒက်ဒီ ဦးဘာဟန်တဲ့"

သူမ ခေါင်းလေးညွတ်ကာ–

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ် အန်ကယ်"

ဦးဘာဟန်က သူမကိုခပ်စူးစူးကြည့်၏။ ထို့နောက် သားဖြစ်သူအားလှည့်ကြည့်သည်။

"ဒက်ဒီ ဒီကလေးမကို မြင်ဖူးသလိုပဲ သား"

"အဟွန်း ဒက်ဒီမြင်ဖူးမှာပေါ့၊ မြစိမ်းက သားတို့နှစ်ပတ်လည်ညစာစားပွဲတုန်းက ဒီခြံမှာလာကသွားတယ်လေ"

"ဟင် ဒါဆို ဒီမိန်းကလေးက အငြိမ့်မင်းသမီးပေါ့"

ဦးဘာဟန်မျက်ခုံးတွန့်လျက် မေး၏။ သူနှင့်သူမ အကြည့်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံသည်။

"ဟုတ်ပါတယ် ဒက်ဒီ ဒါပေမဲ့ မြစိမ်းက"

ထိုစဉ် ဦးဘဟန်က လက်ကာပြသည်။

"ကဲ သား ဒက်ဒီ ကိစ္စရှိသေးလို့ အပြင်သွားဦးမယ်"

"ဩော် မိန်းကလေး အန်ကယ့်ကို ခွင့်ပြုပါကွယ်"

"ရှင် ဟုတ်ကဲ့"

ဦးဘဟန်ထွက်သွားရာကို နှစ်ယောက်သား ငေးကြည့်ကျန်ခဲ့သည်။ ဦးဘဟန်ထွက်သွားမှ သူက သူမကို တောင်းပန်သလိုကြည့်၏။

"ဒက်ဒီ ကိစ္စရှိတာ မောင်မသိလိုက်ဘူး မြစိမ်းရယ်"

သူမ ညိုးဖျော့စွာပြုံး၏။

"ရပါတယ် မောင်၊ မောင် မြစိမ်းလဲပြန်မှာပဲ"

"နေပါဦးလား မြစိမ်းရယ်၊ ရောက်တုန်း ခြံထဲလိုက်ပြပါရစေဦး"

"ကျေးဇူးတင်ပါတယ် မောင်၊ ဒါပေမဲ့ အမေ စောင့်နေမှာစိုးလို့ပါ"

"ဟင် ကောင်းပြီလေ ဒါဆို မောင်လိုက်ပို့ပါ့မယ်"

သူတို့ကားထွက်လာတဲ့အထိ စကားမပြောမိကြ။

သူ ကားကို ကန်တော်ကြီးဘေးတွင် ထိုးရပ်လိုက်၏။

"မြစိမ်း"

ဒီတော့မှ ငြိမ်သက်စွာထိုင်ငေးနေသောသူမက ညင်သာစွာကြည့်၏။





"မောင် မြစိမ်းကို တောင်းပန်ပါတယ်ကွယ်"

သူက ဖျတ်ခနဲသူမကိုယ်လေးကို ဆွဲပွေ့ယူလိုက်သည်။

"မြစိမ်းရယ် ဒက်ဒီ့ကို မောင်နားလည်အောင် ပြောပြပါ့မယ်၊ ဒက်ဒီကြောင့်တော့ မောင့်ကိုရှောင်ဖယ်ဖို့ မကြိုးစားပါနဲ့"

သူ့ရင်ခွင်ထဲမှာ သူမသက်ပြင်းကိုချလိုက်၏။ ထို့နောက် သူ့မျက်နှာကို မော့ကြည့်မိသည်။

"မောင် ဘာကိုစိုးရိမ်နေတယ်ဆိုတာ မြစိမ်းသိပါတယ်၊ ဒီမှာ မောင် မောင် မြစိမ်းဘက်ကရှိနေသရွေ့ မြစိမ်းအားမငယ်ပါဘူး"

"ဒီလိုမှပေါ့ မြစိမ်းရယ် စိတ်ချ မောင်က မြစိမ်းဘက်က အမြဲမားမားမတ်မတ် ရှိနေမယ်"

"အဲဒါကို မြစိမ်းယုံပါ"

"မောင်ရယ်

သူမအတွက် မောင့်ရင်ခွင်ဟာ အားကိုးစရာအဖြစ် မြင်မိ၏။ မောင့်ရင်ခွင်မှာ နေနေရလျှင် သူမဘဝ နွေးထွေးလုံခြုံမည်ထင်ပါရဲ့။

* * *

"ဆရာလေးကို သူ့ရွှေစာကြည့်ခန်းထဲမှာ စောင့်နေပါတယ်"

သူရောက်တာနှင့် လူယုံတော်ကြီးကပြောသည်။ သူ ပင့်သက်တစ်ချက်ရှိုက်ကာ စာကြည့်ခန်းထဲရောက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ ကျွန်တော်ရောက်ပါပြီ"

ဒက်ဒီသည် စာကြည့်ခန်းထဲမှာ ဟိုဒီလမ်းလျှောက်နေ၏။ သူဝင်လာတာတွေ့တော့ ရပ်သွားကာ ခပ်စူးစူးကြည့်သည်။

"မင်း လက်ထပ်မယ်ဆိုတာ အဲဒီမိန်းကလေးလား"

သူ ဒက်ဒီ့အမေးကို တည်ငြိမ်စွာရင်ဆိုင်လိုက်၏။

"ဟုတ်ပါတယ် ဒက်ဒီ"

"ဘာ"

ရုတ်ခနဲဒက်ဒီ့အော်သံက စာကြည့်ခန်းထဲလွှမ်းမိုးသွားသည်။ ဒက်ဒီက သူနှင့်မျက်နှာချင်းဆိုင်လာရပ်၏။ ထို့နောက် ခေါင်းကို ဖြည်းညင်းစွာခါယမ်းကာ–

"ငါ့သားကို လူကြီးတစ်ယောက်ဖြစ်တယ်ဆိုပြီး ဒက်ဒီယုံမိတာ မှားတာပဲ"

ထိုစကားကြောင့် သူ့မျက်နှာရဲခနဲဖြစ်သွား၏။

"ကျွန်တော်"

"မင်း ဘာမှမပြောနဲ့၊ ဒက်ဒီပြောမယ် မင်း အဲဒီအငြိမ့်မင်းသမီးကို တကယ်ဆို ဒက်ဒီ့ဆီ ခေါ်မလာသင့်ဘူး"

"ဗျာ"

"ဟုတ်တယ် သား အဲဒီလိုမိန်းကလေးကို မင်းအပျော်သဘောနဲ့ပဲ ဆက်ဆံချင်ဆက်ဆံနိုင်တယ်၊ ဒါပေမဲ့ ဒက်ဒီ့ချွေးမလုပ်ခိုင်းဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စဆိုတာ မင်းသိပါတယ်"





ဒက်ဒီ လေအေးလေးနှင့် ပြောသလောက် သူ့ရင်ထဲမှာတော့ ဗလောင်ဆူနေ၏။

"မဟုတ်ဘူး ဒက်ဒီ ကျွန်တော် မြစိမ့်ကိုအပျော်ချစ်တာ မဟုတ်ဘူး၊ ကျွန်တော့်တစ်ဘဝစာချစ်တာ"

"တိတ်စမ်း ခင်လွန်းသီလိုမိန်းကလေးကိုတော့ ငြင်းပြီး ဘာမဟုတ်တဲ့အငြိမ့်မင်းသမီးကို လက်ထပ်မယ်ဆိုတာ မင်းရူးနေသလားဟင်..."

"ငါတို့အသိုင်းအဝိုင်းကို ဘယ်လိုမျက်နှာပြရမလဲ မင်း ပြောစမ်း"

ဒက်ဒီ့မျက်နှာမှာ ဒေါသကြောင့်နီရဲလာ၏။ သူလည်း ဒေါသဖြစ်တာပါပဲ။

"ဒက်ဒီထင်သလို မြစိမ်းဟာ အငြိမ့်မင်းသမီးချည်းလုပ်နေတာ မဟုတ်ပါဘူး၊ တစ်ဖက်ကလဲ တက္ကသိုလ်တက်နေတာပါ ဒက်ဒီ"

ဒက်ဒီ ခေါင်းခါယမ်းသည်။

"ဘာပဲဖြစ်ဖြစ် အငြိမ့်မင်းသမီးက မင်းသမီးပါပဲ သား၊ ဒီတော့ အဲဒီမိန်းကလေးကို သားစွန့်လွှတ်လိုက်ပါ"

"ဒက်ဒီ ခုပဲ ဦးမြသီဆီကပြန်လာတာ၊ သားနဲ့ ခင်လွန်းသီကိစ္စ အမြန်ဆုံးစီစဉ်ပေးဖို့ သွားပြောတာ"

"ဗျာ ဒက်ဒီ"

သူ စိုးရိမ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီဟာ ပြောလျှင်ပြောသလို လုပ်တတ်တဲ့လူစားမျိုးဆိုတာ သူသိသည်။

"ဝမ်းနည်းပါတယ် ဒက်ဒီ၊ ကျွန်တော် လက်မခံနိုင်ပါဘူး…"

"ကျွန်တော် မြစိမ်းကိုပဲလက်ထပ်မယ်"

"ဘာကွ"

"ကျွန်တော့်ဘဝကို ကျွန်တော့်စိတ်တိုင်းကျ တည်ဆောက်ပါရစေ၊ ဒက်ဒီ ကျွန်တော့်ကိုခွင့်ပြုပါ"

"မင်း"

ဒက်ဒီ ဒေါသထွက်နေတာသိပေမဲ့ သူလှည့်မကြည့်တော့၊ သူ့အနေဖြင့် ဒက်ဒီ့ကိုဆန့်ကျင်တာ ဒီတစ်ခုသာရှိသေးသည်။

"သားကိုခွင့်လွှတ်ပါ ဒက်ဒီ"

* * *





"ဟင် မောင်"

ညကြီးအချိန်မတော် ရောက်လာသောသူ့ကိုတွေ့ရတော့ သူမ အံ့သြသွား၏။ ဒီနေ့မှ လရောင်ကထိန်ထိန်သာနေ၏။ လရောင်အောက်မှာ ဆံပင်ရှည်များပြန့်ကျဲလျက် လျှောက်လာသော ကိုယ်ဟန်နွဲ့နွဲ့နှင့် သူမကို သူကြည်နူးစွာငေးကြည့်မိသည်။

"မောင်"

"မြစိမ်း"

နှစ်ယောက်သား မျက်နှာချင်းဆိုင်ရပ်မိစဉ် သူက သူမလက်ဖဝါးလေးတွေကို ဆွဲ၍ ဆုပ်ကိုင်ယူသည်။

သူမက သူ့ကို အကဲခတ်သလိုတစ်ချက်ကြည့်ကာ–

"မောင် မောင် ဘာဖြစ်လာတာလဲဟင်"

သူမကို သူပြုံး၍ကြည့်လိုက်၏။

"မောင် အိမ်ပေါ်ကဆင်းလာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မြစိမ်းမျက်နှာလေး ကွက်ခနဲပျက်ကာ သူ့ကိုစိတ်မကောင်းသလိုကြည့်၏။

"မြစိမ်းကြောင့်လား မောင်ရယ်"

သူဘာမှမပြောပဲ အိမ်ဘက်တစ်ချက်ကြည့်သည်။

"အဒေါ်ရော"

"အိပ်နေပြီ မောင်"

"လာ မြစိမ်း မောင်တို့ ဟိုခုံလေးမှာ သွားထိုင်ရအောင်"

ခြံထဲကခုံဆီသို့ နှစ်ယောက်သားလျှောက်ခဲ့ကြသည်။

"ကဲ ပြောပါဦး မောင်ရယ် ဘာဖြစ်လာတာလဲဟင်"

"မောင်နဲ့ဒက်ဒီ စကားများလာတာ"

"အဲဒါ မြစိမ်းကြောင့်မဟုတ်လား မောင်"

သူသက်ပြင်းတစ်ချက် ရှိုက်လိုက်၏။ မြစိမ်းပခုံးလေးကိုတော့ဆွဲပွေ့ယူသည်။

"မြစိမ်းကြောင့်ပဲ မဟုတ်ပါဘူးကွာ၊ မောင်နဲ့ ဒက်ဒီ အယူအဆချင်းမတူလို့ပါ"

သူမ ခေါင်းခါယမ်းလိုက်သည်။

"အယူအဆမတူတာ မြစိမ်းနဲ့ပတ်သက်လို့ပဲဆိုတာ မြစိမ်းသိပ်ပါတယ် မောင်ရယ်၊ မြစိမ်းကို ပွင့်ပွင့်လင်းလင်းပြောပါ မောင်"

မျက်ဝန်းနက်လေးတွေဖြင့် မေးလာသောမြစိမ်းကို သူမညာ





ချင်တော့ပေ။ ထို့ကြောင့် ခေါင်းကိုဖြည်းညင်းစွာညိတ်ရင်း–

"ဟုတ်တယ် ဒက်ဒီက မောင်နဲ့မြစိမ်းကို သဘောမတူဘူးမြစိမ်း"

သူမမျက်နှာ ညှိုးခနဲဖြစ်သွား၏။ ထို့နောက် ဟန်ဆောင်ပြီးလိုက်ရင်း–

"ဒီလိုမျိုးဖြစ်မယ်ဆိုတာ မြစိမ်းသိပါတယ် မောင်ရယ်"

"မြစိမ်း အားမငယ်ပါနဲ့ မောင် မြစိမ်းဘက်ကရှိနေပြီပဲ၊ ဒက်ဒီက သူ့သဘောတူတဲ့မိန်းကလေးနဲ့ လက်ထပ်စေချင်တယ်"

"မောင်ကတော့ မြစိမ်းကလွဲလို့ ဘယ်သူနဲ့မှ လက်မထပ်နိုင်ဘူးလို့ ပြောခဲ့တယ်"

"မောင်ရယ်"

သူမ မောင့်ပခုံးပေါ် ခေါင်းလေးမှီချလိုက်၏။ သူမကြောင့်ဖြစ်ရတယ်ဆိုတော့ စိတ်မကောင်း။

"မြစိမ်း"

"ဟင်"

လရောင်အောက်မှာ သူတို့နှစ်ယောက် မျက်လုံးချင်းဆုံမိသည်။

"မောင့်ကို မြစိမ်းလက်ခံမှာလားဟင်"

သူမ မျက်လွှာလေးချသွားသည်။

သူ အားမလိုအားမရဖြစ်သွား၏။

"ဘာလဲဟင် မြစိမ်းက မောင့်ကိုလက်မခံချင်ဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အို မဟုတ်တာ မောင်ရယ်"

"ဒါဆို မြစိမ်းလက်ခံမယ်ပေါ့"

သူမ မောင့်ကိုငေးစိုက်ကြည့်မိ၏။

"မောင့်ဒက်ဒီ သဘောမတူတဲ့အလုပ်တစ်ခုကို မောင်တကယ် လုပ်တော့မှာလား"

"ဒီမယ် မြစိမ်း မောင်ကဆုံးဖြတ်ချက်ချပြီးရင် မပြင်တတ်ဘူး၊ မောင့်ဘဝမှာ ဒက်ဒီကိုဆန့်ကျင်တာ ဒီတစ်ခါပဲရှိသေးတယ်"

သူ့မျက်နှာတည်တည်ဖြင့်ပြောတော့ သူမပင့်သက်ရှိုက်မိ၏။

"မောင် မြစိမ်းကို စိတ်ဆိုးနေလားဟင်"

သူ ခေါင်းခါယမ်းသည်။

"မောင် စိတ်မကောင်းဖြစ်တာတစ်ခုပါပဲ၊ မောင် မြစိမ်းအတွက် ပြတ်သားတဲ့ဆုံးဖြတ်ချက်တစ်ခုကို ချလာတာမဟုတ်လား"

"မြစိမ်း လက်မခံချင်လို့မဟုတ်ပါဘူး မောင်ရယ်၊ မောင် မြစိမ်းကိုလက်ထပ်ရင် မောင့်ဘက်က ဆုံးရှုံးနစ်နာရမှာ"

"တော်တော့ မြစိမ်း၊ မြစိမ်းနဲ့ပတ်သက်လာရင် မောင် ဘာကိုမဆို စွန့်လွှတ်နိုင်တယ်၊ မောင် မစွန့်လွှတ်နိုင်တာ မြစိမ်းတစ်ယောက်ကိုပဲ"

"အို မောင်ရယ်"

ပြတ်သားတဲ့မောင့်ရဲ့အပြောကြောင့် သူမ အားတက်သွားရ၏။ မောင့်ရင်ခွင်မှာပဲ မျက်နှာအပ်မိသည်။





မောင်က သူမဆံပင်များထဲ လက်ချောင်းထိုးဖွဆော့ကစားရင်း

"မောင့်ကို မြစိမ်းလက်ထပ်မယ် မဟုတ်လား"

သူမ မောင့်ရင်ခွင်မှ ခေါင်းညိတ်လိုက်၏။ သူ့မျက်နှာ ပြုံးသွားလျက် သူမမျက်နှာလေးကို ဆွဲမော့ယူသည်။ လရောင်အောက်မှာ မောင့်မျက်လုံးတွေက ရှန်းလက်တောက်ပနေ၏။

"မြစိမ်း"

"ရှင်"

"မောင့်ကို ချစ်လား"

"အင်း"

"မောင့်ကို လက်ထပ်မှာလား"

"အင်း"

အဟွန်း မြစိမ်းရယ်"

သူမေးသမျှပြုံးကာ ခေါင်းညိတ်နေသောသူမမျက်နှာလေးကို မြတ်နိုးစွာ နမ်းရှိုက်မိ၏။

"မောင်"

"ဟင်"

"ဒီဆုံးဖြတ်ချက်အတွက် မောင် နောင်တမရပါဘူးနော်"

"လုံးဝပဲ"

"မောင်ရယ်"

မောင့်အနမ်းတွေကြောင့် သူမမွန်းကျပ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြစိမ်း မောင်မပြန်တော့ဘူးနော်"

"အို"

သူမ အလန့်တကြား မောင့်ကိုကြည့်၏။

"ဘာလဲ မြစိမ်းလန့်သွားတာလား"

"ဟို အမေ"

"အံ့ဟွန်း မောင်အလကားစတာပါ မြစိမ်းရယ်၊ အခု မောင် မြို့ထဲကတိုက်ခန်းကိုပြန်မယ်"

"မနက်ကြမှ အဒေါ်ကိုခွင့်ပန်ပြီး မောင်တို့တရားရုံးသွားပြီး လက်ထပ်တာပေါ့"

ဒီတော့မှ သူမသက်ပြင်းချနိုင်တော့၏။ မောင် တကယ်မပြန်တော့ဘူးဆိုလျှင်လည်း သူမဘာတတ်နိုင်မှာလဲ။

"ကဲ မြစိမ်း မောင်ပြန်မယ်"

"သိပ်မိုးချုပ်နေပြီ မောင်"

"ရပါတယ် မောင့်အတွက် စိတ်မပူပါနဲ့ ခြော် မနက်ကျရင် မြစိမ်းလှလှလေး ပြင်ထားနော်"

သူမမျက်နှာလေးကို မြတ်နိုးစွာစိုက်ကြည့်လျက် သူပြော၏။

"ဟုတ်ကဲ့ပါ မောင်"

သူ့ကို ကားနားအထိသူမလိုက်ပို့၏။ မောင်က သူမကိုမခွဲချင်သောမျက်လုံးများဖြင့် ကြည့်သည်။

"ဟင်း ဒီတစ်ရက်တော့ မောင်တို့ခဏခွဲကြရမယ် မြစိမ်းရယ်"





သူ ကားပေါ်တက်လိုက်၏။

"မောင်"

"ဟင်"

"သတိထားသွားနော် မောင်"

သူ့အတွက် စိုးရိမ်ပူပန်စွာ မြစိမ်းမှာသည်။ သူပြုံး၍ ခေါင်းညိတ်လိုက်၏။

"ကဲ မြစိမ်း အိမ်ထဲဝင်တော့"

"အို မောင်အရင်သွားပါ"

"မဟုတ်တာ မြစိမ်းအိမ်ထဲရောက်မှ မောင်စိတ်ချမယ်"

ဒီတော့လည်း သူမအလျှော့ပေးလိုက်ရ၏။ ထို့ကြောင့် မောင့်ကိုတစ်ချက်ကြည့်ပြီး လှည့်ထွက်ခဲ့သည်။ သူမအိမ်ထဲရောက်ချိန်မှာ မောင့်ကားစက်သံကို ကြားရသည်။

"ဟင်း မောင်ရယ်"

* * *

မနက်စောစော ဆူညံစွာပေါ်ထွက်လာသော လူခေါ်ဘဲလ်သံကြောင့် သူမအိပ်ရာမှ ဆတ်ခနဲနိုးသွား၏။ ညက မြစိမ်းဆီမှပြန်လာပြီး မနက်ဖြန်အတွက် စိုးစဉ်စိတ်ကူးနေတာကြောင့် အိပ်ရာဝင်နောက်ကျခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူများပါလိမ့်"

နာရီကြည့်လိုက်တော့ မနက်ရှစ်နာရီ။

သူတံခါး သွားဖွင့်လိုက်သည်။

"ဆရာ"

"ဟင် ဦးစိုး"

ဒက်ဒီ့ယုံတော်ကြီးကိုတွေ့လိုက်ရတာမို့ သူအံ့သြသွား၏။ ဦးစိုးမျက်နှာပျက်နေတာကြောင့် သူစိုးရိမ်သွားသည်။

"ဦးစိုး ဘာဖြစ်လာတာလဲ"

"ဆရာ ဆရာကြီး ညကမူးလဲလို့"

"ဟင်"

ဒက်ဒီမူးလဲတယ်ဆိုတာကြောင့် သူ့ရင်ထဲဒိန်းခနဲ ဆောင့်သွား၏။

"ဒက်ဒီ အခုဘယ်မှာလဲ"

"အိမ်မှာ ဆရာဝန်ကြီးခေါ်ထားရတယ်၊ အဲဒါ ကျွန်တော် ကျွန်တော် တစ်ညလုံး ဆရာ့ကိုလိုက်ရှာနေတာ၊ ဒီမနက်မှ သတင်း ရလို့လိုက်လာတာ"

"ဒက်ဒီ စိုးရိမ်ရလားဟင်"

ဦးစိုး မျက်စိမျက်နှာပျက်ပျက်နှင့် ခေါင်းညိတ်သည်။

"ဆရာ မြန်မြန်လိုက်ခဲ့ပါ"

ဒုက္ခပဲ ဒီမနက်မြစိမ်းဆီ လာမယ်လို့ပြောခဲ့တာပဲ၊ ခုလို





ဒက်ဒီ အရေးကြီးနေတယ်ဆိုတော့ သူမသွားလို့မဖြစ်။

သူ့ကြောင့် ဒက်ဒီတစ်ခုခုဖြစ်လိုက်လျှင်—

ဒီလောကမှာအလိုလိုနေရင်း သူ့ သားမိုက်တစ်ယောက်ဖြစ်ရ တော့မည်။

"ကျွန်တော် ခဏနေ လိုက်လာခဲ့မယ် ဦးစိုး"

"မဟုတ်ဘူး ဆရာ၊ ဆရာကြီးက ဆရာ့ကိုပဲမေးနေတာ ခု ချက်ချင်းသွားမှဖြစ်မယ် ဆရာ"

ခက်တာပဲ မြစိမ်းဆီ သူဘယ်လိုအကြောင်းကြားရမလဲ၊ မြစိမ်းအိမ်မှာလည်း ဖုန်းကမရှိ။

ဟာ နောက်မှ မြစိမ်းကို အကျိုးအကြောင်းရှင်းပြတော့မည်။ ဒက်ဒီက အရေးကြီးတယ်မဟုတ်လား။

"ကောင်းပြီ ကျွန်တော်လိုက်ခဲ့မယ် ဦးစိုး"

သူ့အပေါ်အင်္ကျီကိုကောက်စွပ်ကာ အခန်းတံခါးပိတ်ပြီး ဦးစိုး နှင့်အတူ လိုက်ခဲ့၏။

ဟင် မြစိမ်းတော့ သူ့ကိုစောင့်နေမှာပဲ ဒက်ဒီကိုကြည့်ပြီးလို့ သက်သာရင် မြစိမ်းဆီသွားဖို့ဆုံးဖြတ်လိုက်၏။

သူ အိမ်ရောက်တော့ ဆရာဝန်ကြီးကိုတွေ့ရသည်။

"ဒေါက်တာ"

"ဩော် ကိုဆက်ရောက်လာပြီကိုး၊ လာဗျာ ကျွန်တော်တို့ စကားအေးအေးဆေးဆေး ပြောရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဒါနဲ့ ဒက်ဒီ့အခြေအနေ ဒေါက်တာ"

"သူ့ကို ကျွန်တော်အိပ်ဆေးတစ်လုံး ထိုးပေးထားပါတယ်"

"ဪ"

သူက ဒေါက်တာနှင့်မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်၏။ ကော်ဖီလင်ပန်း ရောက်လာ၏။

"သောက်ပါ ဒေါက်တာ"

သူ ကော်ဖီပန်းကန်ကို ယူပေးလိုက်သည်။ ဒေါက်တာက ကော်ဖီပန်းကန်မှ ကော်ဖီတစ်ကျိုက်သောက်ပြီး ပြန်ချ၏။

"ကျွန်တော့ဒက်ဒီ အခြေအနေ"

"ဟုတ်ကဲ့ ကျွန်တော်လဲ ဦးဘဟန်ရဲ့ရောဂါအကြောင်း ပြောမလို့ပါ"

"ရှင်းရှင်းပြောရရင်တော့ ဦးဘဟန်မှာ နှလုံးရောဂါ ရှိနေပါတယ်"

"ဗျာ"

"ဟုတ်တယ် နှလုံးနဲ့တွဲပြီး သွေးတိုးလဲရှိနေတယ် ကိုဆက်မင်းဟန်"

"ညက သူ့အဖော် စိတ်ထိခိုက်သွားပုံရတယ်"

"ဒါကြောင့် ဘာဝဲဖြစ်ဖြစ် သူ့ကိုစိတ်ချမ်းသာအောင်ထားစေချင်ပါတယ်"

"ဟင်"





သူ သက်ပြင်းတစ်ချက်ချလိုက်မိ၏။

ဒက်ဒီ ခုလိုဖြစ်ရတာ သူ့ကြောင့်ပဲ၊ ယခု ဘာလုပ်ရမလဲ။

"ကိုဆက်မင်းဟန်က ဦးဘဟန်ရဲ့ တစ်ဦးတည်းသောသားဆိုတော့ အခြေအနေကို ပိုနားလည်မှာပါ"

"ဟုတ်ကဲ့ ဒေါက်တာ"

"ကျွန်တော်အတတ်နိုင်ဆုံး ဒက်ဒီကို စိတ်ချမ်းသာအောင်ထားပါမယ်"

"ဝမ်းသာပါတယ်ဗျာ ဒီစကားကြားရတာ၊ ကဲ ဒါဆို ကျွန်တော့်ကိုခွင့်ပြုပါဦး"

"ဟုတ်ကဲ့"

ဒေါက်တာ့ကို သူ ကားနားအထိလိုက်ပို့သည်။ ဒေါက်တာ့ကားထွက်သွားမှ သူအိမ်ထဲပြန်ဝင်ခဲ့၏။

"ဆရာ ဆရာကြီး နိုးနေပြီ"

"ဟုတ်လား"

ဦးစိုးလာသတင်းပေးတာကြောင့် သူ ဒက်ဒီ့အခန်းထဲဝင်ခဲ့၏။ ဒက်ဒီက အိပ်ရာပေါ်မှာမှိန်းနေသည်။ ပြောရလျှင် ဒီလောကမှာ တွယ်တာစရာဆိုလို့ ဒီသားအဖနှစ်ဦးတည်းရှိတာမို့ ဒက်ဒီ့ကို ခုလို တွေ့ရတော့ သူစိတ်မကောင်းပါ။

"ဒက်ဒီ"

သူ့ခေါ်သံကြောင့် ဒက်ဒီ၏မှိန်းထားသောမျက်လုံးများ ပွင့်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ သူ့ကိုမြင်တော့ ဒက်ဒီမျက်လုံး လင်းခနဲလက်လာ၏။

"သား"

ဟု ခပ်တိုးတိုးခေါ်၏။ သူ ဒက်ဒီအားမှာထိုင်ကာ ဒက်ဒီ လက်ကို ခပ်ဖွဖွဆုပ်ကိုင်လိုက်သည်။

"ကျွန်တော့်ကိုခွင့်လွှတ်ပါ ဒက်ဒီ၊ ကျွန်တော့်ကြောင့် ဒက်ဒီ"

ဒက်ဒီက ခေါင်းကိုအသာခါယမ်းသည်။

"မနေ့ကအဖြစ်ကို မေ့လိုက်ပါတော့၊ သား ဒက်ဒီဆီ ပြန်လာပြီ မဟုတ်လား"

သူပြန်လာတာ အပြီးတိုင်ဟု ဒက်ဒီထင်နေပုံပင်။ မြစိမ်းကို ကတိပေးပြီးသားမို့ သူဘယ်လိုပြောရမလဲ။

"သား"

"ခင်ဗျာ"

"မနေ့ညက သားဘယ်မှာအိပ်လဲ၊ ဒက်ဒီ သားအတွက် စိုးရိမ်နေတာ"

"ဪ ဒက်ဒီရယ်"

အင်းလေ ဒက်ဒီက မိဘတစ်ယောက်ဆိုတော့ သူ့အတွက် စိုးရိမ်မှာပေါ့။

"ကျွန်တော် မြို့ထဲကတိုက်ခန်းမှာ အိပ်ပါတယ် ဒက်ဒီ"

"ဪ"

သူ့အပြောကြောင့် ဒက်ဒီပြုံးသည်။





"အသက်ကြီးလာတော့ ဒီလိုပေါ့သားရယ်"

"ဒက်ဒီလဲ အလုပ်ကအနားယူဖို့ အချိန်တန်ပြီလေ"

"ဒါကြောင့် ဒက်ဒီကိုယ်စား စင်ကာပူကို သွားပေးပါ"

"ဘယ်တော့လဲ ဒက်ဒီ"

"ဒီနေ့ပဲ"

"ဗျာ"

သူငိုင်သွား၏။ ရုတ်တရက်ကြီး ခရီးဝေးထွက်သွားရမှာမို့ မြစိမ်းကို သတိရမိသည်။

စင်ကာပူကအစည်းအဝေးဟာ အရေးကြီးတယ် သား၊ ဒက်ဒီ့ အစား သားလက်မှတ်ထိုးရမယ်၊ လေဆိပ်ဆင်းဖို့ အချိန်နီးပြီ သား ပြင်တော့"

"ကျွန် ကျွန်တော်"

"ဘာမှ ပြောမနေနဲ့ သား၊ အဲဒီအပြန်မှာ ဒက်ဒီနဲ့သား အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့"

"ဟို ဒက်ဒီရောဂါက"

"ဆရာဝန်ရှိသားပဲ သားရယ်၊ ဒက်ဒီ့အတွက် စိတ်ချပါ ကဲ သွားပြင်တော့"

သူနေရာမှ လေးဖင့်စွာထလိုက်၏။ ဦးစိုးက အပြင်မှာ လေ ယာဉ်ကွင်းလိုက်ပို့ဖို့ အသင့်စောင့်နေသည်။

"ဦးစိုး"



www.burmeseclassic.com

"ပြောပါ ဆရာ"

"ကျွန်တော် စာတစ်စောင်ရေးပေးခဲ့မယ်၊ အဲဒါ ရောက်အောင် သွားပေးပါ"

"ဟုတ်ကဲ့"

ဒက်ဒီခိုင်းတာကိုမသွားလျှင် ဒက်ဒီစိတ်ထိခိုက်မည်။ အပြန်ကျမှ မြစိမ်းကိုအကျိုးအကြောင်းရှင်းပြဖို့ စိတ်ကူးလိုက်မိ၏။

ထို့နောက် မြစိမ်းအတွက် စာတစ်စောင်ကို ခပ်သွက်သွက် ကောက်ရေးလိုက်သည်။

"ရော့ ဦးစိုး"

"ဟုတ်ကဲ့"

ထို့နောက်အချိန်မရတော့သဖြင့် အဝတ်အစားလဲပြီး လေဆိပ် တောက်လျှောက်ဆင်းခဲ့သည်။

ဒက်ဒီကတော့ သူသွားတဲ့အတွက် ကျေနပ်နေ၏။

လေဆိပ်ရောက်တော့ သူထပ်မှာသည်။

"ဦးစိုး ကျွန်တော်ခိုင်းတဲ့အတိုင်း သေချာလုပ်ပါဗျာ"

"စိတ်ချပါ ဆရာ"

"ဟုတ်ကဲ့"

တကယ်တော့ သူ့ကိုယ်ခန္ဓာက လေယာဉ်ပေါ်ရောက်လာပေမဲ့ သူ့စိတ်တွေက မြစိမ်းဆီရောက်နေသည်။

ညက သူမှာတဲ့အတိုင်း မြစိမ်းတစ်ယောက် အလှဆုံးဝတ်ပြီး





သူ့ကိုစောင့်နေမလား။

သူမလာတာသိလျှင် မြစိမ်းရယ် ကိုယ့်ကိုခွင့်လွှတ်ပါ။

ကိုယ် မြစိမ်းကိုလှည့်စားတာ မဟုတ်ပါဘူး။ ဒက်ဒီစိတ်ချမ်းသာဖို့ မြစိမ်းကိုခဏခွဲခဲ့တာပါ။

လေယာဉ်သည် တိမ်ကြားထဲတိုးဖောက်နေပြီ၊ သူ့အတွက် ကြည့်လေရာတိုင်းမှာ မြစိမ်းကိုပဲတွေ့နေရသည်။

"ဘယ်လိုလဲ မောင် နောက်ဆုံးတော့ ကျွန်မလိုအငြိမ့်မင်းသမီး တစ်ယောက်ကိုအထင်သေးပြီး မောင်လှည့်စားသွားတာ မဟုတ်လား"

တိမ်ကြားထဲမှ မြစိမ်း၏မျက်နှာလေးပေါ်လာကာ ဖြူးမဲ့မဲ့ နှုတ်ခမ်းလေးဖြင့် ရန်တောင်နေသလို။

ဟွန်း။

• မဟုတ်ရပါဘူးကွယ်။

မောင်က မြစိမ်းကို ဘယ်တော့မှ မလှည့်စားပါဘူးအချစ်ရယ်

* * *



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ဘာကြောင့်ခေါ်တွေ့ရတယ်ဆိုတာ မင်းသိမှာပေါ့ မိန်းကလေး"

"ရှင်"

ဒီမနက် မောင့်ကိုစောင့်စားနေရာမှ မောင်ရောက်မလာဘဲ မောင့်အိမ်တွင်မြင်ဖူးခဲ့သော လူတစ်ယောက်ရောက်လာသည်။

"မမြမြစိမ်းကို ကျွန်တော်တို့ဆရာကြီးက အခေါ်လွှတ်လိုက်လို့ပါ"

"ရှင် ဆရာကြီး"

"ဟုတ်ပါတယ် ဆရာကိုဆက်ရဲ့ဒက်ဒီကို ပြောတာပါ၊ မမြမြစိမ်းနဲ့ ဆွေးနွေးစရာရှိလို့တဲ့"

"ရှင် ဟို သူ သူရောဟင်"

မောင့်အတွက်စိတ်ပူစွာ သူမမေးလိုက်မိ၏။





"ကိုဆက် ဒီမနက် ဆရာကြီးခိုင်းလိုက်လို့ နိုင်ငံခြားသွားပါတယ်"

"ရှင် နိုင်ငံခြားသွားတယ်"

"ဟုတ်ပါတယ်ခင်ဗျာ"

ကြည့်စမ်း မောင်ရက်စက်လှချည်လား။

သူမကတော့ မောင့်ကိုမျှော်လို့။

ဒီနေ့ လက်ထပ်မယ်တဲ့။

"မောင် ရယ်စရာပြောခဲ့တာလား"

"သူ သူ ဘယ်တော့ပြန်လာမှာလဲဟင်"

သူမ မဝံ့မရဲမေးမိသည်။

လာခေါ်သူက ခေါင်းခါယမ်းသည်။

"အဲဒါ ကျွန်တော် မသိပါဘူးခင်ဗျာ"

သူမ အံလေးဖိကြိတ်၏။ မောင် ဘယ်လိုလုပ်သွားတာလဲ။ သူမကို လှည့်စားသွားတာလား။ နောက်ဆုံး အကျိုးအကြောင်းသိရန် သူမ လိုက်ခဲ့၏။

ဦးဘဟန်က သူမကိုအသင့်စောင့်နေပါသည်။ ထို့နောက် သူမကို စကားစပြောခြင်းပါ။

"ကျုပ် ရှင်းရှင်းပဲပြောမယ် မိန်းကလေး၊ ကျုပ်သားနဲ့ မင်းကိစ္စ ဟာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး၊ ဒီတော့ မိန်းကလေးဘက်က နောက်ဆုတ်ပေးစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန် မ ကျွန်မ"

ဦးဘဟန်က လက်ကာပြသည်။

"အဲဒီအတွက် မင်းမနစ်နာစေရပါဘူးလေ၊ ကဲ ပြော မင်းကို ငွေ ဘယ်လောက်ပေးရမလဲ"

"အို"

ဒါ့ထက် စော်ကားတာမရှိတော့ဘူးဟု သူမထင်သည်။ မောင့်ကို ချစ်တာ သူမငွေမက်လို့မှ မဟုတ်ဘဲ။

ထို့ကြောင့် ဦးဘဟန်ကို မောင့်ဖခင်အဖြစ် လေးစားနေရာမှ တည်တည်ကြည့်မိ၏။

"ဒါကတော့ ကျွန်မကို စော်ကားလွန်းရာကျပါတယ် အန်ကယ်၊ ကျွန်မ မောင့်ကိုချစ်တာ အေးလေ ကိုဆက်မင်းဟန်ကိုချစ်တာ ငွေ မက်လို့ မဟုတ်ပါဘူး"

ထိုစကားကြောင့် ဦးဘဟန်ပြုံးသည်။

"အင်း မင်းစကားက နားထောင်လို့ကောင်းသားပဲ၊ ဒါပေမဲ့ တကယ်တမ်းမှာ ကျုပ်သူဘောမတူဘူးဆိုလဲ မင်း ကျုပ်သားကို လက်ထပ်မှာပဲ မဟုတ်လား"

"ဒါကတော့ အန်ကယ်သားက ကျွန်မကို ဇွတ်အတင်း ပြောလို့ပါ"

ဦးဘဟန် မျက်နှာတည်သွား၏။ ယို့နောက် သူမကို ခပ်စူးစူး ကြည့်ကာ–





"ကျုပ်ဟာ မိဘတစ်ယောက်အနေနဲ့ ကျုပ်သားကို မင်းလို မိန်းကလေးတစ်ယောက်နဲ့ သဘောမတူတာ မဆန်းပါဘူးနော်..."

"တကယ်တော့ ကျုပ်သားမှာ သူနဲ့လိုက်ဖက်တဲ့ဂုဏ်တူ အဆင့်တူစေ့စပ်ထားတဲ့ မိန်းကလေးရှိတယ်"

"သူ့နာမည်က ခင်လွန်းသီ"

"ဟင်"

ဒါ... ဒါဆို မောင်နဲ့စေ့စပ်ထားတဲ့မိန်းကလေးဟာ မမသီ ဖြစ်နေပါလား။

ကြည့်စမ်း သူမရှေ့မှာတော့ သူတို့နှစ်ယောက်က ဘာမှမဖြစ် တဲ့အတိုင်း ဟန်ဆောင်ကောင်းလိုက်တာ။

"ခင်လွန်းသီက ကျုပ်မိတ်ဆွေရဲ့သမီး တက္ကသိုလ်ကဆရာမ တစ်ယောက်ပဲ၊ ဒီတော့ ကျုပ်သားနဲ့ဘယ်လောက် လိုက်ဖက်လဲ..."

"ဒီတော့ မိန်းကလေးက ကျုပ်သားကို တကယ်ချစ်တယ်ဆို ရင် နောက်ဆုတ်ပေးစေချင်ပါတယ်..."

"ကျုပ် မိန်းကလေးကို ခေါ်ဆွေးနွေးတာ ဒီအကြောင်းပါပဲ"

သူမအကြိတ်ကာ ငြိမ်သက်နေ၏။ နောက်ဆုံးတော့လည်း အဆင့်အတန်းမတူတဲ့ မောင့်လိုလူတစ်ယောက်ကိုချစ်ရတာ သူမ အတွက် နာကြည်းစရာပါလား။

အရေးရယ်ဆိုလျှင် သူမရှေ့မှာ မားမားရပ်ပေးမယ်ဆိုတဲ့ မောင်ကရော အခုဘယ်မှာလဲ...



www.burmeseclassic.com

www.burmeseclassic.com



သူမကိုတောင်နှုတ်မဆက်နိုင်ဘဲ နိုင်ငံခြားထွက်သွားတယ်တဲ့၊ ဘယ်လောက်ရယ်စရာကောင်းလဲဟင်…

သူမ တည်ငြိမ်စွာပင် ဦးဘဟန်ကိုကြည့်လိုက်၏။

"ကျွန်မကို ပြန်ခွင့်ပြုပါ"

သူမနှုတ်ခမ်း တစ်ချက်ဖိကိုက်လိုက်၏။

ရင်ထဲမှာ တဆစ်ဆစ်နာကျင်ကာ မျက်ရည်တို့ဝိုင်းချင်လာရသည်။

မောင်…

ရှင်ဘယ်မှာလဲ…

မောင့်ကိုစွန့်လွှတ်ဖို့ ကျွန်မကတိပေးရမယ်တဲ့…

ငြိမ်သက်နေသောသူမကို ဦးဘဟန်မျက်မှောင်တွန့်ကြည့်၏။

"ဘယ်လိုလဲ မိန်းကလေး တကယ်တမ်းမှာ မင်း ကျူပ်သားကို မစွန့်လွှတ်နိုင်ဘူး မဟုတ်လား"

သူမမျက်နှာ ရဲခနဲဖြစ်သွား၏။

ဦးဘဟန်ကို ခပ်စူးစူးကြည့်မိသည်။

"ဟုတ်တယ် မောင့်ကို ကျွန်မ မစွန့်လွှတ်နိုင်တာ ချစ်လို့ပါ၊ ဒါပေမဲ့ စိတ်ချပါ၊ မိဘသဘောတူတဲ့ အန်ကယ့်သားကို ကျွန်မ ဘယ်တော့မှလက်မထပ်ပါဘူး"

"ကျွန်မကို ခွင့်ပြုပါဦး"

"မောင်စိုး သူ့ကိုလိုက်ပို့လိုက်"



"ဘြော် မိန်းကလေး ကျေးဇူးပါပဲ"

သူမအံကြိတ်ရုံကလွဲလို့ ဘာမှမတတ်နိုင်။ မချစ်ပါရစေနဲ့လို့ မောင့်ကိုတောင်းပန်ခဲ့၏။ သို့သော် မောင်က ခွတ်အတင်းချစ်ဖို့ ကြိုးစားသည်။

ချစ်ကြပြန်တော့လည်း သောကပွေ့ရတာ သူမ မဟုတ်လား၊ နောက်ဆုံး သူမသာ ရင်နာကျန်ခဲ့ရတာပါ။

"သမီး"

မျက်နှာမကောင်းစွာပြန်ရောက်လာသော သူမကို အမေမေးကြိုသည်။ အမေ့ကိုတွေ့မှ ငိုချင်လာရ၏

"အမေ"

"သမီး"

အဟင့် ဟင့် အမရယ်"

ထိန်းချုပ်ထားသမျှ အမေ့ရင်ခွင်မှာငိုမိတော့၏။ အမေက သူမကိုယ်လေးကိုပွေ့ကာ ကြည်နာစွာအားပေးသည်။

"မငိုပါနဲ့ သမီးရယ် မငိုပါနဲ့ ဖြစ်လာသမျှ အားလုံးဟာ အမေတို့ကံပါ"

သူမတစ်ချက်ရှိုက်ကာ အမေ့ရင်ခွင်မှာ မျက်ရည်သုတ်လိုက်၏။

"မောင်ဆက်မင်းဟန်က ဘာတဲ့လဲသမီး"

သူမ အံတစ်ချက်ကြိတ်ကာ–

"သမီးကို သူ့အကြောင်း ဘယ်တော့မှ မမေးပါနဲ့အမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် သမီးရယ်"

သူမအခန်းထဲ ဝင်ခဲ့၏။ ငို ငိုလိုက်စမ်း မြစိမ်း ဒီမျက်ရည်တွေဟာ နှလုံးသားကို အလိုလိုက်မိလို့ကျတဲ့ မျက်ရည်တွေလေ။

တစ်နေ့လုံး ငိုရှိုက်နေသမျှ ညနေခင်းမှာတော့ မိလုံးက သတိပေးလာ၏။

"မမ ဒီနေ့ပွဲရှိတယ်လေ"

ဩော် အငြိမ့်မင်းသမီးများဘဝဟာ ကိုယ့်ရင်ထဲ ဝမ်းနည်းပူဆွေး နာကျင်နေရပေမဲ့ တာဝန်အရကရဦးမှာပါလား။

သူမကို အဖွဲ့သားတွေစောင့်မျှော်နေတော့မည်။ ပြီးတော့ ပရိသတ်တွေ။

သူမအိပ်ရာမှထကာ စိတ်မပါစွာပဲ ရေချိုးအလှပြင်လိုက်သည်။ မကြာခင် ဦးလှုရတို့ကားလာခေါ်တော့မည်။

မီးရောင်အောက်မှာ နှုတ်ခမ်းတွင်အပြုံးဆင်လျက် လှပစွာက နေသောမင်းသမီးကို ပရိသတ်တွေက သဘောကျစွာအားပေးလေ၏။

ဒါပေမဲ့ သူတို့မသိတာက အဲဒီမင်းသမီးလေးရဲ့ရင်ထဲမှာ ဝမ်းနည်းပူဆွေးမှု နာကျင်မှုတွေ ဘယ်လောက်ရှိနေတယ်ဆိုတာကိုပါပဲ။

တကယ်လို့ သူတို့သာသိရင်ဖြင့်...

ဩော်... မင်းသမီးလေးကို သနားကြလေမည်လား။

* * *





"မြစိမ်း"

"ဟင် ... ရှင်"

ကာလပ်စ်မှထွက်လိုက်တာနှင့် မမျှော်လင့်ဘဲ မောင့်ကိုတွေ့လိုက်ရတာကြောင့် သူမ၏မျက်နှာလှလှလေး မျက်ဝန်းသွားသည်။

သူက သူမကိုပြုံးပြကာ–

"မြစိမ်း မောင်လေ ဒီနေ့ပဲ..."

"ဟင်... ရှင်... ရှင် ဘာလာလုပ်တာလဲ ဦးဆက်မင်းဟန်"

"ဟင် မြစိမ်း"

စိမ်းကားသောအပြောနှင့် အေးစက်သောမျက်လုံးတို့ကြောင့် သူအံ့ဩသွား၏။

"မြစိမ်း မောင့်ကို ဘယ်လိုပြောလိုက်တာလဲ"

ဘာမှ မသိချင်ယောင်ဆောင်နေသောသူ့ကို သူမစိတ်နာစွာ ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ရှင်နဲ့ကျွန်မ ဘာမှပတ်သက်စရာ အကြောင်းမရှိတော့ဘူး"

သူ ခေါင်းကိုသွက်သွက်ခါယမ်း၏။

"မဟုတ်သေးပါဘူး မြစိမ်း၊ မောင့်ကို မြစိမ်း စိတ်ဆိုးနေတာဆို ရင် မောင် တောင်းပန်ပါတယ်"

"သြော်"

တောင်းပန်ရုံနဲ့ အဖြစ်အပျက်အားလုံးကို သူမကခွင့်လွှတ် ကျေနပ်ရမတဲ့လား။ သူမ၏ လှပသောနှုတ်ခမ်းလေး မဲ့ခနဲဖြစ်သွားရ သည်။

"ကျွန်မကို တောင်းပန်စရာမလိုပါဘူး ရှင်နဲ့ပတ်သက်တာ တွေကို ကျွန်မ အားလုံးမေ့လိုက်ပြီ"

"မြစိမ်း"

အမြတမ်း ကြင်နာနူးညံ့စွာရှိတတ်သောသူမက ခုလို စိမ်း စိမ်းကားကားဆက်ဆံနေတာကို သူဆက်ပြီး မခံစားနိုင်တော့။

သို့သော် သူမကလှည့်ထွက်သွားပြီ။

"မြစိမ်း နေဦး"

"အို"

သူ ဖျတ်ခနဲ သူမလက်ကိုဆွဲကိုင်လိုက်သည်။

"လာ မြစိမ်း မောင်နဲ့လိုက်ခဲ့"

"အို မလိုက်နိုင်ဘူး ရှင် ကျွန်မလက်ကိုလွှတ်ပါ"



"မလွှတ်နိုင်ဘူး မြစိမ်း၊ မောင် မြစိမ်းနဲ့စကားတွေ အများကြီး ပြောစရာရှိတယ်"

ထိုအခါ မြစိမ်းက သူ့ကို စူးစူးစိုက်စိုက်ကြည့်၏။

"ရှင် ကျွန်မကို ဘာတွေထပ်ပြီး လှည့်စားဦးမှာလဲ ဦးဆက် မင်းဟန်"

"ဘာ ဘယ်လိုပြောလိုက်တာလဲ မြစိမ်း၊ မောင်က မြစိမ်းကို လှည့်စားတယ်"

"အဟင်း စုမှ မသိချင်ယောင်ဆောင်မနေပါနဲ့ရှင်၊ ကိုယ့်မှာ စေ့စပ်ထားတဲ့မိန်းကလေးရှိလျက်နဲ့ ရှင် ကျွန်မအချစ်ကို လိမ်ညာ ယူတယ်"

"မဟုတ်ဘူး မြစိမ်း ကိုယ် ဘယ်သူနဲ့မှ မစေ့စပ်ဘူး"

"သြော် ဒါဆို ခင်လွှန်းသီဆိုတဲ့ မမသီကရော"

"ဟင် မြစိမ်း ဒီအကြောင်းတွေ ဘယ်လိုသိလဲ"

"ဘာလဲ ကျွန်မက အညတရအမြိုမ်မင်းသမီးဆိုတော့ နား မျက်စိတွေပိတ်ပြီး ရှင်လှည့်စားတိုင်းရမယ် ထင်ခဲ့တယ်ပေါ့လေ"

"တော်စမ်း မြစိမ်း ကိုယ်နဲ့သီကို လူကြီးတွေသဘောတူထား တာမဲ့ရှိတယ်"

"ကိုယ်တို့နှစ်ယောက် နားလည်မှုယူပြီး စေ့စပ်ဖို့ကို လက်မခံ ခဲ့ဘူး"

"အို ကျွန်မ မယုံဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူမ လှစ်ခနဲပြေးထွက်ခဲ့တော့၏။

"မြစိမ်း မြစိမ်း"

သူခေါ်ပေမဲ့ မြစိမ်းက အငှားကားပေါ်တက်သွားလေပြီ။ သူခေါင်းခါယမ်းကာ ကျန်ခဲ့သည်။

မြစိမ်း သူ့ကိုအထင်လွဲနေပြီပဲ...

သူ ဘယ်လိုရှင်းပြရမလဲ။

မြစိမ်းရယ်...

"ဟင် ကိုဆက်"

သီက ထူးခြားစွာရောက်လာသောသူ့ကို အံ့ဩစွာဆီးကြို သည်။

"ကိုဆက် မျက်နှာလဲမကောင်းပါလား ဘာဖြစ်လာလဲဟင်"

သူသက်ပြင်းချကာ သီ့ကိုကြည့်၏။ အေးချမ်းသော သီ့ရုပ်သွင်က ဘယ်အချိန်မဆို ကြည်လင်နေ၏။

"ကိုယ် မြစိမ်းနဲ့စကားများလာတယ်"

"ဟင်"

"ဟုတ်တယ် သူက ကိုယ်နဲ့သီတို့ ဇာစပ်ထားတယ်လို့ အထင်လွဲနေတယ်"

"အို မဟုတ်တာ ဒါကြောင့် ကိုဆက် စိတ်ညစ်လာတာကိုး၊ ဒါများ ကိုဆက်ရယ် သီလိုက်ရှင်းပြပါ့မယ်"

သူ ခေါင်းခါယမ်းလိုက်၏။





"မလိုပါဘူး သီရယ်၊ မြစိမ်းဟာ ကိုယ့်ကိုချစ်ရင်ယုံရမှာပေါ့"

"ဒါတော့ ကိုဆက် အယူအဆလွဲပြီ"

"မြစိမ်းက တကယ်ချစ်လို့ ကိုဆက်အပေါ် သဝန်တိုတာပေါ့"

"ဟင်"

"ဟုတ်တယ် ကိုဆက် တကယ်မချစ်ဘဲ ဘယ်သူက သဝန်တို မှာလဲ၊ အဲဒါ ကိုဆက်က မြစိမ်းကိုနားလည်အောင် ရှင်းပြရမယ်"

"ဟာ ဟုတ်တယ် သူကိုယ့်ကိုသိပ်ချစ်လို့ ဒီလိုဖြစ်တာပဲ၊ သူ စိတ်ဆိုးအထင်လွဲနေတော့ ကိုယ်စိတ်ညစ်ညစ်နဲ့ သီဆီရောက်လာ တာ၊ ကဲ ကိုယ် သွားလိုက်ဦးမယ် သီ"

"ကောင်းပါပြီရှင်"

သူ့စိတ်ထဲ မြစိမ်းကို ခုချက်ချင်းတွေ့ချင်မိ၏။ အချစ်ကြီးလို့ သဝန်တိုတတ်တဲ့ကောင်မလေးကို တွေ့မှဒဏ်ပေးရဦးမယ်။

မြစိမ်းအိမ်လိုက်ပေမဲ့ မရှိ။ ပွဲရှိလို့ ကပို့သွားတယ်တဲ့။ မြစိမ်းအငြိမ့် ဘယ်မှာရှိလဲစုံစမ်းကာ သူလိုက်ခဲ့၏။

မြစိမ်းကိုတွေ့ရမှာမို့ သူ့ရင်ထဲပျော်နေသည်။

မြစိမ်းရယ်...

မောင်က မြစိမ်းကို တကယ်ချစ်တော့ မြစိမ်းမုန်းတဲ့ဒဏ်ကို မခံနိုင်ပါဘူးကွယ်။

ဒီတစ်ခါ မြစိမ်းတို့ကရတဲ့နေရာက ဝေး၏။ သူ ကားငှားခပ် သွက်သွက်မောင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူရောက်ချိန်မှာ အငြိမ့်ကနေပြီ။ ကြည့်စမ်း–

ဒီနေ့မှ ထူးထူးခြားခြား မြစိမ်းက ကျောက်စိမ်းရောင်မင်းသမီး ဝတ်စုံလေးနှင့် လှနေလိုက်တာ။

ဇာတ်စင်ပေါ်မှာ ပြုံးရယ်နေသောမြစိမ်းအသွင်က သူနှင့်တွေ့တုန်းကနဲ့ တခြားစီ။

မင်းရင်ထဲမှာ ဒီလိုပဲတကယ်ပြုံးနိုင်လို့လား မြစိမ်းရယ်။

သူမှောင်ရိပ်ထဲမှ မြစိမ်းကို ကြည်နူးချစ်မြတ်နိုးစွာ ငေးစိုက်ကြည့်မိ၏။ သူရောက်တဲ့အချိန်က ပွဲသိမ်းချိန်။

မြစိမ်း ကန့်လန့်ကာနောက်ဝင်သွားချိန်မှာ သူဇာတ်စင်နောက် ရောက်ခဲ့၏။

"မြစိမ်း"

"ရှင်"

ကျောက်စိမ်းရောင်ဝတ်စုံလေးနှင့် မြစိမ်းက အဝတ်အစားပင် မလဲရသေးပါ။ သူ့ကိုတွေ့တော့ မြစိမ်းမျက်နှာလေး ပျက်သွားသည်။

"ရှင် ရှင် ဘာကြောင့်လိုက်လာတာလဲ"

"ခြော် မြစိမ်းရယ် မောင် မြစိမ်းကို ဘယ်လောက်အထိ ချစ်တယ်ဆိုတာ သိဖို့ကောင်းပါတယ်"

"အို မကြားချင်ဘူး ဒါတွေလာမပြောနဲ့"

သူမ နားလေးနှစ်ဖက်ပိတ်ကာအော်သည်။ ထိုစဉ် ရှူးရှသော ကားမီးရောင်နှင့်အတူ ကားပေါ်မှလူတစ်ယောက် ဘွားခနဲဆင်းလာ၏။





"ဘာဖြစ်တာလဲ မြစိမ်း"

"ဟင် စိုးဒေဝါ"

မမျှော်လင့်ဘဲ စိုးဒေဝါကိုတွေ့လိုက်ရတာကြောင့် သူမအံ့ဩသွား၏။ စိုးဒေဝါက ဆက်မင်းဟန်ကို ခပ်စူးစူးတစ်ချက်ကြည့်သည်။ ထို့နောက် သူမဘက်ဆတ်ခနဲလှည့်ကာ–

"အေး ငါ ဒီနေ့ပဲပြန်ရောက်တယ် ရောက်ရောက်ချင်း နင့်နောက်ကိုလိုက်လာတာ"

"ဟင်"

"နင် ပွဲပြီးပြီမဟုတ်လား ငါနဲ့လိုက်ခဲ့တော့"

"အို"

ရုတ်ခနဲစိုးဒေဝါက သူမလက်ကိုဆွဲကာ ခေါ်သည်။ ဆက်မင်းဟန် မျက်နှာပျက်သွား၏။

"မြစိမ်း"

"မောင်"

မထင်မှတ်ဘဲ မြစိမ်းပြန်ထူးမိလိုက်စဉ်–

"ဘာ မောင်ရိတဲ့ ဟုတ်လား မြစိမ်း ဟား... ဟား"

ရုတ်တရက်စိုးဒေဝါက ခေါင်းမောရယ်၏။ ထို့နောက် ဖျတ်ခနဲ တည်ကာ ဆက်မင်းဟန်ကို စိမ်းစိမ်းကြည့်သည်။

"ဟော့ကောင် မင်း ဘယ်သူလဲ"

"အို စိုးဒေဝါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ယော့လူ မင်းသိထားဖို့က မြစိမ်းဟာ ငါနဲ့စေ့စပ်ထားတဲ့ မိန်းကလေး၊ မနက်ဖြန် ငါနဲ့ လက်ထပ်တော့မှာကွ"

"အို မဟုတ်ဘူး"

စိုးဒေဝါပြောသမျှ သူမငြင်းဆန်လိုက်၏။ စိုးဒေဝါက မြစိမ်းကို အံကြိတ်ကြည့်သည်။

"ဘာမဟုတ်တာလဲ မြစိမ်း၊ မင်း ငါ့ကို ဘယ်လိုပြောခဲ့လဲ၊ မင်း ဘယ်ကောင်နဲ့မှ မဖတ်သက်ရဘူးလို့ မင်းအတွက် ငွေသွားရှာတာ အခု ငါ့မှာ ငွေတွေပါလာပြီကွ"

"လာ လိုက်ခဲ့"

"အို မောင် မောင်"

စိုးဒေဝါဆွဲခေါ်ရာနောက်သို့ သူမရုန်းရင်းပါသွားစဉ် မောင့်ကို အားကိုးစွာခေါ်မိ၏။

ဆက်မင်းဟန်သည် မျက်နှာကြီးနီလျက်–

"ဟေ့ကောင် မင်း ခုချက်ချင်း မြစိမ်းကိုလွှတ်လိုက်စမ်း"

"ဘာကွ"

စိုးဒေဝါက ရှုးခနဲ ဆက်မင်းဟန်ကိုရင်ဆိုင်၏။

"မြစိမ်းဟာ ငါချစ်သူ ဒီတော့ မင်းထွက်သွားပါ စိုးဒေဝါ"

မြစိမ်းခေါ်သံကြောင့် ထိုလူကို စိုးဒေဝါမှန်းသိလိုက်၏။

"ဘာကွ မင်းက ဘာမို့လို့ ငါ့ကိုအမိန့်ပေးတာလဲ"

"မောင် သတိထား"





မမျှော်လင့်ဘဲ ယောက်ျားသားနှစ်ယောက်သတ်ပုတ်ကြတော့ သူမ ငေးကြောင်ကြည့်နေမိ၏။

အို… ဘာတွေဖြစ်ကုန်တာလဲ

သူမ မသိတော့ပါ။

ထိုစဉ် စိုးဒေဝါလက်ထဲမှာ လက်ခနဲမြင်လိုက်ရစဉ်–

"မောင် သတိထား… ဓား… အ"

သူ့ကိုယ်စားပြေးကာ ဝင်ခံလိုက်သော မြစိမ်း၏ရင်ဝတည့်တည့်သို့ ဓားစိုက်ဝင်သွားလေပြီ။ ဆက်မင်းဟန်က မြစိမ်းကိုထွေးလိုက်၏။

သူ့ရင်နာစွာခေါ်မိစဉ် မြစိမ်းရင်ဘတ်မှ သွေးတွေစီးဆင်းလာသည်။

"မောင်"

မြစိမ်းအသံ တိုးတိုးလေးထွက်ပေါ်လာ၏။

"မြစိမ်း မင်း… မင်း မသေရဘူး မြစိမ်း"

"မောင်ရယ်"

မြစိမ်းက နာကျင်မှုကြားမှ ယှဲယှဲပြုံး၏။

"မြစိမ်း ကျေနပ်ပါတယ် မောင် မောင့်အတွက်နဲ့မို့လေ"

"မြစိမ်း မောင် မောင် ဘာလုပ်ရမလဲဟင်"

"မောင် မောင့်ကို မြစိမ်းသိပ်ချစ်ပါတယ်ကွယ် ဘဝကယ်တင်မှာ မြစိမ်းဟာ သံသရာတစ်လျှောက်လုံး မောင့်ကိုချစ်လာခဲ့ဘ"



www.burmeseclassic.com

www.burmeseclassic.com



"မြစိမ့်းရယ်"

သူ မျက်ရည်တွေစီးကျလာ၏။

"မငိုပါနဲ့ မောင်ရယ် အား... ကျွတ်... မောင်... မောင် မြစိမ်းအတွက် အမှျဝေပေး"

"မြစိမ်း"

မြစိမ်းက သူ့ရင်ခွင်မှာ ခေါင်းလေးငိုက်စိုက်ကျသွားရှာပြီး သူ့အတွက် လောကကြီးတစ်ခုလုံး မှောင်မည်းသွားသလိုပါပဲ။ သူ ဘာမှမသိတော့။

* * *





"ဟော သူ သတိရလာပြီ"

နားထဲမှာ စကားသံသဲ့သဲ့ကြောင့် သူ့ခေါင်းထဲရှိ ဝေနေရာမှ ကြားလိုက်ရသည်။

"ကိုဆက် ကိုဆက်"

ဒီခေါ်သံမျိုး သူကြားဖူး၏။ သူနဲ့ရင်းနှီးသောအသံ မြစိမ်းခေါ်သံများလား မဟုတ်ဘူး မြစိမ်းက သူ့ကို မောင်လို့ခေါ်တာပဲ။

ထို့ကြောင့် သူမျက်လုံးကို အားယူဖွင့်ကြည့်လိုက်တော့–

"ဟင် သီ"

သီက မိုးရိပ်သောမျက်နှာလေးဖြင့် သူ့ကိုကြည့်သည်။

"ကိုဆက် သတိရလာပြီနော်"

"အင်း"

သူ အခန်းထဲမှာဝဲကြည့်လိုက်တော့ ဒက်ဒီနှင့်အတူ အန်ကယ် ဦးမြသိန်းကိုပါ တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော သား သတိရလာပြီလား"

ဒက်ဒီကပြုံးလျက် သူ့ကိုမေး၏။

"ဟုတ်ကဲ့ ဒက်ဒီ"

သူဖြေရင်း တစ်စုံတစ်ခုကိုရှာ၏။ မြစိမ်းရော၊ ဟင် မြစိမ်းမှ မရှိတော့ဘဲ-

မြစိမ်း မြစိမ်း သူ့ကြောင့်သေရတာ၊ သူ့ရင်ထဲ လှိုက်ခနဲနာကျင်လျက် အိပ်ရာမှလူးလဲထလိုက်၏။

"အို ကိုဆက် မထနဲ့ဦးလေ"

"ဟုတ်တယ် ဆရာဝန်က သားကိုအနားယူဖို့ ပြောထားတယ်"

"သားဒက်ဒီပြောတာ မှန်တယ် မောင်ဆက်မင်းဟန်ရဲ့"

အန်ကယ်ဦးမြသိကပါ ဝင်ပြော၏။

"မဟုတ်ဘူး ဒက်ဒီ မြ မြစိမ်းရော"

"ဟင်"

"အို"

သူ့အမေးကြောင့် အခန်းထဲရှိလူအားလုံး မျက်နှာပျက်ကုန်၏။ နောက်မှ သီက သူ့ကိုနှစ်သိမ့်သလို ပြုံးပြကာ-

"ကိုဆက်ရယ် ဘာတွေမေးနေတာလဲ"

"ကိုဆက် နေကောင်းသေးတာမဟုတ်ဘဲနဲ့ ဘာမှမတွေးနဲ့ အေးအေးဆေးဆေး အနားယူနော်"

သူ ခေါင်းခါယမ်းလိုက်၏။





"မဟုတ်ဘူး သီ ကိုယ် ကိုယ် ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲ"

"ကိုဆက်တစ်ယောက်တည်းလဲနေတာ တွေ့လို့ခေါ်လာတာ"

"ဟင် ဒါဆို မြစိမ်းတို့ရော"

"ကိုဆက်ကလဲကွယ်"

သီ မျက်နှာလေးညှိုးသွားစဉ် အခန်းထဲသို့ ဂျူတီကုတ်ဝတ်ထားသော လူတစ်ယောက်ဝင်လာ၏။

"ဟော ဆရာဝန်လာပြီ"

သီ၏စကားအဆုံး ဆရာဝန်အနားရောက်လာသည်။

"လူနာ သတိရလာပြီလား"

"ဟုတ်ကဲ့ ဒေါက်တာ"

"ဘယ်လိုလဲ ကိုဆက်မင်းဟန် နေသာရဲ့လား"

"ဗျာ ဟုတ်ကဲ့"

ဆရာဝန်က သူ့ကိုစမ်းသပ်စစ်ဆေး၏။ ထို့နောက် ခေါင်းတညိတ်ညိတ်ဖြင့် ကျေနပ်ဟန်ပြုသည်။

"အင်း Restကောင်းကောင်းလုပ်ရင် ပုံမှန်အတိုင်း ဖြစ်လာမှာပါ၊ ဒြော် ကိုဆက်မင်းဟန် ဒီကြားထဲ ခေါင်းကိုဘာမှ အလုပ်မပေးပါနဲ့ စိတ်လဲအေးအေးထားပါ"

"ဟဲ ဟဲ ကိုဆက်မင်းဟန်က ရှေးဟောင်းပစ္စည်းတွေစုတာ ဝါသနာပါတယ်ဆိုတော့ ရှေးဟောင်းပစ္စည်းတွေ အလွန်စိတ်ဝင်စား-



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတော့ သူတို့ရဲ့အတိတ်ရာဇဝင်တွေကို လိုက်ရှာရင်းနဲ့ တစ်ခါတလေ ကိုယ်ပါ ရှေးဟောင်းအတိတ်ထဲရောက်သွားမှာ စိုးရိမ်ရတယ်ဗျ ဟား ဟား"

ထို့နောက် ဆရာဝန်ထွက်သွားရာသို့ ဒက်ဒီတို့လူကြီးနှစ်ဦး လိုက်သွားကြ၏။ သူ့အနားမှာ သိတစ်ယောက်တည်းကျန်ခဲ့သည်။

"သိ"

"ဘာလဲ ကိုဆက် ဘာလိုချင်လို့လဲဟင်"

"မဟုတ်ဘူး သိ ကိုယ်မေးချင်လို့"

"အို ကိုဆက်ကို ဆရာဝန်ပြောထားတယ် မဟုတ်လား၊ ဘာမှ စဉ်းစားမနေနဲ့လို့၊ ကဲ ကိုဆက်အနားယူလိုက် သိ ကိုဆက်အတွက် စားဖို့တစ်ခုခု သွားလုပ်လိုက်ဦးမယ်"

သိထွက်ခွာရာသို့ သူငေးစိုက်ကြည့်မိ၏။ တကယ ့တော့ သူ ဘာမှ မမေးစေရန် ရှောင်ထွက်သွားခြင်းပါ။

ဟင်း...

သူ သက်ပြင်းချရုံမှတစ်ပါး ဘာမှမတတ်နိုင်တော့ပါ။

မြစိမ်း...

စိုးဒေဝါ...

သူတို့ ဘယ်မှာလဲ...

သူ့ကိုတစ်ယောက်တည်းလဲနေတာ တွေ့သည်ဟု သိပြောခဲ့၏။ ဒါဆိုရင် သူတို့ရော...





ထိုစဉ် စကားတီးတိုးသံတွေ ကြားရ၏။ သူ နားစိုက်ထောင်လိုက်တော့–

"ခင်ဗျားသားက ရှေးဟောင်းပစ္စည်းတွေစုရင်း သူ့ကိုယ်သူ ရှေးဟောင်းအတိတ်ထဲ ရောက်သွားပုံပဲဗျ"

"အေးဗျာ ကျုပ်လဲ သူ့အတွက်စိုးရိမ်နေခဲ့တာ အင်း ခုလို နေပြန်ကောင်းလာတာပဲ ကျေးဇူးတင်ရမယ်"

"ဒါနဲ့ သူမေးနေတဲ့ မြစိမ်းဆိုတာက"

"အိုဗျာ သူ့စားပွဲပေါ်က ကျောက်စိမ်းရုပ်တုလေးကိုပြောတာ နေမှာပေါ့၊ ရှူး... ဒီအကြောင်းတွေ မပြောတော့နဲ့ဗျာ"

ထို့နောက် လူကြီးနှစ်ယောက် အခန်းထဲဝင်လာ၏။ သူမျက်လုံးစုံမှိတ်ကာ အိပ်ချင်ယောင်ဆောင်နေလိုက်တော့သည်။ သူ့ရင်ထဲမှာတော့ မြစိမ်းကိုသာ တမ်းတနေမိသည်။

မောင့်ကို သံသရာတစ်လျှောက်လုံး မြစိမ်းချစ်ခဲ့ရတာပါ...

မောင်ရှိရာကို မြစိမ်းဟာ အမြဲလိုက်ရှာနေရသူပါ မောင်ရယ်...

ခြော် မြစိမ်းရယ်...

သူ့ရင်ထဲ ဗလိုက်လှိုက်ဆို့တက် နာကျင်လာ၏။

ထို့နောက် စားပွဲပေါ်သို့ လှမ်းကြည့်လိုက်တော့–

မြစိမ်း

လှပ၍ အချိုးအစားပြေပြစ်လွန်းသော ရုပ်တုလေးက သူ့ကို ပြုံးယောင်ယောင်လေးစိုက်ကြည့်နေပါလား။



www.burmeseclassic.com

www.burmeseclassic.com



သူနေရာမှထကာ ကျောက်စိမ်းရုပ်တုလေးကို စိုက်၍ကြည့်မိလေသည်။

ကြည့်စမ်း။

မြစိမ်းမှ မြစိမ်းအစစ်ပါလား။

မျက်တောင်ကော့ကော့တွေ တဖျတ်ဖျတ်လှုပ်ကာ ယခုပဲ အသက် ဝင်လာတော့မည့်ဟန်။

သူ ညင်သာစွာဖြင့် ကျောက်စိမ်းရုပ်တုလေး၏မျက်နှာကို ဖွဖွပွတ်မိခိုက်–

ဟာ...

တစ်ခန်းလုံး သင်းပျံ့မွှေးကြိုင်လာကာ သူ့ခေါင်းတို့ရီဝေလာလျက် မျက်တောင်များ မှေးစင်းလာရတော့၏။

ည...

တိတ်ဆိတ်လွန်းသောည...

လူသားအားလုံး နှစ်ခြိုက်စွာအိပ်ပျော်နေချိန်တွင် ထူးခြားသော အဖြစ်အပျက်တစ်ခုကို တွေ့ရလေသည်။

ထိုအရာကတော့ စားပွဲပေါ်မှ ကျောက်စိမ်းရုပ်တုလေး၏ မျက်တောင်များ တဖျပ်ဖျပ်လှုပ်လာလျက် လှပသောမျက်ဝန်းအစုံမှ မျက်ရည်တို့စီးကျလာတာကို- ဘယ်သူမှ မတွေ့လိုက်ရ။

တကယ်လို့ တစ်စုံတစ်ယောက်သာတွေ့ခဲ့ပါမူ ကျောက်ရုပ်လေးငိုနေတာကို ဆန်းကြယ်အံ့သြစွာတွေ့ရမည်ဖြစ်၏။





နောက်တစ်နေ့မနက်တွင်မူ စားပွဲပေါ်မှကျောက်ရုပ်လေးသည် ဆန်းကြယ်စွာပျောက်ဆုံးသွားလေ၏။

ထိုကျောက်စိမ်းရုပ်တုလေးကို ဘယ်မှာမှ ရှာလို့မတွေ့တော့ပါ။

ထိုညက ကျောက်ရုပ်လေးငိုနေတာကို မည်သူမျှ မသိလိုက်ပေ။

စာဖတ်သူပရိသတ်အပေါင်း

ချမ်းမြေ့ပါစေ

ရွှေအခူလီ



www.burmeseclassic.com